မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
■ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်  ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ အင်္ဂါနေ့၊  အတွဲ [၅၄]၊ အမှတ် [၁၀၃]

**အရိယ သစ္စာန ဒဿနံ**
**တေံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

# ပြည်သူများတွင် လိုအပ်ချက်များစွာရှိနေနိုင်ပြီး ထိုလိုအပ်ချက်များကို အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်

စာမျက်နှာ-၃

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ လေးဖွဲ့မှ ခေါင်းဆောင်များအား တွေ့ဆုံ



**“ရွေးကောက်ပွဲမတိုင်မီ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဆွေးနွေး”**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးဇက(၅၀၀) စံပြစိုက်ခင်းအတွင်းရှိ အဆင့်မြင့် သစ်သီးဝလံအအေးခန်းနှင့်ထုပ်ပိုးစက်ရုံ၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့လေးဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဦးရဲထွဋ်၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့်အဖွဲ့ဝင်များ၊ KNU/ KNLA (ငြိမ်းချမ်းရေးကောင်စီ)မှ စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်စောရင်နုနှင့် အဖွဲ့ဝင်များ၊ DKBA မှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်စောမိုးရှေးနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ဗိုလ်မှူးကြီးစိုင်းလနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ရွေးကောက်ပွဲမတိုင်မီ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးပွဲကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူသားချင်းစာနာမှု အကူအညီ

လွန်ခဲ့သည့် ဇူလိုင်လလယ်မှစတင်ကာ မြန်မာနိုင်ငံတစ်ဝန်းမိုးအဆက်မပြတ်ရွာသွန်းခဲ့သောကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အများစုတို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ လူဦးရေထောင်ပေါင်းများစွာတို့ ရေဘေးဒုက္ခကြုံတွေ့ခဲ့ပေသည်။ ရေဘေးကြုံပြည်သူအများအပြား စားရေး၊ နေရေး၊ ကျန်းမာရေးအစရှိသဖြင့် အကူအညီများ လိုအပ်လျက်ရှိပါသည်။ အကူအညီများကို နိုင်ငံတော်အပိုင်းကထောက်ပံ့ပေးနေမှုများရှိသလို တစ်သီးပုဂ္ဂလအလှူရှင်များ၊ အသင်းအဖွဲ့များကလည်း သွားရောက်လှူဒါန်းလျက်ရှိပါသည်။

ရေဘေးဒုက္ခသည်ပြည်သူအများစုအနေဖြင့် မကြုံစဖူး ထူးကဲသော မိုးရွာသွန်းမှုများကြောင့် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရပါသည်။ ၎င်းတို့၏ဆုံးရှုံးနစ်နာမှုများမှာလည်း များပြားလှပါသည်။ အိမ်တွင်းပစ္စည်းများ၊ လယ်ယာကိုင်းကျွန်းကောက်ပဲသီးနှံများ ဆုံးရှုံးနစ်နာခဲ့ရပါသည်။ ယခုအခါလူသားချင်းစာနာမှုအကူအညီများ လိုအပ်လျက်ရှိပါသည်။ လူသားချင်းစာနာမှုအကူအညီများကို နိုင်ငံတော်အပိုင်းက ထောက်ပံ့ပေးနေရုံမျှဖြင့် လုံလောက်နိုင်မည်မဟုတ်ပါ။ ပုဂ္ဂလိကပြည်တွင်းလုပ်ငန်းရှင်များ၏အကူအညီများ၊ နိုင်ငံတကာအလှူရှင်များ၏ အကူအညီများပါ လိုအပ်လျက်ရှိပါသည်။

သို့ရာတွင် အကူအညီများသည် ရေဘေးကြုံတွေ့နေရသောပြည်သူများထံ အမှန်တကယ်ရောက်နိုင်ဖို့လိုပါသည်။ ယခုတိုင်နေရာအချို့၌ ရေဘေးအကူအညီများ တစ်ခုမျှ ရောက်လာခြင်းမရှိသေးကြောင်း ပြောဆိုနေသံများ ကြားနေရပါသည်။ လူသားချင်းစာနာမှုအကူအညီများသည် မဖြစ်မနေ ကူညီပေးရမည်ဖြစ်သလိုမြန်မြန်ဆန်ဆန်ရောက်ဖို့လည်း လိုအပ်မည်ဖြစ်ပါသည်။

လူတစ်ဦးချင်းစီ၏ နေ့စဉ်အသုံးအဆောင်များသည် များပြားပါသည်။ အထူးသဖြင့် စားဝတ်နေမှုများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် အစားအသောက်များ လိုအပ်လျက်ရှိပါသည်။

မိုးသည် ရွာသွန်းဆဲဖြစ်ပါသည်။ မုန်တိုင်းဘေးမှ လွတ်မြောက်ခဲ့ပြီဖြစ်သော်လည်း မိုးသည် အဆက်မပြတ် ရွာသွန်းလျက်ရှိခြင်းကြောင့် ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိပါသည်။ ရေဘေးသင့်ပြည်သူအများအပြား ကယ်ဆယ်ရေးစခန်းအသီးသီး၌ရှိနေကြဆဲဖြစ်ပါသည်။ ပြည်သူများ၏အကူအညီကို စောင့်မျှော်လျက်ရှိပါသည်။

သဘာဝဘေးကို မည်သူမျှ မလွန်ဆန်နိုင်ပါ။ ဖောက်ပြန်လာသော ရာသီဥတုကြောင့် ဆိုးရွားသည့်သဘာဝဘေးဒဏ်ကို ရင်ဆိုင်ကြရပါသည်။ သဘာဝဘေးဒဏ်ခံစားနေရသော ပြည်သူများ၏ခံစားချက်များကို ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကူညီမှုများဖြင့်ဖြေလျှော့နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ လူတစ်ဦးချင်းမှအစ စေတနာရှင်ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အစရှိသဖြင့် လူသားချင်းစာနာမှု အကူအညီများဖြင့် ဝိုင်းဝန်းကူညီပေးကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။

မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။

မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု

လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ငမိုးရိပ်ရေလှောင်တမံ ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးဘဲ ခိုင်ခံ့ကောင်းမွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၏ ရေပြည့်အမှတ်သို့ ရောက်ရှိရန်အမြင့် လေးလက်မခန့်လိုအပ်ပြီး သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီပါက ရေပိုလွှဲမှတစ်ဆင့် ယခင်နှစ်များကကဲ့သို့ ရေထုတ်လွှတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၁၈၀၀၀၀၊ လက်ရှိရေလှောင်ပမာဏမှာ ဧကပေ ၁၇၇၀၀၀ ဖြစ်ပြီး ရေလှောင်တမံ၏အမြင့်မှာ ပေ ၁၂၀၊ ကန်ရေပြည့်ရေအမှတ်မှာ ၁၀၇ ပေနှင့် လက်ရှိရေအမှတ်မှာ ၁၀၆ ဒသမ ၇ ပေဖြစ်၍ ကန်ရေပြည့်အမှတ်သို့ ရောက်ရှိရန် ၀ ဒသမ ၃ ပေ လိုအပ်ပြီး ရေပိုလွှဲမှ ရေထုတ်လွှတ်မှုနှင့် ရေကျော်ကျမှုများမရှိကြောင်း၊ ရေလှောင်ပမာဏနှင့် ဆည်တာတမံကြံ့ခိုင်မှုအတွက် ရေကင်းများချထားပြီး စောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေလှောင်တမံမှာ ခိုင်ခံ့ကောင်းမွန်ပြီး စိုးရိမ်ဖွယ်မရှိကြောင်း ယနေ့ညနေ ၄ နာရီ တိုင်းထွာချက်အရ သိရသည်။



ငမိုးရိပ်ရေလှောင်တမံတွင် သတ်မှတ်ရေလှောင်ပမာဏထက် ပြည့်မီပါက ရေပိုလွှဲမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ ရေထုတ်လွှတ်ခြင်းနှင့် ရေကျော်ခြင်းများရှိခဲ့ရာ ရေလှောင်တမံ ဆောက်လုပ်ပြီးစီးခဲ့သည့် ၁၉၉၅-၁၉၉၆ ခုနှစ်မှစ၍ ယမန်နှစ်ကအထိဖြစ်ကြောင်း၊ ဒီရေတက်မှုနှင့် တိုက်ဆိုင်ချိန်များတွင် ချောင်းတစ်လျှောက် ဝဲ/ယာ၌ ရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

ငမိုးရိပ် ရေလှောင်တမံသည် ရန်ကုန်မြို့တော်အတွက် တစ်နေ့လျှင် ရေဂါလံ သန်း ၉၀ ကျော် ပို့လွှတ်ပေးလျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ဒဂုံမြို့သစ်မြို့နယ်များရှိ လယ်ဧက ၃၀၀၀၀ ကျော် ရေရရှိရေးအတွက်လည်း ဖြန့်ဝေပေးလျက်ရှိသည်။

**(သတင်းစဉ်)**

# ရာသီဥတုဆိုင်ရာ အထူးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ငါးလုပ်ငန်းဆိုင်ရာ အကြံပေးကော်မတီဝင်၊ မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က **မြန်မာနိုင်ငံ၏ လက်ရှိကြုံတွေ့လျက်ရှိသည့် ရာသီဥတုဆိုင်ရာ အထူးဟောပြောပွဲ**ကို ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမများ၌ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ လုပ်ငန်းဆိုင်ရာအသင်းများ၏အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၃-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၉.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၈.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂.၉၂ |

ခင်ရတနာ-စုစည်းသည်။

၂၇-၇-၂၀၁၅ မှ ၃၀-၇-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၆၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၆၆ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

## တွေ့ဆုံ ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ လေးဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)



# ပြည်သူများတွင် လိုအပ်ချက်များစွာရှိနေနိုင်ပြီး ထိုလိုအပ်ချက်များကို အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်



နေပြည်တော် ဩဂုတ် ၃

**မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် ဒေသများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့အစည်းအဝေးခန်းမဌကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ရှေးဦးစွာ နိုင်ငံတော်သမ္မတက ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုနှင့် မုန်တိုင်းဝင်ရောက်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ရေကြီးရေလျှံမှု အများဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း။

သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ပြည်သူများ၏ အသက်အန္တရာယ်ကင်းရှင်းရေးကို ဦးစွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်သွားရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် ဆေးဝါး၊ အစားအစာ၊ အဝတ်အထည်၊ စောင်စသည့် အခြေခံအသုံးအဆောင်ပစ္စည်းများအထိ ကူညီထောက်ပံ့ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများတွင် လိုအပ်ချက်များစွာရှိနေနိုင်ပြီး ထိုလိုအပ်ချက်များကို အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။



သဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယ သမ္မတ ဦး ညဏ် ထွန်း ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်း၊ အဆောက်အအုံများ၊ ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်များ ပြန်လည်ကာ ပြင်ဆင်ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးနှင့်ပတ်သက်၍လည်း လိုအပ်သော စောင့်ရှောက်မှုများကို လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများ၏ ဆုံးရှုံးသွားသော မိုးစပါးများ၊ ကျွဲနွားများ စသည့်ပျက်စီးဆုံးရှုံးမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းရယူပြီး အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် ပြည်သူများသည် ကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေအိမ်များသို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း စိုက်ပျိုးရန်၊ စားသောက်ရန်၊ နေထိုင်ရန်အတွက် ပြန်လည်ဆောင်ရွက်ရမည့် လိုအပ်ချက်များစွာရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် လူသားချင်းစာနာထောက်ထားသည့် စိတ်ဓာတ်၊ မိမိနိုင်ငံသားချင်း ရိုင်းပင်းကူညီသည့် မျိုးချစ်စိတ်ဓာတ်၊ တာဝန်သိသည့် စိတ်ဓာတ်တို့ဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝများကို အချိန်တိုအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်အောင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ကာ ရေဘေးသင့်ဒေသများ မူလအခြေအနေ အမြန်ဆုံး ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကူညီကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ထပ်မံဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များနှင့် စီမံဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် ဒေသများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိ တရုတ်သံရုံးမှ အမေရိကန်ဒေါ်လာ သုံးသိန်းခန့်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများအား ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃**

ဇူလိုင် ၂၉ ရက်က သံအမတ်ခန့်အပ်လွှာ လက်ခံရယူခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာဟုန်လျံသည် ဩဂုတ် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်လှူဒါန်းသည်။



ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးသည် အမေရိကန်ဒေါ်လာသုံးသိန်းခန့် (ငွေကျပ်သိန်းသုံးထောင့်ခုနစ်ရာ)ခန့် တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများအား စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား လှူဒါန်းမည်ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာဟုန်လျံက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးဝန်ထမ်းများကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ဒေသသို့ လာရောက်ရခြင်းမှာ တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူလူထု၏ ဆန္ဒအရဖြစ်ပြီး ရေဘေးသင့်ပြည်သူများအား တရုတ်အစိုးရနှင့် ပြည်သူတို့၏ အားပေးနှစ်သိမ့်မှုကို အမြန်ဆုံးလာရောက်ပြောကြားခြင်းပင်ဖြစ်ကြောင်း၊ ယခုခရီးစဉ်တွင် တွေ့မြင်ခဲ့ရသည့် အခြေအနေများအား တရုတ်အစိုးရထံ အမြန်အစီရင်ခံ တင်ပြသွားမည်ဖြစ်ကြောင်း၊ တရုတ်အစိုးရသည် မြန်မာအစိုးရနှင့် ရေဘေးသင့်ပြည်သူတို့၏ လိုအပ်ချက်အရ ရေဘေးသင့်ဒေသများသို့ အကူအညီပေးအပ်ရာတွင် ဘေးအန္တရာယ်ခန့်မှန်းခြင်း၊ သုံးသပ်ခြင်း၊ ရေဘေးသင့်ဒုက္ခသည်များ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့်ဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

မြန်မာအစိုးရ၏ ခိုင်မာသောဦးဆောင်မှု၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုက်အဝန်းတို့၏ စေတနာရှိရှိ ကူညီမှုများကြောင့် ဤသဘာဝဘေးဒုက္ခအား ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ကလေးမြို့ လေဆိပ်ခန်းမဆောင်၌ သတင်းမီဒီယာများအား ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရေဘေးသင့် အိမ်ထောင်စု ၁၅၄၅ စုအား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ သရေစာမုန့်၊ ခေါက်ဆွဲထုပ်၊ သောက်ရေသန့်၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်၊ ဂတ်စ်မီးဖိုအသေး၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ဆပ်ပြာ၊ ကြိုး၊ အဝတ်အစားများနှင့် ဆေးအစရှိသည့် နေ့စဉ်သုံးပစ္စည်းများ လှူဒါန်းခဲ့သည်။

ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ဩဂုတ် ၄ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရေဘေးသင့်အိမ်ထောင်စုနှစ်သောင်းအား ရေဘေးသင့်အရေးပေါ်အကူအညီပစ္စည်းများ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး မစ္စတာဟုန်လျံသည် ယနေ့နံနက်ပိုင်းက အောင်ဇေယျရိပ်သာအစည်းအဝေးခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မင်းနောင်တို့နှင့်တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာဟုန်လျံ၏ ကလေးမြို့ ရေးဘေးကယ်ဆယ်ရေးခရီးစဉ်တွင် ပြည်တွင်းပြည်ပ သတင်းမီဒီယာ ၁၈ ဖွဲ့မှ သတင်းထောက် ၃၅ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေလွှမ်းခံရသော မိုးစပါးခင်းများအတွက် မျိုးစပါးများအသင့်စုဆောင်းထားရှိပြီး အချိန်မီဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံတစ်ဝန်း လက်ရှိဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများတွင် ရေလွှမ်းမိုးခြင်းခံရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားများ၏ မိုးစပါးခင်းများ၌ လိုအပ်သောမျိုးစပါး၊ မျိုးစေ့များကို အသင့်စုဆောင်းထားရှိခဲ့ပြီး ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေးကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ဖြန့်ဖြူးပေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း ရေကျဆင်းသွားခဲ့သော ကျေးရွာ ၁၉ အုပ်စု၊ တောင်သူ ၂၁၃၅ ဦးတို့ကို မျိုးစပါး ၁၀၁၇၁ တင်းကို နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေဖြင့် ဩဂုတ် ၂ ရက်အထိ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ကျန်ရှိသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီးတွင် ၂၄၉၇၅ တင်း၊ မကွေးတိုင်းဒေသကြီးတွင် တင်း ၁၅၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၄၄၉၈၆၆ တင်း၊ ရခိုင်ပြည်နယ်တွင် တင်း ၁၄၅၅၀၊ မွန်ပြည်နယ်တွင် တင်း ၁၆၃၂၀၊ ကချင်ပြည်နယ်တွင် တင်း ၁၇၅၀၊ မန္တလေးတိုင်းဒေသကြီးတွင် တင်း ၁၈၆၅၀၊ ရှမ်းပြည်နယ်တွင် ၁၄၁၈၂ တင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တင်း ၅၅၀၀ နှင့် ကရင်ပြည်နယ်တွင် တင်း ၅၀၀ တို့ကို အသင့်စုဆောင်းထားရှိပြီး ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ဧက ပြည့်မီရေးနှင့် တစ်ဧကအထွက်နှုန်း မကျဆင်းစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့သည် ရေကျဆင်းမှုအပေါ် မူတည်ပြီး ထွန်ယက်ရေး၊ မျိုးဖြန့်ဖြူးရေး၊ အချိန်မီစိုက်ပျိုးနိုင်ရေးတို့ကို အမြန်ဆုံး အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## နိုင်ငံတကာသတင်း

# အိန္ဒိယ၌ ရေလွှမ်းမှုကြောင့် လူ ၈၁ ဦးထက်မနည်း သေဆုံး

**နယူးဒေလီ ဩဂုတ် ၃**

ဂူဂျာရတ်၊ ရာဂျတ်စ်သန်၊ အနောက်ဘင်ဂေါနှင့် အိုဒီရှာ ပြည်နယ်များ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများအဆိုးရွားဆုံးဖြစ်ပေါ်ပြီး လူပေါင်း ၈၁ ဦးသေဆုံးခဲ့သည်။ အခြားလူဦးရေ ၈၀ ကျော် ဒုက္ခခံစားခဲ့ကြရသည်။

အနောက်ဘင်ဂေါ၌ ၄၈ ဦး၊ ရာဂျတ်စ်သန်၌ ၂၈ ဦးနှင့်အိုဒီရှာ၌ ငါးဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

အနောက်ဘင်ဂေါ ခရိုင် ၁၂ ခုအတွင်း ကျေးရွာပေါင်း ၉၆၉၁ ရွာ ရေလွှမ်းခံရပြီး စုစုပေါင်း ၃၆၉၀၆၂၇ ဦး၊ ဂူဂျာရတ်၌ လူပေါင်း ၄၀ နှင့် အိုဒီရှာ၌ ၄၈၀၃၉၉ ဦး ဒုက္ခခံစားခဲ့ရကြောင်း သိရသည်။

အနောက်ဘင်ဂေါရှိ ဒေသအသီးသီး၌ ရေနစ်မြုပ်ခြင်း၊ မြွေကိုက်ခံရခြင်း၊ နံရံများပြိုကျခြင်း၊ ဓာတ်လိုက်ခံရခြင်းတို့နှင့် မိုးကြိုးစက်ကွင်းမိ၍ လူပေါင်း ၄၈ ဦးသေဆုံးခဲ့ရသည်။

ဆိုင်ကလုန်းမုန်တိုင်း ကိုမန်ကြောင့် အနောက်ဘင်ဂေါရှိ ခရိုင်အများစုမှာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုများ ကြုံရကြောင်း အစိုးရက ပြောသည်။

ပြည်နယ်အစိုးရက လှေအစင်းပေါင်း ၁၂၁ စင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ စုစုပေါင်း ကျွဲနွားတိရစ္ဆာန် ၅၆၇၂ ကောင်တို့သည် ရေနစ်မြုပ်ခဲ့သည်။ ဒေသအစိုးရက ကယ်ဆယ်ရေးစခန်းပေါင်း ၁၅၃၇ ခုပြုလုပ်ပေးကာ လူဦးရေပေါင်း ၂၁၄၃၀၆ ဦးကို နေရာချထားပေးခဲ့ကြောင်း သိရသည်။

**(ပီတီအိုင်)**



# တရုတ်၌ မုန်တိုင်း တိုက်ခတ်မည့် သတင်းထုတ်ပြန်

**ပေကျင်း ဩဂုတ် ၃**

တရုတ်နိုင်ငံ မိုးလေဝသဌာနက နောက် ၂၄ နာရီအတွင်း တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများနှင့် တောင်ပိုင်းအချို့ ဒေသများတွင် မိုးသက်မုန်တိုင်း ကျရောက်မည့် သတင်းထုတ်ပြန်ချက်ကို ဩဂုတ် ၂ ရက် ညနေပိုင်းက ထုတ်ပြန်ခဲ့သည်။

ကွမ်ရှီး၊ ရှန်ကျီး၊ ဟီဘေ၊ ရှန်ဒေါင်း၊ လျောင်နင်းနှင့် ယူနန်ဒေသများတွင် ဩဂုတ် ၂ ရက်မှ ၃ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ကြောင်း အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းခဲ့သည်။

**(ဆင်ဟွာ)**



# နီပေါတွင် ရေလွှမ်း၊ မြေပြိုမှုများကြောင့် လူအများဒုက္ခရောက်

**ခတ္တမန္ဒူ ဩဂုတ် ၃**

ပြီးခဲ့သောနှစ်လအတွင်း နီပေါနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှု၊ မြေပြိုမှုများဖြစ်ပေါ်ပြီး လူပေါင်း ၉၀ ထက်မနည်း သေဆုံးကြောင်း အာဏာပိုင်များက ပြောသည်။

တနင်္ဂနွေနေ့က လွှတ်တော်၌ တင်ပြသည့် သတင်းအရ သဘာဝဘေးအန္တရာယ်ကြောင့် နီပေါနိုင်ငံတစ်ဝန်းတွင် အိမ်ပေါင်း ၁၁၇ လုံး၊ တံတားလေးစင်း၊ ကျောင်းတစ်ကျောင်း ပျက်စီးခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ဘန်ဒေဂေါ်တန်က ကက်စ်ကီနှင့် တပ်လီဂျန်ခရိုင်အတွင်း၌ မြေပြိုမှုအများအပြား ဖြစ်ပွားပြီး လူပေါင်းများစွာနှင့် အိုးအိမ်ပစ္စည်းများ ပျက်စီးခဲ့ရကြောင်းပြောသည်။

**(ပီတီအိုင်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်စပ်လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံတစ်ဝန်း ယခုရက်သတ္တပတ်များအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လျက်ရှိပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် နိုင်ငံတော်သမ္မတရုံးက ဇူလိုင် ၃၁ ရက်တွင် ကြေညာခဲ့ပါသည်။

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများမှ အဆိုပါ သဘာဝဘေးအန္တရာယ်ဒဏ်ခံနေရသည့် ဒေသများသို့ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ ပေးအပ်လှူဒါန်းလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

**(က) ဦးကျော်မိုးထွန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်**
**စီးပွားရေးဦးစီးဌာန**
**တယ်လီဖုန်းအမှတ်- ၀၆၇-၄၁၂၀၅၆၊**
**၀၉-၂၅၄၁၂၀၉၄၃**
**Email:floodassistance.mofa@gmail.com**

**(ခ) ဒေါ်မွေးမွေးခိုင်**
**ညွှန်ကြားရေးမှူး**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်**
**စီးပွားရေးဦးစီးဌာန**
**တယ်လီဖုန်းအမှတ်-၀၆၇-၄၁၂၃၅၄၊**
**၀၉-၅၁၅၄၈၉၈**
**Email:floodassistance.mofa@gmail.com**

**(ဂ) ဒေါ်အိအိတင်**
**ညွှန်ကြားရေးမှူး**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်**
**စီးပွားရေးဦးစီးဌာန**
**တယ်လီဖုန်းအမှတ်-၀၆၇-၄၁၂၅၀၉၊**
**၀၉-၂၅၄၁၉၁၄၄၂**
**Email:floodassistance.mofa@gmail.com**

**(ဃ) ဦးသန့်စင်**
**ညွှန်ကြားရေးမှူး**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်**
**စီးပွားရေးဦးစီးဌာန**
**တယ်လီဖုန်းအမှတ်-၀၆၇-၄၁၂၃၅၂၊**
**၀၉-၂၆၁၁၅၇၉၅၀**
**Email:floodassistance.mofa@gmail.com**

**နိုင်ငံခြားရေးဝန်ကြီးဌာန**



ဓာတ်ပုံ-မြဝတီ

# ကလေးမြို့ ကွန်ပျူတာတက္ကသိုလ်မှ ကိုယ်ဝန်ဆောင်ဆရာမတစ်ဦးကို အရေးပေါ် မီးဖွားနိုင်ရန် ရဟတ်ယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ဇူလိုင် ၂၂ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ကလေးမြို့နှင့် ကလေးဝကားလမ်းပေါ်ရှိ ကွန်ပျူတာတက္ကသိုလ်နေရာ၌ ရေနစ်မြုပ်မှုမရှိသော်လည်း ပတ်ဝန်းကျင်တွင် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် သွားလာရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ကွန်ပျူတာတက္ကသိုလ်မှ ကိုယ်ဝန်ဆောင် ဆရာမတစ်ဦးကို အရေးပေါ် မီးဖွားနိုင်ရန်အတွက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ဩဂုတ် ၂ ရက် ညနေ ၆ နာရီခွဲခန့်က တပ်မတော်ရဟတ်ယာဉ်ဖြင့် တင်ဆောင်ပြီး ကလေးမြို့ တပ်မတော်စစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့ပြင် ကွန်ပျူတာတက္ကသိုလ်တွင် ရေဘေးအန္တရာယ်ကြုံတွေ့နေသော ဆရာ ဆရာမ နှစ်ဦး၊ ဝန်ထမ်း ၁၉ ဦးနှင့် ကျောင်းသား ကျောင်းသူ ကိုးဦးတို့အတွက် ဆန်ခြောက်အိတ်၊ စားအုန်းဆီ တစ်ပုံး၊ ခေါက်ဆွဲခြောက် ခြောက်ဖာ၊ ငါးသေတ္တာ ခြောက်ဖာ၊ ရေသန့်ဘူး ၁၄ ကတ်၊ ဆေးဝါးများနှင့် ဓာတ်ဆီ နှစ်ဂါလန်တို့ကို ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင် ဦးစီး၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်ပို့ဆောင်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာမှလေယာဉ်များဖြင့် ရေဘေးသင့်ဒေသများသို့ တိုက်ရိုက်ပို့ဆောင်လိုမှုအပေါ် မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များကို ဦးစားပေးသတ်မှတ်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့မှုအပေါ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ၂၀၁၃ အရ ပြည်သူများ၏ အသက်ဆုံးရှုံးမှုမဖြစ်ပွားစေရန်၊ ထိခိုက်ဒဏ်ရာရရှိမှုများကို တားဆီးပေးနိုင်ရန်၊ လူထု၏ အိုးအိမ်ပစ္စည်းများကို ကာကွယ်ပေးနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဥပဒေတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များပါဝင်ပြီးဖြစ်သည့်အတွက် လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာမှ လေယာဉ်များဖြင့် ရေဘေးသင့်ဒေသများသို့ တိုက်ရိုက်ပို့ဆောင်လိုကြောင်း ဆက်သွယ်စုံစမ်းမေးမြန်းမှုများအပေါ် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း သတ်မှတ်ပြန်ကြားပေးခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဓိကဦးစားပေးအဖြစ် ရွေးချယ်ရခြင်းအကြောင်းအရင်းမှာ လက်ရှိရေဘေးအန္တရာယ်ကြုံတွေ့နေရသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များသို့ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်တိုအတွင်း သွားရောက်နိုင်မှုကြောင့်လည်းကောင်း၊ နိုင်ငံတကာလေယာဉ်ခရီးစဉ်များကို ရပ်နားထားရန်မလိုအပ်ဘဲ ကယ်ဆယ်ရေးလေယာဉ်များစွာ ဆင်းသက်နိုင်ခြင်း၊ လိုအပ်ပါက ညအိပ်ရပ်နားနိုင်ခြင်းတို့ကြောင့်လည်းကောင်း သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လေယာဉ်ငယ်များဖြင့် ရေဘေးအန္တရာယ်ကြုံတွေ့နေရသည့် ဒေသများသို့ တိုက်ရိုက်ဆင်းသက်ပေးပို့လိုမှုများရှိပါကလည်း သီးခြားညှိနှိုင်းစီစဉ်ပေးမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် တစ်ဦးချင်းတို့က ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ ပေးအပ်လှူဒါန်းလိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လူပုဂ္ဂိုလ်များနှင့် လိပ်စာများကို သတ်မှတ်ထုတ်ပြန်ထားရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၃**

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄၄ စင်တီမီတာ (တစ်ပေခွဲခန့်)ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၉၃ စင်တီမီတာ(သုံးပေခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း(ပေဝက်ခန့်)ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ(တစ်ပေခွဲခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ(တစ်ပေခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် စင်တီမီတာ ၅၀ (တစ်ပေခွဲခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၅ စင်တီမီတာ (၂-ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၆၆ စင်တီမီတာ (၂-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၉၆ စင်တီမီတာ (၃-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၈၇ စင်တီမီတာ (၃-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၂၇ စင်တီမီတာ (၄-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၃၁၁ စင်တီမီတာ (၁၀ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း (၆-ပေခန့်) ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၃၈ စင်တီမီတာ (၄-ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၀၄ စင်တီမီတာ (၃-ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (၂-ပေခန့်) ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (၁-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၅၉ စင်တီမီတာ (၂-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၈၂ စင်တီမီတာ (၂-ပေခွဲခန့်) ကျော်လွန် နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)**

# ပြည်သူလူထု၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ပူးပေါင်းဆောင်ရွက်ပါက ကြုံတွေ့နေရသည့်ဘေးအန္တရာယ်များ ကျော်လွှားနိုင်မည်

နေပြည်တော် ဩဂုတ် ၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ဩဂုတ် ၂ ရက် နံနက်ပိုင်းက စစ်တွေမြို့ View Point သို့ရောက်ရှိပြီး ဒီရေမြင့်တက်မှုနှင့် ပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။** (မြဝတီ)

ယင်းနောက် စစ်တွေလေဆိပ်သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်မြို့မှတစ်ဆင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဖိုက်ဘာစက်လှေနှင့်ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာမှုအခြေအနေနှင့် ရေဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်ရန် စီမံဆောင်ရွက်နေမှုတို့ကိုကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ရာတွင် တစ်ပါတည်းလိုက်ပါ၍ မြောက်ဦးမြို့သို့ ရောက်ရှိသည်။

မြောက်ဦးမြို့ ပြည်သူ့အားကစားကွင်းတွင် ရေဘေးသင့်ပြည်သူများအားတွေ့ဆုံရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကာလ ရာသီဥတုအရ မိုးရွာသွန်းမှုများပြားသဖြင့် တစ်နိုင်ငံလုံးနီးပါး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေကြောင်း၊ ဒေသအတွင်းရှိ ထိုင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများတွင်လည်း ရေလွှမ်းမိုးမှုဘေးနှင့် ရင်ဆိုင်နေရကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများသို့ သွားရောက်နေပြီး မိမိတို့က ရခိုင်ပြည်နယ်အတွင်း လာရောက်ခြင်းဖြစ်ကြောင်း၊ အားလုံးစုစုစည်းစည်းဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အင်တိုက်အားတိုက် ကူညီဆောင်ရွက်နိုင်ရန် အသင့်ပြင်ထားပြီး လက်ရှိတွင်လည်း အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်မှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးဒဏ်များနှင့် ရင်ဆိုင်ကြုံတွေ့လာပါက ပြည်သူလူထု၏အသက်အန္တရာယ်ကို ဦးစွာကယ်ဆယ်ရမည်ဖြစ်ကြောင်း၊ ယင်းနောက် စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ နေထိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

လက်ရှိတွင် အသက်အန္တရာယ်ထိခိုက်မှုမရှိစေရန် ဦးစားပေးလုပ်ဆောင်နေကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လယ်မြေဧက ၆၀၀၀ ကျော် ရေနစ်မြုပ်ပျက်စီးခဲ့၍ မိုးစပါးများရရှိရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းအပြင် နယ်မြေဒေသအတွင်း ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ဝိုင်းဝန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ဆန်ပြတ်လပ်မှုမရှိစေရေးအတွက် တပ်မတော်က စုပုံထားသည့် ရိက္ခာဆန်များ ဖြန့်ဝေပေးလျက်ရှိပြီး တပ်မတော်ကုန်တင် လေယာဉ်သုံးစင်းဖြင့် ရန်ကုန်မှ ဆန်များပို့ဆောင်ပေးနေကြောင်း၊ ပြည်သူလူထု၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ စုစုစည်းစည်းပူးပေါင်းဆောင်ရွက်ပါက ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့သို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်းခန်းမ၌ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ၎င်းနောက် မင်းပြားမြို့အတွင်း ရေကြီးရေလျှံမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး လေဆိပ်ဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက်၊ Gate Way ကုမ္ပဏီနှင့် ဟိုတယ်လုပ်ငန်းရှင်များက လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း ၄၅၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းပြားမြို့ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။** (မြဝတီ)

---

### * ကျောဖုံးမှ

ထို့အပြင် မြန်မာနိုင်ငံဆန်ကုန်သည်အသင်းနှင့် ဆန်ကုန်စည်ဒိုင်တို့မှာ အစည်းအဝေးများပြုလုပ်၍ ဆန်ဈေးတည်ငြိမ်မှု ရှိစေရေးအတွက် ပြည်ပသို့ ဆန်တင်ပို့ရောင်းချနေခြင်းကို မိုးစပါးပေါ်ချိန်ဖြစ်သော စက်တင်ဘာ ၁၅ ရက်အထိ ရပ်ဆိုင်းထားရန် ဆုံးဖြတ်ထားခြင်းကြောင့် ပြည်တွင်းဆန်လုံလောက်မှု ရှိလာပြီး ဆန်ဈေးများ တည်ငြိမ်လာနိုင်ကြောင်း ခန့်မှန်းကြသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(ဗဟို)မှ ရခိုင်ပြည်နယ်ရှိ သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသများတွင် ဆန်ရရှိနိုင်ရေးအတွက် တိုးနဒီသင်္ဘောဖြင့် ဆန်အိတ် ၃၀၀၀ ခန့်တင်ပို့ရန်ရှိပြီး ဆန်ဈေးနှုန်း မြင့်တက်ခြင်းမှာ ရေဘေးသင့်ဒေသမှ ပြည်သူများ၏ စိုးရိမ်ပူပန်ခြင်းကြောင့် ဝယ်ယူသိမ်းဆည်းမှု မြင့်တက်သဖြင့် ဈေးကွက်လိုအပ်ချက်အရ ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း အသင်းချုပ် တာဝန်ရှိသူက ဆိုသည်။

ထို့ပြင် ဇူလိုင် ၂၄ ရက်မှ စတင်ကာ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ဝန်းသိုမြို့နယ်နှင့် ကွန်းလှမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများကို အသင်းချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ဆန်ကုန်စည်ဒိုင်အဖွဲ့များက ဦးဆောင်ကာ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

"အသင်းချုပ်က ဒီနေ့ပဲ ဝန်ကြီးဌာနကို တောင်းဆိုလိုက်တာပါ။ ဆန်ပြတ်လပ်မှုမရှိစေဖို့နဲ့ ဈေးနှုန်းထိန်းချုပ်နိုင်ဖို့အတွက် ပြည်ပတင်ပို့မှုကို ရပ်ဆိုင်းပေးဖို့ဖြစ်ပါတယ်" ဟု အသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ဖြေကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်ကလည်း "ပြည်တွင်း လိုအပ်ချက်အရ အသင်းချုပ်မှ တင်ပြထားခြင်းကို ရရှိပါတယ်။ ပြည်ပတင်ပို့မှု ရပ်ဆိုင်းမယ်ဆိုရင်တော့ မြင့်တက်လာတဲ့ ဆန်ဈေးကိုထိန်းနိုင်မယ်လို့ ယူဆရပါတယ်။ ဆက်လက်တင်ပြပေးသွားမယ်"ဟု ပြန်လည်ဖြေကြားသည်။

ထို့ပြင်ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုရှိသည့် အသေးစားနှင့် အလတ်စားဆန်စက်များနှင့် ဆန်ကုန်သည်များအတွက် စက်နှင့် သိုလှောင်ရုံပျက်စီးမှုနှင့် စက်ယူနစ်အသစ်များ အစားထိုး လဲလှယ်ခြင်းများကိုလည်း အသင်းချုပ်ထံ ဆက်သွယ်အကူအညီတောင်းခံကြရန် လိုအပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ဆန်စပါးအဓိကစိုက်ပျိုးရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အပါအဝင် နေရာအနှံ့အပြားတွင် ရေကြီးနစ်မြုပ်နေခြင်းကြောင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်ဆန်စပါးအသင်းများက စားနပ်ရိက္ခာနှင့် အသုံးအဆောင်များ၊ လိုအပ်ချက်များကို ဆက်လက်လုပ်ဆောင်ဖြည့်တင်းပေးရန် ရည်ရွယ်ထားကြောင်း ဦးချစ်ခိုင် ပြောကြားသည်။

"ဖြစ်ပြီးသွားတဲ့နောက်ပိုင်းမှာ ပြန်လည် ထူထောင်ရေးတွေကို အလေးထား လုပ်ဆောင်သွားမယ်၊ ဆန်လိုအပ်ရင် ဆန်ရောင်းပေးမယ်၊ အသင်းချုပ် ဖုန်း-၀၁-၂၁၈၂၆၆၊ ၂၁၈၂၆၇ နဲ့ ၂၁၈၂၆၈ တို့သို့ ဆက်သွယ်ရင် သက်ဆိုင်ရာ ညီနောင်အသင်းတွေနဲ့ဖြစ်စေ၊ ဒေသအသီးသီးနဲ့ဖြစ်စေ ချိတ်ဆက်ပေးမှာဖြစ်ပါတယ်။ ဆန်ဈေးမြင့်တက်မှာကို မစိုးရိမ်ကြပါနဲ့၊ မိမိနဲ့ လိုအပ်သလောက်ကိုသာ စုဆောင်းပါ၊ ပိုလျှံသိမ်းဆည်းတာမျိုးတော့ မလုပ်စေချင်ဘူး"ဟု ဒေါက်တာ စိုးထွန်းကလည်း ဖြေကြားသည်။

ထို့ပြင် ပျက်စီးဆုံးရှုံးသွားသော လယ်မြေများကို ပြန်လည်စိုက်ပျိုးရာတွင် သွင်းအားစု မြေဩဇာများနှင့် မျိုးစပါးများကိုလည်း ဒေသအရောက် ဖြန့်ဖြူးပေးခြင်း၊ ထွန်စက်ဝန်ဆောင်မှုနှင့် ရေလွှမ်းမိုးခြင်းကြောင့် ရောဂါနှင့်ပိုးမွှားများ ကာကွယ်နှိမ်နင်းရန် နည်းပညာများကိုလည်း ဆန်စပါးအသင်းချုပ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်စပါးထုတ်လုပ်သူများအသင်း၊ ဆန်ကုန်သည်များအသင်း၊ တောင်သူလယ်သမားအသင်းတို့က စုပေါင်းကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

### * ကျောဖုံးမှ

ထို့ပြင် မြန်မာဝူရှူးအားကစားသမားများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မွန်ဂိုလီးယားပြည်နယ်၌ ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ (၈) ကြိမ်မြောက် အာရှလူငယ် ဝူရှူးပြိုင်ပွဲနှင့် (၄၂)ကြိမ်မြောက် အာရှဝူရှူးကော်မတီအစည်းအဝေးသို့ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ၊ အုပ်ချုပ်သူ ဦးခင်မောင်သိန်း၊ နည်းပြ ဦးခင်စိုး၊ အားကစားသမား ထက်ဟန်ကျော်၊ စံလင်းဦး၊ နေလင်းထက်၊ အောင်ခန့်ညာဘိုတို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသသတင်းကို အမြဲမပြတ်နားထောင်ပါ**

# ရခိုင်ပြည်နယ်အတွင်း လယ်မြေဧက ၆၀၀၀ကျော် ရေနစ်မြုပ်ပျက်စီးခဲ့၍ မိုးစပါးများရရှိရေး ကူညီသွားမည်

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်မှတစ်ဆင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားနေသော ပွင့်ဖြူမြို့သို့ ရောက်ရှိကြရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နယ်မြေခံတပ်ရင်းခန်းမ၌ ဝန်ကြီးချုပ်က ရေကြီးမှုအခြေအနေများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကျော်က တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်သောမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသော မုန်တိုင်းကြောင့် ဒီရေမြင့်တက်မှု၊ တစ်နိုင်ငံလုံး မိုးရွာသွန်းမှုများ ဖြစ်ပေါ်ပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်ပေးခဲ့ရကြောင်း၊ တာဝန်ရှိသူများကိုလည်း ကြိုတင်သတိပေးနှိုးဆော်ထားရှိကြောင်း၊ လက်ရှိတွင် ရေစတင်ကျဆင်းနေပြီဖြစ်ကြောင်း၊ ရေကျသွားပါက စားသောက်ရေး၊ နေထိုင်ရေးကိစ္စများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ရေဘေးသင့်ပြည်သူများ လုံလုံခြုံခြုံဖြင့် စည်းကမ်းတကျနေထိုင်ရေး၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုပေး၍ စိတ်ရှည်သည်းခံရေး၊ အတွေ့အကြုံရှိသူများက ဦးဆောင်မှုပေးရေးနှင့် လှူဒါန်းထောက်ပံ့မှုများကို သက်ဆိုင်ရာက မျှတစွာခွဲဝေသုံးစွဲရေးတို့ လုပ်ဆောင်သွားရန်လိုအပ်ပါကြောင်း၊ ရေရှည်တွင် ရေဝေရေလဲဒေသများ၌ သစ်ပင်စိုက်ပျိုးခြင်း အပါအဝင် သဘာဝပတ်ဝန်းကျင် ဝိုင်းဝန်း ထိန်းသိမ်းကြရန်လိုကြောင်း၊ တပ်မတော်ကလည်း ဆေးကုသရေးအဖွဲ့များစေလွှတ်၍ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း။

ပြည်သူလူထု၏ အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက ကာကွယ်ရန်၊ ကူညီစောင့်ရှောက်ရန် တပ်မတော်က အသင့်ရှိပါကြောင်း၊ ပြည်သူလူထု၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက သတိပေးထုတ်ပြန်ချက်များ အချိန်မီထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့်လည်း သတိပေးချက်ကို သိရှိလက်ခံပြီး လိုက်နာရန်လိုအပ်ပါကြောင်း။

သဘာဝဘေးအန္တရာယ် ဆိုသည်မှာ ရုတ်တရက် ဖြစ်ပေါ်လာတတ်သဖြင့် သတိရှိနေပါက ဖြစ်ပေါ်လာသည့်အချိန်တွင် ပေးဆပ်ရမှုအနည်းဆုံးနှင့် ရင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် မည်သည့်ဘေးအန္တရာယ် ကျရောက်လာသည်ဖြစ်စေ ပြည်သူသည် အမိအဖများဖြစ်သဖြင့် အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကူညီစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပွင့်ဖြူမြို့ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပွင့်ဖြူမြို့ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။ (မြဝတီ)

ယင်းနောက် ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက်က လှူဒါန်းငွေကျပ်သိန်း ၂၀၀၀၊ Gate Way ကုမ္ပဏီက လှူဒါန်းငွေကျပ် သိန်း ၂၀၀၀၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းငွေကျပ်သိန်း ၃၀၀ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၄၃၀၀ နှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ပြီး ရေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပွင့်ဖြူမြို့နယ်မှတစ်ဆင့် စေတုတ္တရာမြို့နယ်သို့ သွားရောက်၍ နယ်မြေခံတပ်ရင်းခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတုတ္တရာမြို့၏ ရေကြီးရေလျှံနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက်က လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၊ Gate Way ကုမ္ပဏီကလှူဒါန်းငွေကျပ်သိန်း ၁၀၀၀ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၀၀၀ နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် စည်သွတ်ဘူး၊ ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများကိုတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

မကွေးတိုင်း ဒေသကြီးအတွင်း မုန်းချောင်းရေလျှံမှုကြောင့် ပွင့်ဖြူမြို့နယ်၊ စေတုတ္တရာမြို့နယ်နှင့် ငဖဲမြို့နယ်တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ပွင့်ဖြူမြို့နယ်၌ ရေဘေးသင့်ပြည်သူ ၂၁၂၀၇ ဦးကို ကယ်ဆယ်ရေးစခန်း ၂၀ ဖွင့်လှစ်၍လည်းကောင်း၊ စေတုတ္တရာမြို့နယ်၌ ရေဘေးသင့်ပြည်သူ ၄၁၀၆ ဦးကို ကယ်ဆယ်ရေးစခန်း ၁၂ ခု ဖွင့်လှစ်၍လည်းကောင်း၊ ငဖဲမြို့နယ်၌ ရေဘေးသင့်ပြည်သူ ၂၅၂ ဦးကို ကယ်ဆယ်ရေးစခန်းသုံးခု ဖွင့်လှစ်၍လည်းကောင်း ဖြန့်ခွဲနေရာချထားပေးပြီး ကယ်ဆယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ည ၇ နာရီခွဲတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် အိန္ဒိယစစ်သံရုံး ဒုတိယအကြီးအကဲ Dr. S. Janakiraman၊ အိန္ဒိယရေတပ်စစ်သံမှူး Capt: (Navy) Manish Bhandari တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပညာရေးအဆင့်အတန်းမြင့်မားပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးသည်အရေးကြီး




**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် လားရှိုးမြို့သို့ ရောက်ရှိပြီး အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် လားရှိုးမြို့ အမှတ်(၈)နှင့် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က သက်ဆိုင်ရာကျောင်းများအလိုက် ကျောင်းသမိုင်းအကျဉ်းနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မိဘဆရာအသင်းဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များက သက်ဆိုင်ရာကျောင်းများအလိုက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့မှုနှင့် စာသင်ဆောင်လိုအပ်မှု၊ သင်ထောက်ကူလိုအပ်မှုနှင့် ဆရာ ဆရာမ လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲများ၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် အမှတ်(၈)နှင့် အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်းများသည် အခြေခံပညာအလယ်တန်းအဆင့်မှ တိုးမြှင့်ထားသည့် ကျောင်းသစ်များဖြစ်၍ လိုအပ်ချက်များရှိမည်ဖြစ်ရာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့များက အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ပညာရေးအဆင့်အတန်း မြင့်မားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများကိုယ်တိုင် ပညာအရည်အသွေး မြင့်မားအောင် အမြဲမပြတ်ဖြည့်ဆည်းလျက် ကျောင်းသား ကျောင်းသူများကို ပညာအရည်အသွေးပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်အောင် စေတနာအပြည့်ဖြင့် လေ့ကျင့်သင်ကြားပေးရန် အထူးလိုအပ်ပါကြောင်း။

မိမိတို့ကျောင်းများ၏ ရရှိပြီးသော အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ်တွင် အရေအတွက်နှင့် အရည်အသွေးပိုင်းတွင် ပိုမိုတိုးတက်အောင် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတက ကျောင်းနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၅၀ စီကို သက်ဆိုင်ရာ ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲများအပြီးတွင် ဒုတိယသမ္မတသည် မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ၎င်းတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

**(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရေဘေးသင့်မိသားစုများအား တွေ့ဆုံအားပေး





**နေပြည်တော် ဩဂုတ် ၃**

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဩဂုတ် ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအားသွားရောက်တွေ့ဆုံအားပေးပြီး ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ရဟတ်ယာဉ်ဖြင့် ကျီကုန်းတပ်နယ်သို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကျီကုန်းတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကျီကုန်းတပ်နယ်အတွင်းရှိ ရေနစ်မြုပ်နေသည့် တပ်ရင်း၊ တပ်ဖွဲ့များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်မိသားစုများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်ချက်များဖြည့်ဆည်းပေးသည်။

**(မြဝတီ)**

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၂ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၈ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၃၁ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၈ ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလောင်း ငါးဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၂ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၀၈ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၅၅ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၅၆၄ ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်လောင်း ၄၀ စုစုပေါင်း ၁၀၆၇ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၃၉ ပါတီနှင့် တစ်သီးပုဂ္ဂလ ၄၄ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။

အမည်စာရင်း တင်သွင်းမှုအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

**နေပြည်တော် ဩဂုတ် ၃**

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆု ကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၂၂ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင် ၂၄၉ ဦး စုစုပေါင်း ပညာသင် ၂၇၁ ဦးကို ပြည်ပနိုင်ငံ ၂၁ နိုင်ငံ သို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဇူလိုင်လအတွင်း နိုင်ငံ့ဝန်ထမ်းများအား ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၁/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)**
**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းခြင်း**

၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ခေတ္တရပ်နားပြီး ဩဂုတ်လ ၁၀ ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာထားပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

၃။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ၏မဲဆန္ဒနယ်မြေနှင့် မိသားစုနေထိုင်ရာဒေသများ၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့်သဘာဝဘေးအန္တရာယ်ကျရောက်မှုများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေရသည့်အပြင် အချို့နေရာများ၌ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများလည်း ကြုံတွေ့နိုင်ပါသည်။

၄။ သို့ပါ၍ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(တနင်္လာနေ့)တွင် ပြုလုပ်ရန် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**နာယက**

# ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၂/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)**
**ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းခြင်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ခေတ္တရပ်နားပြီး ဩဂုတ်လ ၁၀ ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာထားပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

၃။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏မဲဆန္ဒနယ်မြေနှင့် မိသားစုနေထိုင်ရာဒေသများ၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့်သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများအတွက် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေရသည့်အပြင် အချို့နေရာများ၌ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများလည်းကြုံတွေ့နိုင်ပါသည်။

၄။ သို့ပါ၍ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီတွင် ပြုလုပ်ရန် ကြေညာထားသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**ဥက္ကဋ္ဌ**

# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၃/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၃ ရက်)**
**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းခြင်း**

၁။ အမျိုးသားလွှတ်တော်ကို ၂၀၁၅ ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ်များ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ခေတ္တရပ်နားပြီး ဩဂုတ်လ ၁၀ ရက်နေ့၌ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၂။ သို့သော် ယခုအခါ နိုင်ငံတော်အနှံ့အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပွားနေသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ရလျက်ရှိပါသည်။

၃။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိနှင့်မိသားစုကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မဲဆန္ဒနယ်မြေသော် လည်းကောင်း ရေဘေးသင့်သဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေရသည့်အပြင် လွှတ်တော်သို့တက်ရောက်ရန်လည်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ ကြုံတွေ့လျက်ရှိနိုင်ပါသည်။

၄။ ထို့အတူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကလည်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို အားကြိုးမာန်တက် ကူညီကယ်ဆယ်လျက်ရှိကြသည့်အပြင် နောင်တွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်ပါသည်။

၅။ ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ပြန်လည်ခေါ်ယူရန် ကြေညာထားသည့် အမျိုးသားလွှတ်တော်အစည်းအဝေးကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းလိုက်ပါကြောင်းနှင့် လိုအပ်သလိုထပ်မံအသိပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့်နေ့ရက်များ ပြောင်းလဲပြင်ဆင်သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၁/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)**
**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များ ပြောင်းလဲပြင်ဆင်သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၈-၇-၂၀၁၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၂၉/၂၀၁၅)ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များကို သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ နိုင်ငံရေးပါတီအချို့၏ တင်ပြချက်များအရလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ နေ့ရက်များကို အောက်ပါအတိုင်း ရက်တိုးမြှင့်၍ ပြောင်းလဲပြင်ဆင်သတ်မှတ်ကြေညာလိုက်သည်-

| | |
|---|---|
| (က) လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းစတင်တင်သွင်းနိုင်သည့် နေ့ရက် | ၁၃၇၇ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၄ ရက် (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်) |
| (ခ) လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်) |
| (ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်) |
| (ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများကို စိစစ်မည့်နေ့ရက် | ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်မှ ဝါခေါင်လဆန်း ၁၂ ရက်အထိ (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှ ၂၇ ရက်အထိ) |

၃။ အမည်စာရင်းတင်သွင်းရန် သွားလာရေးအခက်အခဲရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြအကူအညီတောင်းခံနိုင်ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်(၂၉/၂၀၁၅)ကို ဤကြေညာချက်ဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ

ကျော်သူထက်


ဒေါက်တာ ဒေါ်ယဉ်သန္တာလွင်


ဒေါက်တာ ထွန်းတင်


ဒေါက်တာ သီတာလှ


ဒေါက်တာ တိုးသီရိအောင်

ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး လမ်း၊ တံတား၊ လယ်ယာမြေနှင့် နေအိမ်အချို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

ပြည်သူများ၏ အသက်ဆုံးရှုံးမှုမဖြစ်ပွားစေရန်၊ ထိခိုက်ဒဏ်ရာရရှိမှုများ တားဆီးပေးနိုင်ရန်၊ လူထု၏ အသက်အိုးအိမ်ပစ္စည်းဥစ္စာများကို ကာကွယ်ပေးနိုင်ရန်အတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် စီမံခန့်ခွဲရေးကော်မတီများကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းပြီး သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတသည် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များကို သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာပြီး ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရေကြီးရေလျှံမှုဖြစ်ပွားသည့် အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် စီမံဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်များတွင် ယှဉ်တွဲဖြစ်ပေါ်လေ့ရှိသည်မှာ ကျန်းမာရေးဆိုင်ရာ ပြဿနာများပင်ဖြစ်သည်။ ထို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများရှိ ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများထံ သွားရောက်မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်-

**ဒေါက်တာဒေါ်ယဉ်သန္တာလွင်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အဓိကထားပြီး ဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေ အသက်အန္တရာယ် ထိခိုက်လာနိုင်တဲ့အခြေအနေမျိုးတွေ၊ ရောဂါတွေ၊ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တာတွေဆိုရင် ရာသီအလိုက် နှိုးဆော်ချက်တွေ၊ အသိပေးတာတွေကို ဆောင်ရွက်ပါတယ်။ အခု မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ မိုးကြီးတဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုတွေဖြစ်တယ်။ သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့လာရင် ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆောင်ရန်ရှောင်ရန် နှိုးဆော်ချက်တွေကို ဇွန်လကတည်းကစတင်ပြီး ပြည်သူလူထုကို အသိပေးတာ ပြုလုပ်ပါတယ်။

မိုးလေဝသနဲ့ဇလဗေဒဦးစီးဌာနနဲ့ချိတ်ဆက်ပြီးတော့ ကြိုတင်ပြင်ဆင်မှုတွေကို ဆောင်ရွက်ထားပါတယ်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းတွေကို လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် အရေးပေါ်ကွပ်ကဲရေးဗဟိုဌာနကို ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးနေပါတယ်။ အရေးပေါ်အခြေအနေမှာ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်ရရှိဖို့ ဆူနာမီသတိပေးချက်တွေ၊ မုန်တိုင်းသတင်းတွေ၊ သတိပေးချက်တွေ၊ ထပ်ဆင့်သတိပေးချက်တွေ အချိန်နဲ့တစ်ပြေးညီ ရဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

သဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်တဲ့ အရေးပေါ်စောင့်ရှောက်မှုလုပ်ငန်းတွေကို လုပ်နိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်တွေမှာ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွေ ဖွဲ့စည်းပြီး စီမံချက်တွေ ရေးဆွဲဆောင်ရွက်ပါတယ်။ အရေးပေါ်ဖြစ်လာတဲ့အခါ၊ ဒုက္ခရောက်သူတွေ အသက်အန္တရာယ်ရှိလာပြီဆိုတဲ့အခါ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့က စောင့်ရှောက်ပေးနေပါတယ်။

အဲဒီအဖွဲ့တွေကလည်း တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ကျေးရွာတွေအထိ လေ့ကျင့်ပေးထားတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် အရေးပေါ်အခြေအနေတွေ ကြေညာထားတယ်။ အရေးပေါ်အခြေအနေရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ညွှန်ကြားရေးမှူးတွေဖြန့်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။

လူတွေအတွက် အရေးကြီးဆုံးက ရေကောင်းရေသန့်ရရှိဖို့က အရေးကြီးပါတယ်။ ရေကောင်းရေသန့်ရရှိဖို့အတွက် အားလုံးကူညီဆောင်ရွက်ပေးကြဖို့လိုပါတယ်။ ကျွန်မတို့ဌာနအနေနဲ့ကတော့ ရေတွင်းရေကန်ကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ လေဘေး၊ ရေဘေးကြောင့် ညစ်ညမ်းသွားတဲ့ပတ်ဝန်းကျင်ကို ပြည်သူ့ကျန်းမာရေးဌာနက သန့်ရှင်းရေးလုပ်ငန်းတွေ လုပ်ဆောင်တဲ့အပြင် သန့်ရှင်းတဲ့အစားအစာရရှိရေးအတွက်ပါ ဆောင်ရွက်ရပါတယ်။

အဲဒီလိုဖြစ်တဲ့အခါမှာ ထိခိုက်လွယ်တဲ့ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကလေးသူငယ်တွေအတွက် ဦးစားပေးအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ပေးပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးတဲ့အခါမှာ လူတွေအားလုံးဟာ စိတ်အားငယ်မှုတွေဖြစ်တတ်တဲ့အတွက် အားပေးခြင်းလုပ်ငန်း၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အသားဝါ၊ အသည်းရောင်ရောဂါ၊ အဆိပ်သင့်တာ စတဲ့ရောဂါတွေကို ကာကွယ်နှိမ်နင်းဖို့ ပြည်သူ့ကျန်းမာရေးဌာနက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်အရေးကြီးဆုံးတစ်ခုကတော့ ပြည်သူတွေကို ကျန်းမာရေး အသိပညာပေးခြင်းပဲဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေမှာဆိုရင် ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေသာမကဘဲ နီးနွယ်နေတဲ့ဌာနတွေ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းတွေ အကုန်လုံးကလည်း ပါဝင်ကူညီသွားဖို့လိုအပ်သလို သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းတွေက ဦးဆောင်ပြီး မိမိဒေသရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အမြဲတမ်းစောင့်ရှောက်မှုပေးနိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာထွန်းတင်**
**(ဒုတိယညွှန်ကြားရေးမှူး၊ ကူးစက်ရောဂါတိုက်ဖျက်ရေးဌာန)**

သဘာဝဘေးမကျရောက်မီ ပြင်ဆင်တဲ့အပိုင်း၊ သဘာဝဘေးကျရောက်တဲ့အချိန်မှာ လုပ်ဆောင်တဲ့အပိုင်း၊ သဘာဝဘေးကျရောက်ပြီးတဲ့နောက်ပိုင်းမှာ ဆက်လက်ဆောင်ရွက်ရမယ့်အပိုင်းဆိုပြီးရှိပါတယ်။ မကျရောက်ခင်အပိုင်းမှာ သဘာဝဘေးကျရောက်တဲ့အခါမှာ အဓိကကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး လုပ်နေတဲ့အပိုင်းရှိပါတယ်။ ကြိုတင်သတိပေးတဲ့စနစ် ကျွန်တော်တို့ဆီမှာရှိပါတယ်။ သဘာဝဘေးကျရောက်မှုမရှိခင်မှာ သဘာဝဘေးနဲ့ပတ်သက်တဲ့ စီမံချက်တွေ ကြိုတင်ရေးဆွဲထားတာ ရှိပြီးဖြစ်ပါတယ်။ ဒီစီမံချက်တွေကြောင့် အရှေ့ပိုင်းက သဘာဝဘေးဒဏ်တွေမှာ အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးခဲ့ပေမယ့် အခုနောက်ပိုင်း သဘာဝဘေးက အသက်အန္တရာယ်ဆုံးရှုံးမှုတွေကို လျှော့ချနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါက စီမံချက်တွေရဲ့ အသက်ဝင်လှုပ်ရှားမှုလို့ ပြောနိုင်ပါတယ်။

သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့်အထိ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေက သဘာဝဘေးကျရောက်တဲ့အခါမှာ ရေဝင်ရောက်မှု၊ ရေလျှံမှုတွေနဲ့ပတ်သက်ပြီး ကွင်းဆင်းဆောင်ရွက်ပါတယ်။ အဲ့ဒီအဖွဲ့တွေက ရှာဖွေခြင်းနဲ့ ကယ်ဆယ်ခြင်းလုပ်ငန်းတွေကို ဝိုင်းဝန်းဆောင်ရွက်ပေးပါတယ်။ တစ်ချိန်တည်းမှာပဲ သဘာဝဘေးကျရောက်ပြီးတဲ့အခါမှာ ပြည်သူလူထုတွေကို ယာယီစခန်းတွေနဲ့ ခိုလှုံရာနေရာတွေ စီစဉ်ပေးပြီး စောင့်ရှောက်ထားလျက်ရှိပါတယ်။

ကယ်ဆယ်ရေးစခန်းတွေမှာ ပြည်သူလူထုရဲ့ကျန်းမာရေးကို အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးပါတယ်။ လိုအပ်တဲ့ဆေးနဲ့ ဆေးပစ္စည်းတွေ၊ အထောက်အကူပစ္စည်းတွေကို ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးပါတယ်။ စခန်းကို လာရောက်ခေတ္တခိုလှုံနေတဲ့ ပြည်သူတွေအတွက် ဝမ်းပျက်ဝမ်းလျှောရောဂါတို့၊ ဝမ်းကိုက်ရောဂါတို့၊ အသည်းရောင်အသားဝါ စတဲ့ရောဂါတွေ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက်၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့အတွက် အထူးအလေးပေးပြီးဆောင်ရွက်ပါတယ်။ ရေထွက်ပင်ရင်းတွေကို သန့်ရှင်းတဲ့သောက်သုံးရေရဖို့ ရေသန့်ဆေးကို နေ့စဉ်ခတ်ပေးပါတယ်။ ဒါ့အပြင် လိုအပ်တဲ့စောင့်ရှောက်မှုတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဒေါက်တာသီတာလှ**
**(ညွှန်ကြားရေးမှူး၊ ကုသရေးဦးစီးဌာန)**

ကုသရေးဦးစီးဌာနအနေနဲ့ကတော့ ရေဘေးသင့်ဒေသတွေမှာရှိတဲ့ ဆေးကုသရေးစခန်းမှာ လိုအပ်တဲ့ဆေးနဲ့ဆေးပစ္စည်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ ရေကြီးရေလျှံမှုတွေ ဖြစ်ဖြစ်ချင်းမှာပဲ ရန်ကုန်မြို့ ဆေးသိုလှောင်ရေးဌာနမှာရှိတဲ့ ဆေးနဲ့ဆေးပစ္စည်းတွေကို သဘာဝရေဘေးအန္တရာယ်ကျရောက်နေတဲ့ ပြည်သူတွေသုံးဖို့အတွက် တိုက်ရိုက်ပို့ဆောင်ပေးပါတယ်။ တချို့နေရာတွေက လမ်းပန်းဆက်သွယ်ရေးခက်တော့ မရောက်နိုင်တဲ့အတွက် ရဟတ်ယာဉ်နဲ့ ပို့ဆောင်နေရတာတွေရှိပါတယ်။ အခုလည်း နေပြည်တော်ဆေးရုံကို အခြေပြုပြီး ဆေးပစ္စည်းတွေကို ရန်ကုန်ကနေတစ်ဆင့် သယ်ထားတယ်။ နောက်အရေးကြီးတာက ရေကျသွားတဲ့အခါမှာ မြွေအန္တရာယ်ရှိပါတယ်။ အဲ့ဒါကြောင့် မြွေဆိပ်ဖြေဆေးကိုလည်း ဒီရေဘေးသင့်ဒေသတွေကို အရောက်ပို့နေပါတယ်။ မြွေဆိပ်ဖြေဆေးက အရင်တုန်းကတော့ မလုံလောက်တဲ့ အနေအထားတွေရှိတယ်။ မြန်မာနိုင်ငံမှာလည်း မြွေဆိပ်ဖြေဆေးနဲ့ပတ်သက်ပြီးတော့ အခက်အခဲလေးတွေရှိခဲ့တယ်။ မလိုလားအပ်တဲ့ ပြဿနာတွေလည်းဖြစ်ခဲ့ရတယ်။ အခုအခါမှာတော့ လက်ရှိပြည်သူ့ဆေးရုံတွေမှာ တချို့လည်း မြွေအန္တရာယ်ဖြစ်မှ မဟုတ်ပါဘူး။ မဖြစ်ခင်ကတည်းကလည်း ကျွန်မတို့ လိုအပ်မယ့်အနေအထားကို လုံလောက်အောင် ဖြန့်ဖြူးပေးနိုင်မယ့် အနေအထားရှိပါတယ်။

နောက်တစ်ခုက အရေးပေါ်ဖြစ်လာရင် အဖွဲ့ ၂၀ ဖွဲ့ထားပါတယ်။ အဲဒီအဖွဲ့တွေက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တွေကိုသွားကာ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ပေါင်းပြီး ဘယ်လိုအချိန်မျိုးမှာ လူနာတွေကို ရွှေ့တော့မယ်၊ ဘယ်လိုအချိန်မျိုးမှာ ဆေးရုံကို ပိတ်သိမ်းရမယ်ဆိုတာကို ကြေညာဖို့အတွက် အရေးပေါ်ဆေးကုသရေး ပညာပေးအဖွဲ့ငယ်တွေဖွဲ့ထားပြီး ဆောင်ရွက်ပါတယ်။ နောက်ပြီး အထူးကုတွေပါဝင်တဲ့ ရန်ကုန်မှာ နှစ်ဖွဲ့၊ မန္တလေးမှာ နှစ်ဖွဲ့ ကြိုတင်ပြီးတော့ ဖွဲ့ထားပြီးဖြစ်ပါတယ်။ ကလေးတွေလည်းပါတဲ့အတွက် ကလေးအထူးကု၊ သမားတော်၊ အရိုးအထူးကု၊ အရေးပေါ်ဆေးကုသမှုပညာဆရာဝန်တွေ ဖွဲ့ထားပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဌာနမှူးရဲ့ အစီအစဉ်နဲ့ ရေဘေးအန္တရာယ်ဖြစ်တဲ့နေရာတွေ သွားရောက်ပြီးတော့ ကုသမှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ ကုသရေးမှူးတွေရှိပါတယ်။ ကုသရေးဦးစီးဌာနမှူးတွေကလည်း ရေနစ်မြုပ်တဲ့ဆေးရုံတွေ၊ လူနာစာရင်း၊ အသေအဆုံးစာရင်းတွေ ကောက်ပါတယ်။ တချို့ရေကြီးတဲ့နေရာမှာ ဆက်သွယ်ရေးပြတ်တောက်သွားတဲ့အတွက် သတင်းပေးပို့မှုတွေ အချိန်နဲ့တစ်ပြေးညီ မရရှိတဲ့အနေအထားမျိုးရှိပါတယ်။ အခုတော့ ကျွန်မတို့ သတင်းစုဆောင်းနေဆဲဖြစ်ပါတယ်။

**ဒေါက်တာတိုးသီရိအောင်**
**(ဒုတိယညွှန်ကြားရေးမှူး၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန)**

သဘာဝဘေးဖြစ်ပွားလာရင် ကျန်းမာရေးဆိုင်ရာ ကူးစက်ရောဂါတွေကို ထိရောက်စွာဆောင်ရွက်နိုင်အောင် ဌာနတွင်းမှာရော၊ သက်ဆိုင်ရာနီးနွယ်တဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးဖြစ်ပွားမှုနဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ် ပြဿနာဖြစ်ပွားမှုတွေကို Emergency Operation Center ဖွဲ့ပြီး လိုအပ်တဲ့ဆောင်ရွက်မှုတွေကို ချိတ်ဆက်ပေးပါတယ်။ အရေးကြီးတဲ့အချိန်တွေမှာဆိုရင် တယ်လီဖုန်းနဲ့ တိုက်ရိုက်ညွှန်ကြားမှုတွေကိုလည်း ဆောင်ရွက်ပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးတဲ့အချိန်တွေမှာဆို ဘယ်နေရာတွေကို ကွင်းဆင်းဆောင်ရွက်ရမလဲ။ ဗဟိုရဲ့အကူအညီ ဘယ်လိုပေးရမလဲ။ ရောဂါကာကွယ်ရေးပစ္စည်းတွေ၊ ဆေးကုသရေးအတွက် ပစ္စည်းလိုအပ်ချက်တွေကိုမေးပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းလို အကူအညီပေးနိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ လိုအပ်တဲ့အကူအညီတွေရဖို့၊ လိုအပ်တဲ့လူအင်အားတွေရရှိဖို့ ချိတ်ဆက်ဆောင်ရွက်ပေးတဲ့အပိုင်းတွေကို လုပ်ဆောင်ပေးပါတယ်။

အရေးပေါ်ဖြစ်ပွားတဲ့နေရာတွေမှာလည်း ဘယ်လိုကူးစက်ရောဂါတွေ ဖြစ်ပွားနေတယ်ဆိုတာကို အချိန်နဲ့တစ်ပြေးညီ စုံစမ်းမှုတွေပြုလုပ်ပြီး ဘယ်လိုနေရာမျိုးတွေကိုတော့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းတွေ ပိုပြီးဆောင်ရွက်ရမယ်ဆိုတဲ့အပေါ် လိုအပ်တဲ့ပံ့ပိုးမှုတွေ ဆောင်ရွက်ပေးပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ အထူးရောဂါနှိမ်နင်းရေးအဖွဲ့တွေရှိပါတယ်။ သဘာဝဘေးကျရောက်ခဲ့ရင် ကာကွယ်ရေးနဲ့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ စီမံချက်တွေ ရေးဆွဲချမှတ်ထားတဲ့အတိုင်း အခုလက်ရှိမြေပြင်မှာ ဆောင်ရွက်နေပါတယ်။

ကယ်ဆယ်ရေးစခန်းတွေမှာ ညွှန်ကြားရေးမှူးတွေဦးစီးပြီး ရောဂါကာကွယ်ရေးနဲ့ နှိမ်နင်းရေးလုပ်ငန်းတွေကို အခြေချဆောင်ရွက်ပေးနေပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာ ယာယီဆေးခန်းတွေဖွင့်လှစ်ပြီးတော့ ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေကို သေချာစောင့်ကြပ်ကြည့်ရှုနေပါတယ်။ ဆေးရုံတက်ရောက်ကုသဖို့ လိုအပ်တဲ့လူနာတွေကို အမြန်ဆုံးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ရေဘေးသင့်တဲ့ ဒေသတွေအတွက် လိုအပ်တဲ့ ရေသန့်စင်တဲ့ဆေးတွေ၊ မြွေဆိပ်ဖြေဆေးတွေ၊ ဆေးဝါးပစ္စည်းတွေကို လိုအပ်သလောက် ပံ့ပိုးဖြည့်ဆည်းပေးနေပါတယ်။

ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့တဲ့ ဒေသတွေဟာ ရေတက်ပြီးတော့မှ ပြန်ကျသွားတဲ့အတွက် ရေကတစ်ဆင့် ဖြစ်ပွားတတ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ယားနာ စတဲ့ရောဂါတွေဖြစ်နိုင်ပါတယ်။ အခုလို ကာကွယ်ရေးလုပ်ငန်းတွေကို စောင့်ကြပ်ကြည့်ရှုပြီး ဆောင်ရွက်နိုင်တယ်ဆိုရင် ကပ်ရောဂါလို ကြီးကြီးမားမားမဖြစ်ပွားနိုင်ပါဘူး။ အခုလို စောင့်ကြပ်ကြည့်ရှုနေတဲ့အတွက် ဖြစ်ပွားမှုနည်းနည်းလေး ဖြစ်လာပြီဆိုတာနဲ့ တုံ့ပြန်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်တဲ့အတွက် ကူးစက်ရောဂါတွေကို ထိန်းချုပ်နိုင်ဖို့ အမြဲမပြတ်စောင့်ကြည့်နေပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆည်နှင့်ကန်များ စိုးရိမ်ဖွယ်ရာမရှိကြောင်း သက်ဆိုင်ရာက ယနေ့ရှင်းလင်း

ရန်ကုန် ဩဂုတ် ၃

**ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုးရိမ်ရေမှတ်ကျော်သည့် ဆည်များ မရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီးအတွင်းရှိ ဆည်များ၏ လက်ရှိအနေအထား နှင့်စပ်လျဉ်း၍ မီဒီယာအဖွဲ့များအား တွေ့ဆုံရှင်းလင်းပွဲတွင် ပြောကြားခဲ့ သည်။**

"ပြည်သူတွေ စိတ်အေးချမ်းသာ ဖြစ်စေချင်တယ်။ ဘာမှ စိုးရိမ်စရာမရှိ ပါဘူး။ အခုဟာက ထူးကဲဒီရေကြောင့် ရေကြီးတဲ့အခြေအနေပါ။ ဒါကလည်း လှည်းကူး၊ မှော်ဘီဘက်တို့ဆိုရင်လည်း ပုံမှန်ရေကြီးတဲ့ အခြေအနေဖြစ်ပါ တယ်။ ပြည်သူတွေ အသက်အိုးအိမ် စိုးရိမ်စရာမရှိပါဘူး" ဟု ၎င်းက ဆို သည်။

"တိုင်းဒေသကြီးမှာ စိုးရိမ်ရတဲ့ အခြေအနေကတော့ တိုက်ကြီးမြို့နယ် အဖျောက်မြို့ကတော့ စိုးရိမ်ရပါတယ်။ မူလတာဟောင်းနဲ့ တာသစ်ကြား ထဲမှာ အိမ်ထောင်စုပေါင်း ၁၅၀၀ လူဦးရေ ကလေးလူကြီး ၁ သောင်း လောက်ရှိတယ်။ မူလတာဟောင်းနဲ့ တာသစ်ကြားကို ရွှေ့စေချင်တယ်။ သူတို့ရဲ့အသက်အိုးအိမ် စည်းစိမ် ကြောင့်ပါ။ သူတို့ကလည်း မရွှေ့ချင် ကြဘူး။ အဆောက်အအုံတွေကလည်း အခိုင်အမာဖြစ်တော့မှ နှမြောတာ ပေါ့။ မရွှေ့ချင်ကြတော့ မူလတာ ဟောင်းကို ဘယ်လိုကာကွယ်မလဲ။ အဲဒါကို တပ်မတော်စစ်သည်အင်အား ၄၀၀ ဇူလိုင် ၂၉ ရက်ကတည်းက ရောက်နေပါပြီ။ အခြေအနေကို သတိထားပြီး ထိန်းနေပါတယ်။ အခု တော့ ထိန်းနိုင်တဲ့အခြေအနေရှိတယ်။ နောက်ပြီး စနေနေ့ကလည်း ဆည် မြောင်းကနေ သဲအိတ်တစ်သောင်းကို တပ်မတော်စစ်သည်အင်အား ၄၀၀၊ ပြည်သူအင်အား ၆၀၀ နဲ့ ချထားတဲ့ အတွက် တာကြီးကို ထိန်းနိုင်ခဲ့တယ်။ အခု သဲအိတ်သုံးသောင်း အဖျောက် ကို ထပ်သွားနေပါတယ်။ မစိုးရိမ်ရ ဘူး။ အခုအခြေအနေအထိ အဆင် ပြေပါတယ်။ အားလုံးအသင့်အနေ အထားထားပါတယ်။ တပ်ကော၊ လူအင်အား နဲ့ဆောင်ရွက်လျက်ရှိပါ တယ်။ ထိန်းနိုင်ခဲ့ပါတယ်။ လှည်းကူး တို့ မှော်ဘီတို့က ပုံမှန်ရေကြီးမှုပါ။ ဆည်တွေ၊ ကန်တွေကြောင့် စိုးရိမ် စရာမရှိဘူး။ ထူးကဲဒီရေကြောင့်သာ တိုင်းဒေသကြီးမှာ စိုးရိမ်ရတာဖြစ်တာ ပါ" ဟု ၎င်းက ပြောသည်။

ဆည်မြောင်းဦးစီးဌာန လ/ထ ညွှန်ကြားရေးမှူး "ဦးကံချွန်က တိုင်း ဒေသကြီးအတွင်းမှာ ငမိုးရိပ်ဆည် ပါဝင်ပါတယ်။ ငမိုးရိပ်ဆည်ရဲ့အထက် မှ မဟူရာဆည်ပါပါတယ်။ ပေါင်းလင်း ဆည်နှစ်ခုရှိပါတယ်။ ဆည်သုံးတွဲ ပေါင်းထားတဲ့ အတွဲတစ်တွဲပါ ညောင် နှစ်ပင်ရဲ့အထက်မှာ ကလီထော ဆည်ရှိပါတယ်။ ညောင်နှစ်ပင်ဆည် က နွေရာသီမှာ ရေပေးတဲ့ဆည်ဖြစ်ပါ တယ်။ လှည်းကူးတစ်ဖက် ပဲခူးမြစ် ဘက်မှာ ပဲခူးတိုင်းဒေသကြီးနဲ့နီးတဲ့ နေရာမှာ လကွန်းပြင်ဆည်ဆိုပြီး ဆည်စုစုပေါင်း ငါးခုရှိပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

"အခု ငမိုးရိပ်ဆည်မှာ ရေလွှတ် ချလို့ ရန်ကုန်ဧရိယာထဲမှာ ရေကြီး မယ်ဆိုပြီး ပြည်သူတွေစိုးရိမ်ပူပန်မှု တွေရှိလာတယ်။ တကယ်ကျတော့ ငမိုးရိပ်ဆည်က ရေသိုလှောင်မှု ပမာဏကို ပြည့်မီခြင်းမရှိသေးပါဘူး၊ အခုထိလည်း ဆည်ကနေပြီး အောက် ကို ဆင်းလာတာမရှိပါဘူး။ ဆည်က ယနေ့အထိ ရေလှောင်ပမာဏက တစ်သိန်းခုနစ်သောင်း ခုနစ်ထောင်ရှိ ပါတယ်။ ရေအမှတ်အနေနဲ့ဆိုရင် ၁၀၆ ဒသမ ၇ ရှိပါတယ်။ ဒီနေ့ မွန်းတည့် ၁၂ နာရီ အထိပါ။ ရန်ကုန် မြို့နဲ့ ငမိုးရိပ်ဆည်က စုစုပေါင်း မိုင် ၄၀ ကျော် ရှိပါတယ်။ မိုင် ၄၀ လောက်ကြားထဲမှာ ပြီးခဲ့တဲ့ ၂၅ ရက်ကနေ ၃၁ ရက်အတွင်း မိုးရေချိန်က ၁၈ ဒသမ ၆ လက်မ ရွာသွန်းသွားပါတယ်။ အဲဒီအချိန်က လည်း ဝါဆိုလပြည့် ထူးကဲဒီရေနဲ့ သွားပြီး ဆုံတဲ့အချိန်ဖြစ်ပါတယ်။ ထူးကဲဒီရေဖြစ်တဲ့အခါ ရေတက်လာ တဲ့အခါ အပေါ်က ဆင်းမယ့်ရေကို တွန်းထားသလိုဖြစ်တယ်။ ဒါပေမယ့် မစီးဘူးလားဆိုတော့ စီးတယ်။ ချောင်း ရဲ့အားရှိသလောက် မစီးနိုင်ဘူး။ ရေကျချိန်မှာတော့ အပေါ်ရေကို နုတ် သွားပါတယ်။ ရေတက်ချိန်ကျတော့ အပေါ်ရေကိုပြန်တွန်းတယ်။ တစ်ရက် မှာ ရေကျတာ ရေတက်တာ နှစ်ကြိမ် ရှိပါတယ်။ မိုးကလည်း များတယ်။

အပေါ်က ချောင်းအတိုင်းစီးဖို့ ချောင်းရဲ့ Section မလုံလောက်တဲ့ အတွက် အပေါ်မှာ ရေကြီးတာဖြစ်ပါ တယ်။ အခု ငမိုးရိပ်ချောင်း တစ်လျှောက်မှာရှိတဲ့ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံမြို့သစ်၊ သင်္ဃန်း ကျွန်းစတဲ့မြို့နယ်တွေမှာ အောက်ပိုင်း ရောက်ရင် ဒီရေရဲ့သဘောက မြန်ပါ တယ်။ ရေရဲ့သဘောက မြင့်ရာကနေ နိမ့်ရာကိုစီးဆင်းတဲ့အတွက် ပင်လယ်ဝ ကလာတဲ့ ရေမြင့်လို့ အဲဒီဘက်တွေမြုပ် တာပါ၊ အပေါ်က ငမိုးရိပ်ဆည်မရှိရင် ငမိုးရိပ်ဆည်ထဲက တစ်သိန်းခုနစ် သောင်းခုနစ်ထောင် ဧကပေးသော ရေတွေဆင်းလာရင် ရေပိုများသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆည်က ဘာမှအန္တရာယ် မရှိပါဘူးတစ်သိန်း ခုနစ်သောင်းခုနစ်ထောင် ဆည် အပေါ်မှာလည်း နောက်ထပ် ဆည် နှစ်ခုလည်း ရှိပါတယ်တစ်သိန်းခုနစ် သောင်း ခုနစ်ထောင် ငမိုးရိပ်ဆည်ရဲ့ ဒီဇိုင်းအရ တွက်ချက်မှုက ဧကပေ ပေါင်း ခြောက်သိန်းလေးသောင်း ရှိပါတယ်။ ရေဝင်မှုပမာဏပါ။ ငမိုး ရိပ်ဆည်၊ ပေါင်းလင်းဆည်၊ မဟူရာ ဆည်ရယ် သုံးခုပေါင်းမှ ဧကပေ နှစ်သိန်းခွဲလောက် ရေလှောင်ထား ပါတယ်။ ရေပြည့်မီခြင်းမရှိသေးပါဘူး။

ငမိုးရိပ်ဆည်ရဲ့ အထက်ပိုင်းက ရေတွေ အောက်ကိုစီးလာခြင်းမရှိ သေးပါဘူး။ ငမိုးရိပ်ဆည်နဲ့ ရန်ကုန် မြို့ကြားမှာရွာတဲ့ မိုးရေကြောင့် ရေကြီးရေလျှံဖြစ်တာပါ။ အဲဒါကို ပြည်သူတွေ စိတ်ပူပန်ခြင်းမရှိ အောင် ရှင်းလင်းတင်ပြခြင်းဖြစ်ပါ တယ်။ တာတမံတွေ အားလုံး ပေ ၂၀ လောက် ရေပြည့်ဖို့လိုသေးတယ်။ စိတ်ပူစရာမရှိဘူး။" ဟု ၎င်းက ရန်ကုန်မြို့ခံပြည်သူများ၏ ငမိုးရိပ် ဆည်နှင့်ပတ်သက်၍ စိုးရိမ်သောက ဖြစ်မှုအပေါ် ရှင်းလင်းပြောကြား သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူး ဦးမျိုးသိမ်းက စည်ပင်သာယာရေး ကော်မတီအနေနဲ့ ရန်ကုန်မြို့ကို ရေပေးနေတဲ့ အဓိက ရေလှောင်ကန် ကြီးတွေဖြစ်တဲ့ လှော်ကား၊ ဂျိုးဖြူ ဖူးကြီး ရေလှောင်ကန်ကြီး သုံးကန်ကို မြို့ရေပေးရေးအနေနဲ့ မိုးတွင်းမှာ မိုးရေလှောင်ပြီးတော့ ထိန်းသိမ်းတာ ဖြစ်ပါတယ်ဟု ဆိုသည်။

"အများအားဖြင့် ဖူးကြီးကန် တစ်ကန်ပဲ နှစ်စဉ်နှစ်တိုင်း ရေလျှံတာ ရှိပါတယ်။ ဂျိုးဖြူ လှော်ကားတို့က တော့ ကန်ရေပြည့်အမှတ်ကို ရောက် ခဲပါတယ်။ ထူးထူးခြားခြား ပြီးခဲ့တဲ့ နှစ်က လှော်ကားကန်ရေပြည့်အမှတ် ကို ရောက်ပါတယ်။ ဒီနှစ်မှာတော့ လက်ရှိအချိန်ထိ ကန်ရေပြည့်အမှတ် လှော်ကားရဲ့ ကန်ရေပြည့်အမှတ် ၆၂ ပေ လက်ရှိ အချိန်ထိ ၁ ပေ ၅ လက်မလိုပါသေးတယ်။ ထူးထူး ခြားခြားစိုးရိမ်စရာမရှိပါဘူး။ ဂျိုးဖြူ ကန်ကလည်း ရန်ကုန်မြို့ကို အဓိက ရေပေးဝေနေတဲ့ ကန်ဖြစ်ပါတယ်။ ထပ်မံရေပြည့်ဖို့ဆိုရင် ၆ ပေ ၈ လက်မခွဲ ကျန်သေးတယ်။ မိုးရေချိန် တော်တော်များများ စဉ်ဆက်မပြတ် ဆက်တိုက် အမြောက်အမြား ရွာသွန်း မှသာ ကန်ရေလျှံတဲ့အထိရောက်မှာပါ။ ဂျိုးဖြူကန်အနေနဲ့လည်း ရေလျှံတဲ့ အနေအထားနည်းပါတယ်။ ပြီးခဲ့တဲ့ နောက်ဆုံး ၂၀၁၂ ခုနှစ်မှာပဲ ရေလျှံခဲ့ တာဖြစ်ပါတယ်။ ကန်ရေလျှံရင်လည်း လှိုင်မြစ်ထဲကို စီးဝင်သွားမှာပါ။ သူ့ လမ်းကြောင်းတစ်လျှောက် ရေလျှံမှု နည်းပါးပါတယ်။ ဖူးကြီးရေလှောင်ကန် ရဲ့ ရေလျှံအမှတ်က ၁၁၅ ပေ ၆ လက်မဖြစ်ပါတယ်။ လက်ရှိက ဖူးကြီး ကန်က ၁၁၅ ပေ ၅ လက်မကို ရောက် နေပါပြီ။ ဒီ့ပြင် ကန်ထက်စာရင် ရေလျှံဖို့ အလားအလာများပါ တယ်။ ဒါပေမယ့်လည်း ဖူးကြီးကန် က နှစ်စဉ်နှစ်တိုင်း ဖူးကြီးကန်သည် ရေလျှံနေကျဖြစ်တဲ့အတွက် သူ့ရဲ့ ရေလမ်းကြောင်းတစ်လျှောက်မှာ လည်း ငရုပ်ကောင်းချောင်း၊ မြောင်း တကာချောင်းကနေ လှိုင်မြစ်ထဲစီးဝင် သွားတဲ့အတွက် စီးဆင်းရာဧရိယာ မှာလည်း ရေလျှံတဲ့အခါ နေထိုင်မှု ဧရိယာအလှမ်းဝေးပါတယ်" ဟု ၎င်း က ပြောသည်။



**သတင်း - ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

"ကန်သုံးကန်နဲ့ ပတ်သက်ပြီး နှစ်စဉ်ရေပြည့်ရေလျှံမျိုးတွေ ဖြစ်တဲ့ အခါမှာ တမံတွေကြံ့ခိုင်မှုအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေနဲ့ ၂၀၁၂ ခုနှစ်ကစပြီး ကန်ပေါင်ကြံ့ခိုင်ရေးတွေ ဆောင် ရွက်ထားပါတယ်။ လှိုင်းပုတ်တဲ့အခါ လှိုင်းဒဏ်ကာကွယ်ဖို့ ၂၀၁၂ ခုနှစ် ကတည်းက ကျောက်စီနံရံတည် ဆောက်ထားပါတယ်။ အားလုံးပြီးစီး နေပါပြီ။ အင်းလျားကန်ကိုလည်း ပြီးခဲ့တဲ့နှစ်ကတည်းက ပြည်လမ်း ဘက်မှာ ကျောက်စီတဲ့လုပ်ငန်းတွေ ဆောင်ရွက်ထားပါတယ်။အင်းလျား ကန်ရဲ့ ရေကြီးရေလျှံမှုက ၂၀၀၇- ၂၀၀၈ လောက်ကတစ်ခါ ရေ အမြောက်အမြား လျှံခဲ့ဖူးတယ်။ အဲဒီအချိန်တည်းက ရေလျှော့လို့ရ အောင် ရေတံခါးတွေ ဆောင်ရွက်ပေး ခဲ့ပါတယ်။ ရေတံခါး ၁၂ ပေါက်နဲ့ ထိန်းညှိဆောင်ရွက်နေတဲ့အတွက် ၂၀၀၈ ကတည်းကစပြီး ထူးထူး ခြားခြားရေကြီး ရေလျှံမှုတွေဖြစ်လေ့ မရှိပါဘူး။ ခုအချိန်အထိလည်း ရေကို ရေလျှံမယ်ဆိုရင် ကြိုတင်ပြီး လျှော့နိုင်တဲ့ ဆောင်ရွက်ထားတဲ့ ရေတံခါး ၁၂ ပေါက်ကနေ တစ်ပေါက် ချင်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုပြီး ကြိုတင်ရေလျှော့သွားလို့ရပါတယ်။ အင်းလျားကန်အနေနဲ့ ထူးထူးခြားခြား သိပ်မရှိပါဘူး။ ကန်တော်ကြီးနဲ့ ပတ်သက်ပြီးလည်း ပြီးခဲ့သည့်နှစ်က ရေဝင်မြောင်းတွေ ရေထွက်မြောင်း တွေကြံ့ခိုင်မှုတွေ၊ မြောင်းတွေ ရေစီး ရေလာကောင်းအောင် မြောင်း အကျယ်အဝန်း ချဲ့ထွင်တဲ့အပိုင်းတွေ၊ မြောင်းတွေအနက်ရအောင် ဆောင် ရွက်တဲ့အပိုင်း လုပ်ထားတာဖြစ်တဲ့ အတွက် စိုးရိမ်စရာမရှိပါဘူး။ ကြိုတင် ကာကွယ်တဲ့အပိုင်းတွေကိုလည်း စည်ပင် အနေနဲ့ လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး၊ အင်းလျားကန်တော်ကြီး စသည့် ကန် တွေကို နှစ်စဉ်နှစ်တိုင်း ပြုပြင်ထိန်း သိမ်းမှုတွေ ဆောင်ရွက်ထိန်းသိမ်း ထားပါတယ်။ စိုးရိမ်စရာမရှိပါဘူး" ဟု ၎င်းက ပြောသည်။

## ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံတွင် မိုးအဆက် မပြတ် ရွာသွန်းမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခုနစ်မြို့နယ်တွင်လည်း ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"အခု မိုးက အဆက်မပြတ်ရွာတဲ့ အတွက် ဟင်္သာတ၊ မြန်အောင်၊ ဓနုဖြူ၊ ညောင်တုန်း၊ မအူပင်၊ သာပေါင်းနဲ့ ကြံခင်းမြို့တွေမှာ ရေကြီး ရေလျှံမှုတွေဖြစ်လာလို့ ရေဝင်တဲ့ အိမ်ထောင်စုတွေကို ရေဘေးလွတ်ရာ ကိုပူးပေါင်းကော်မတီဖွဲ့ပြီး ရွှေ့ပြောင်း ပေးနေရပါတယ်။ ဒီလိုရွှေ့ပြောင်းတဲ့ နေရာမှာလည်း ဘေးလွတ်ရာကို ပူးပေါင်းအဖွဲ့တွေက ပြောင်းပေးရ သလို အချို့ကလည်း ကိုယ့်အစီအစဉ် နဲ့ကိုယ်ပြောင်းကြတယ်။ အခုတော့ ရေဝင်ရောက်တဲ့အိမ်တွေက မိသားစု တွေအားလုံး ဘေးလွတ်ရာကို ပြောင်းရွှေ့ပေးပြီးပါပြီ" ဟု တိုင်း ဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

သို့ရာတွင် အချို့ရေဝင်ရောက် သည့် အိမ်ထောင်စုများမှာမူ အိမ်ထဲ သို့ရေဝင်ရောက်၍ အိမ်နစ်မြုပ်သည့် တိုင်အောင် ရွှေ့ပြောင်းခြင်းမရှိဘဲ အိမ်ထဲတွင်သာဆင့်ထိုး၍ နေထိုင် ခြင်းများလည်းရှိကြောင်း ဒေသခံ များ၏ပြောပြချက်အရ သိရသည်။

"ဒီဒေသက လူတွေက ရေ မကြောက်ကြတော့ဘူး။ ဒီလောက်ရေ တက်လာတာ သက်ဆိုင်ရာက သတိပေးရွှေ့ပြောင်းခိုင်းတာကို သူ့ အိမ်ကိုမထားခဲ့ချင်လို့ မပြောင်းတာ တွေလည်းရှိတယ်။ တစ်ထပ်အိမ်ကို တစ်ဝက်ကျော် ရေနစ်နေတာတောင် ခေါင်မိုးနားကပ်ပြီး ဆင့်ထိုးနေကြ တယ်။ သက်ဆိုင်ရာက အခုချိန်အထိ အဲဒီလိုအိမ်တွေကိုလိုက်ရှာပြီး ကယ် ဆယ်ရေးစခန်းကို ပို့ဖို့လုပ်နေရတယ်" ဟု ဟင်္သာတမြို့ခံတစ်ဦးက ပြော သည်။

ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် အချို့တွင် မြစ်ရေသည် ဇူလိုင် ၃၁ ရက်မှစကာ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ဟင်္သာတမြို့သည် စိုးရိမ်ရေမှတ်၏အထက် နှစ်ပေကျော် ခန့်အထိ ရောက်ရှိနေကြောင်း သိရ သည်။ **သီဟသူ**

## ကံမမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများထောက်ပံ့

**ကံမ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ သရက် ခရိုင်၊ ကံမမြို့နယ်တွင် ဧရာဝတီမြစ် ရေမြင့်တက်မှုကြောင့် ဩဂုတ် ၂ ရက် မှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်း တစ်လျှောက်ရှိ ကျေးရွာများ၌ လူနေအိမ်များ ရေနစ် မြုပ်ခဲ့ရာ ရေဘေးသင့်ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ ပစ္စည်းများ အား ရေလွှမ်းမိုးမှုကင်းလွတ်နေရာ များသို့ တာဝန်ရှိသူများက ရွှေ့ပြောင်း ပေးလျက်ရှိသည်။

အဆိုပါ ရေဘေးသင့် အိမ်ထောင်စုများသို့ ရွှေသံလွင် ကုမ္ပဏီမိသားစုနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များက ဆန် ၃၅၅ အိတ်၊ သောက်ရေသန့်ဘူး ၁၅၀၀၀၊ ခေါက်ဆွဲခြောက် ၂၀၀ ဖာနှင့် အဝတ် အထည်များ၊ ဆေးဝါးပစ္စည်းများအား နေရာအရောက် ပို့ဆောင်လှူဒါန်း ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း (ပြန်/ဆက်)**

## ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းဖော်ဆောင်နိုင်ရေး စတုတ္ထအကြိမ် မြန်မာ-ထိုင်း အဆင့်မြင့်ကော်မတီ အစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၃**

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေး အတွက် မြန်မာ-ထိုင်း အဆင့်မြင့်ပူးတွဲကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်များတွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းအကောင်အထည်ဖော်နိုင် ရေးအတွက် မြန်မာနိုင်ငံနယ်စပ်ဒေသများနှင့် ထိုင်းနိုင်ငံအထူးစီးပွားရေးဇုန် များအကြား စီးပွားရေးချိတ်ဆက်မှုနှင့်ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေး နှင့်အလုပ်သမားများ၏အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍လည်း နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြီးခဲ့သည့်လ ၂၈ ရက် တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့သော (၈)ကြိမ်မြောက် မြန်မာ- ထိုင်းနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ပါဝင်မည့်စက်မှုဇုန်သည် အရှေ့တောင်အာရှဒေသတွင် အကြီးဆုံးစက်မှုဇုန်တစ်ခုဖြစ်လာမည်ဟု သိရှိ ရပြီး ရေနက်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံနှင့်ဆက်သွယ်ထားမည့် ကားလမ်း၊ ရထား လမ်းများလည်း ပါဝင်မည်ဟု သိရှိရသည်။ **ဟန်နီဝင်း**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၄၀' |
| ၂။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၇. ၀၀' |
| ၃။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၂. ၄၀' |
| ၄။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၆၀' |
| ၅။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၄. ၅၀' |
| ၆။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၇၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၇၀' |
| ၈။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၄၀' |
| ၉။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၁၀' |
| ၁၀။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၃. ၁၀' |
| ၁၁။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၂၀' |
| ၁၂။ | ဆွာရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၄၀' |
| ၁၃။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၄။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၅။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၆။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၄၀' |
| ၁၇။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၉၅' |
| ၁၈။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၇၀' |
| ၁၉။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၀။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၆၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၂။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၂. ၁၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၃၀' |
| ၂၅။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၂. ၇၀' |
| ၂၆။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၁၅. ၉၀' |
| ၂၇။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၂. ၃၀' |
| ၂၈။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၁၈. ၁၀' |
| ၂၉။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၀. ၉၀' |
| ၃၀။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၀. ၅၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၅၀' |
| ၃၂။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၁. ၀၀' |
| ၃၃။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၁. ၀၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၃၅။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၂၅' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၀၃' |
| ၃၇။ | ဇာမဏီအင်းလှောင်တမံ | ၅၃၆၄ | ၁. ၀၀' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၁. ၁၀' |
| ၃၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၁. ၄၀' |
| ၄၀။ | နန်ကသူရေလှောင်မံ | ၄၀၄၈၇ | ၁. ၅၀' |
| ၄၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၂. ၉၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိ ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၅၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၅ | ၁. ၀၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၄၉၀ | ၂၆. ၀၀' |
| ၄။ | မြို့လှ(တပ်ကုန်း) ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၆၆၀ | ၂၇. ၈၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၀၇၉၉ | ၇. ၂၉' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၂၄၉၁ | ၁၀. ၁၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၅၈၁ | ၉. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၃၄ | ၅. ၉၂' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၉၆၇ | ၂၁. ၇၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၂၁၀ | ၄. ၉၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၀၆၅ | ၆. ၃၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၈၄၇၁၀၈ | ၀. ၃၀' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၅၃၅၈၆ | ၃၆. ၃၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၇၇၂၄၈ | ၁၃. ၉၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၃၉၉၄ | ၂၂. ၆၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၇၅၆၀ | ၁၂. ၃၅' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၀၅၀၀ | ၄. ၅၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၈၄၂၀၀ | ၉၀. ၈၀' |
| ၂၁။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၇၇၀၀၀ | ၀. ၃၀' |
| ၂၂။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၇၉၆၄၇ | ၆၀. ၄၀' |

(သတင်းစဉ်)

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

၂၀၁၅ ခုနှစ် ဩဂုတ်(၃)ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၉၈၀ | ၂၇၆၅၆ | ၁၁၁၂၈ | ၈၄၈၀ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၆၂ | ၈၂၁ | ၂၂၁ | - | - | ၅၀၀ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၄၅ | ၂၄၅ | ၂၄၅ | ၂၁၀ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇၀၂၆၅ | ၇၅၇၆၀ | ၅၉၉၄၄ | ၃၈၄၁၂ | ၁၅၅ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၂၈၁၂၄၁ | ၆၇၈၇၈ | ၃၇၁၉ | ၁၇၇၂ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၇၉၀၆၃ | ၂၂၆၃ | ၇၈၀၉၃ | ၅၃၁၉ | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၄၈၉၁ | - | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၃၉၄၁ | ၂၇၀၉၈၃ | ၁၄၄၀ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၄၆၃၈၂ | ၅၄၆၂ | ၁၀ | - | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၈၄၈၄ | ၁၂၄၈ | ၃၄၁ | ၆၃ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၉၁၉၇ | ၁၉၀၃၅ | ၇၉၈ | ၁၈၀ | - | ၃၀၁၀၀ | - | - | - |
| | **စုစုပေါင်း** | **၁၀၄၄၂၄၃** | **၂၁၉၈၁၇** | **၄၂၆၄၇၂** | **၅၆၁၆၃** | **၉၄၃** | **၁၇၂၈၇၇** | **၈၁၈၁၅** | **၆၁၀၀၀** | **၁၃၈၀** |

# ၂၀၁၉ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၂ ရက်နေ့အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၃၃၉၃၁ စုမှ လူဦးရေ ၂၁၇၇၆၈ ဦး ရေဘေးသင့်ခဲ့ပြီး ၄၆ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၃၉၈၇၈၅၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၁၃၈၅၂၆၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၄၄၉၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၅၄၄၀၇၇၀၈ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၈၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၂၃၇၁၅၁၈ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ(၂၄)ရက်နေ့မှ(၂၈)ရက်နေ့ထိ | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | - | ၁၈၃၇၃၈၄ | |
| ၅။ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၆၀၀၀၀၀ | ၆၃၉၄၅၇၁၀ | |
| ဇူလိုင်လ(၁၆)ရက်နေ့မှ ဩဂုတ်လ(၂)ရက်နေ့ထိ | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၇၆၇၁ | ၁၀၀၆၅၄ | ၇ | ၁၈၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၉၃၆၅၇၂၀ | ၆၀၀၀၀၀ | ၃၀၂၄၈၄၇၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၃ | ၅ | ၄၄၇၂ | ၅ | - | - | - | ၁၄၇၂၆၈၈ | - | ၁၄၇၂၆၈၈ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၈၈ | ၄၃၅ | ၂၂၃၇ | ၈ | - | - | ၂၈၅၀၀၀၀ | ၁၂၅၇၇၆၂ | ၅၀၀၀၀၀ | ၄၁၀၇၇၆၂ | (၃)ဦးပျောက်ဆုံး |
| ၅။ | ချင်းပြည်နယ် | ၂၄၉ | ၁၀၇၈ | ၃၇၈၀ | - | - | - | - | ၄၈၅၄၆၈ | - | ၄၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၅၁၈၈ | ၆၇၀၄ | ၃၂၂၆၀ | ၁၈ | - | - | - | ၅၅၁၆၅၀၀ | - | ၅၅၁၆၅၀၀ | |
| ၇။ | ကရင်ပြည်နယ် | - | ၃၆၀ | ၁၈၆၇ | - | ၅၀၉၅၂၀၀ | ၅၄၇၄၂၈၀ | - | - | - | ၁၀၅၆၉၄၈၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၄၆၆ | ၆၄၄၃ | - | - | ၂၁၁၈၂၀၀ | - | ၃၂၅၂၉၈၀ | - | ၅၃၇၁၁၈၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | - | ၃၈၆၄ | ၁၇၁၃၂ | - | - | - | - | ၁၄၇၃၁၂၀ | - | ၁၄၇၃၁၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂ | ၂၅၉၄ | ၂၅၅၉၆ | - | - | - | - | ၁၁၈၂၁၀၂၀ | - | ၁၁၈၂၁၀၂၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | - | ၁၉၀ | ၈၀၄ | - | - | - | - | ၈၂၉၂၆၀ | - | ၈၂၉၂၆၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၃၄၉ | ၁၄၄၈ | - | - | - | - | ၃၁၇၀၇၀ | - | ၃၁၇၀၇၀ | |
| | ပေါင်း | ၅၅၆၇ | ၂၅၈၁၃ | ၂၀၂၈၅၇ | ၃၉ | ၃၆၃၃၁၂၀၀ | ၇၅၉၂၄၈၀ | ၄၆၀၀၀၀၀ | ၃၈၇၀၁၁၂၈ | ၁၂၀၀၀၀၀ | ၈၈၄၂၅၈၀၈ | |
| | ဇွန်လနှင့်ဇူလိုင်လစုစုပေါင်း | ၅၉၇၂ | ၂၇၉၅၉ | ၂၁၇၇၆၈ | ၄၆ | ၃၉၈၇၈၅၅၀ | ၁၁၃၈၅၂၆၀ | ၄၄၉၀၀၀၀၀ | ၅၄၄၀၇၇၀၈ | ၁၈၀၀၀၀၀ | ၁၅၂၃၇၁၅၁၈ | |

## ရေဘေးသင့်ဒေသများအတွက် လှူဒါန်းပစ္စည်းများအား တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောများဖြင့် ပို့ဆောင်ပေးမည်

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေကြီးရေလျှံခြင်းကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ရေဘေးသင့်ပြည်သူများကို လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ထောက်ပံ့ကူညီပေးသည့်ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများအား တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောများဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး ပိုမိုချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး အောင်ကျော်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး အေးလင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် အလှူရှင်များမှ ပေးပို့လိုသည့်ပစ္စည်းများအား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် စနစ်တကျလက်ခံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ရေဘေးသင့်ပြည်သူများအတွက် ဝန်ကြီးဌာနများနှင့် စေတနာရှင်ပြည်သူများက ဆန်၊ ရေသန့်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ အသားဘူးများ၊ မိုးကာဖျင်စများ၊ အဝတ်အထည်၊ ဆေးသေတ္တာနှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ စုစုပေါင်း ၈၉ ဒသမ ၅ တန်ခန့်ကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ လာရောက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းမှုများမှ ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်ကုန်တင်လေယာဉ်သုံးစင်းဖြင့် ထောက်ပံ့ပစ္စည်းများ စုစုပေါင်း ၁၈ တန်ခန့်ကို စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ကျန်ရှိသည့် စေတနာရှင်ပြည်သူများမှ လာရောက်လှူဒါန်းသော ထောက်ပံ့ပစ္စည်း ၇၁ ဒသမ ၅ တန်ခန့်ကိုလည်း ရေဘေးသင့်ဒေသများသို့ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

ရေဘေးသင့်ပြည်သူများအား ပစ္စည်းများပေးပို့လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဒုတိယဗိုလ်မှူးကြီး ဇော်ဇော်ထွန်း ဖုန်း ၀၃၁-၂၇၀၅၁၊ ၀၃၁-၂၇၀၅၇ နှင့် ဒုတိယဗိုလ်မှူးကြီး အေးလင်း ဖုန်း ၀၉-၇၃၂၀၆၆၄၄ တို့ထံသို့ ဆက်သွယ်မေးမြန်းစုံစမ်းပေးပို့နိုင်ကြောင်း သိရသည်။

**(မြဝတီ)**

## ရေကြီးနစ်မြုပ် ရထားလမ်းပိုင်းများ စစ်ဆေးပြုပြင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)အတွင်း ရေကြီးရေလျှံမှုများကြောင့် ဂန့်ဂေါ-ကလေး လမ်းပိုင်း၊ နတ်ချောင်း-ကလေး ဘူတာကြား မိုင်တိုင်(၇၀၄/၁၅)ရှိ ဂိတ်စောင့်နေအိမ်နှင့် (၇၀၅/၅) စည်သာ(ချင်း) ရပ်စခန်းတွင် ရေလွှမ်းမိုးနစ်မြုပ်ခြင်း၊ တံတားအမှတ်(၁၂၃၀) ပေ ၂၀ သံပေါင်တံတား ရေဝင်ဘက်သို့ ၁၀ ဒီဂရီနှင့် ရေ့သို့ ၁၅ ဒီဂရီခန့် တိမ်းစောင်းခြင်း၊ ဂန့်ဂေါဘက် တောင်ပံနံရံထိပ်တွင် ဇလီဖားတုံးထိပ်အထိ မြေသားတာပေါင် ပြိုကျခြင်း၊ ကလေးဘက်ခြမ်းတွင် ကမ်းကပ်ခုံအနောက်ပေ ၄၀ ခန့် မြေသားတာပေါင်ရေတိုက်စားခြင်း၊ မိုင်တိုင်(၇၁၁/၂၄)နှင့် (၇၁၂/၂-၃) ကြားတွင် ပေ ၁၅၀ ခန့် တာပေါင်ရေတိုက်စားခြင်း၊ ပေ ၁၀၀ ခန့်မှာ ရေဝင်ဘက်နှင့် ရေထွက်ဘက်များ တာပေါင်တစ်ခြမ်းခန့် ရေတိုက်စားခြင်း၊ ပေ ၄၀ အရှည် မြေသားတာပေါင် ရေတိုက်စားခြင်း၊ တံတားအမှတ်(၁၂၃၁)တွင် ၁၀ ပေ ၆ လက်မရှိ ပြွန်တံတားရေထဲသို့ မျောပါသွားခြင်း၊ မိုင်တိုင်(၇၁၉/၉-၁၁)ကြားရှိ ပေ ၄၀ အရှည် တံတားအမှတ် (၁၂၅၀)၏ အစွန်းခံနှစ်ခုနှင့် ပေ ၄၀ သံပေါင်ရေထဲသို့ မျောပါသွားခြင်း၊ သံလမ်းလေး ဆက်ခန့်တာပေါင် မြေသားပြတ်ထွက်ခြင်းများ ဩဂုတ် ၂ ရက်က ဖြစ်ပွားခဲ့ရာ အဆိုပါနေရာများသို့ တိုင်းတာဝန်ခံနှင့် အင်ဂျင်နီယာမှူး (မြို့ပြ/တိုင်း-၁၀)တို့အဖွဲ့က သွားရောက်စစ်ဆေး၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ပျော်ဘွယ်-နတ်မောက် လမ်းပိုင်း၊ ရွာတော်လမ်းပေါင်းနှင့် မိချောင်းရဲဘူတာကြား မိုင်တိုင် (၃၃၃/၈-၉)ကြား၌ သံလမ်းရှစ်ဆက်ခန့် သဲဖုံးနေသဖြင့် အဆိုပါလမ်းပိုင်းကို ပိတ်ထားခဲ့ပြီး အင်ဂျင်နီယာ(သံလမ်း/မင်းဘူး)နှင့် လုပ်သားများက အမှတ်(၁၉၄) အစုန်ရထား၏ စက်ခေါင်းဖြင့် ဝင်ရောက်ရှင်းလင်းကာ နံနက် ၉ နာရီ ၃၆မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် အမှတ်(၁၉၄) အစုန်ရထားသည် လမ်းပိုင်းအတွင်း၌ မိနစ် ၃၀ ခန့် ကြန့်ကြာခဲ့ပြီး အမှတ်(၃၁၁၁)ကျောက်ရထားသည် ရွာတော်လမ်းပေါင်းဘူတာ၌ ၄ နာရီ ၅၅ မိနစ် ကြန့်ကြာခဲ့သည်။

ရထားလမ်းပိုင်း တာပေါင်များ ရေတိုက်စားခြင်း၊ သံလမ်းပေါ်တွင် သဲများ ဖုံးလွှမ်းခြင်းတို့ဖြစ်ပွားခဲ့၍ အဆိုပါနေရာများတွင် မြန်မာ့မီးရထားတာဝန်ရှိသူများက ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါ-ကလေး လမ်းပိုင်းကြားရှိ ကန်နှင့်မွေ့လည် ရထားလမ်းပိုင်းကို ဩဂုတ် ၂ ရက် ညနေ ၃ နာရီ ၅၁ မိနစ်တွင်လည်းကောင်း၊ သရက်-ဘုရားပေါ်လမ်းပိုင်းကြားရှိ ညောင်ကိုင်း-ဘုရားပေါ် ရထားလမ်းပိုင်းကို ညနေ ၅ နာရီခွဲတွင် လည်းကောင်း ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်အခြေခံပညာကျောင်းပေါင်း (၁၃၈၇)ကျောင်းအတွက် ပညာရေးဝန်ကြီးဌာနမှ ငွေကျပ်(၃၁၇) သန်းကျော် တန်ဖိုးရှိ စာရေးကိရိယာများ ပေးပို့ထောက်ပံ့လျက်ရှိ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် ရေကြီးရေလျှံမှုများကြောင့် အခြေခံပညာကျောင်းပေါင်း ၁၃၈၇ ကျောင်း ခေတ္တပိတ်ထားခဲ့ရသည်။

အဆိုပါ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရေဘေးသင့်၍ ပိတ်ထားရသော အခြေခံပညာကျောင်းပေါင်း ၁၃၈၇ ကျောင်းရှိပြီး ရေဘေးသင့်နယ်မြေများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများကို ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများသို့ ယနေ့ နံနက်ပိုင်းမှစ၍ ပေးပို့လျက်ရှိရာ ဗလာစာအုပ် ၁၆၀၀၀၀ ဒါဇင် တန်ဖိုးငွေကျပ်သန်း ၂၄၀၊ ခဲတံ ၅၃၃၄၀ ဒါဇင် တန်ဖိုးငွေကျပ် ၄၅ ဒသမ ၃၃၉ သန်းနှင့် ဘောပင် ၂၆၆၇၂ ဒါဇင် တန်ဖိုးငွေကျပ် ၃၂ ဒသမ ၀၀၆ သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၁၇ ဒသမ ၃၄၄ သန်းဖြစ်ကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပိတ်ထားရသော ကျောင်းအရေအတွက် | | | | ထောက်ပံ့မှု | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ဗလာစာအုပ် (ဒါဇင်) | | ခဲတံ (ဒါဇင်) | | ဘောပင် (ဒါဇင်) | | စုစုပေါင်း တန်ဖိုး (ကျပ်သန်း) |
| | | ထက် ဆင့် | လယ် ဆင့် | မူ ဆင့် | ပေါင်း | အရေ အတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | အရေ အတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | အရေ အတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | |
| ၁ | ကချင်ပြည်နယ် | ၉ | ၉ | ၄၄ | ၆၂ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၂ | ကရင်ပြည်နယ် | ၂ | ၉ | ၃၉ | ၅၀ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၃ | ချင်းပြည်နယ် | ၃ | ၃ | ၁၂ | ၁၈ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃ | ၅၈ | ၃၇ | ၁၀၈ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၅ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၂၃ | ၁၂၂ | ၄ | ၁၄၉ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၆ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၇ | ၂၁ | ၆၂ | ၉၀ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၇ | မကွေးတိုင်းဒေသကြီး | ၁၀ | ၂၄ | ၉၄ | ၁၂၈ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၈ | မန္တလေးတိုင်းဒေသကြီး | - | - | - | - | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၉ | ရခိုင်ပြည်နယ် | ၁၁ | ၂၉ | ၆၄၁ | ၆၈၁ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | ၀ | ၄ | ၂၀ | ၂၄ | - | - | - | - | - | - | - |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၆ | ၁၄ | ၅၇ | ၇၇ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၂ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၃ | မွန်ပြည်နယ် | - | - | - | - | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| | စုစုပေါင်း | ၈၄ | ၂၉၃ | ၁၀၁၀ | ၁၃၈၇ | ၁၆၀၀၀၀ | ၂၄၀·၀၀၀ | ၅၃၃၄၀ | ၄၅·၃၄၀ | ၂၆၆၇၂ | ၃၂·၀၀၆ | ၃၁၇·၃၄၄ |

## ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ဆိုင်ကလုန်းမုန်တိုင်း "ကိုမန်" (Komen) ၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိုင်းထွာရရှိခဲ့သော စုစုပေါင်းမိုးရေချိန်(လက်မ)ပြဇယား

| တိုင်းဒေသကြီးနှင့် ပြည်နယ်များ | မြို့များ | စုစုပေါင်းမိုးရေချိန် (လက်မ) |
|---|---|---|
| စစ်ကိုင်းတိုင်း ဒေသကြီး | မော်လိုက်မြို့ | ၁၁. ၃၀ |
| | ကလေးဝမြို့ | ၁၁. ၁၄ |
| | ကလေးမြို့ | ၁၂. ၃၆ |
| | ရွှေဘိုမြို့ | ၇. ၀၅ |
| | မုံရွာမြို့ | ၄. ၆၉ |
| မကွေးတိုင်း ဒေသကြီး | ချောက်မြို့ | ၃. ၈၂ |
| | မင်းဘူးမြို့ | ၆. ၁၈ |
| | မကွေးမြို့ | ၆. ၉၃ |
| | အောင်လံမြို့ | ၆. ၈၅ |
| | ဂန့်ဂေါမြို့ | ၈. ၄၆ |

| | | |
|---|---|---|
| | ဆင်ဖြူကျွန်းမြို့ | ၇. ၅၆ |
| ချင်းပြည်နယ် | မင်းတပ်မြို့ | ၁၅. ၅၁ |
| | ဟားခါးမြို့ | ၃၀. ၄၂ |
| | ပလက်ဝမြို့ | ၄၂. ၅၂ |
| | ဖလမ်းမြို့ | ၁၇. ၈၃ |
| ရခိုင်ပြည်နယ် | ကျောက်တော်မြို့ | ၅၀. ၅၅ |
| | စစ်တွေမြို့ | ၃၆. ၀၆ |
| | ကျောက်ဖြူမြို့ | ၃၅. ၂၀ |
| | သံတွဲမြို့ | ၂၄. ၈၀ |
| | ဂွမြို့ | ၂၀. ၃၄ |
| | မြောက်ဦး | ၂၉. ၈၄ |

(သတင်းစဉ်)

### ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
### အငှားအိမ်ရာစီမံကိန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါငွေလုံးငွေရင်း (အဆောက်အအုံ) ခေါင်းစဉ်အောက်မှ အငှားအိမ်ရာစီမံကိန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(၈)ခန်းတွဲ (၃)ထပ် Steel Structureတည်ဆောက်ရန် (၂) လုံး

၂။ **တင်ဒါရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ရက်

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၃၁-၈-၂၀၁၅ရက်

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော တင်ဒါပုံစံစည်းကမ်းချက် အသေးစိတ်အချက်များအား သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၈၃-၂၂၁၀၃ တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
### ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၏ သင်ကြားရေးအထောက်အကူပြု ဆက်စပ်ပစ္စည်းများနှင့် ကျောင်းဆောင်သုံးပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၈-၂၀၁၅ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၉-၅၂၁၄၃၇၇၊ ၀၈၁-၂၁၂၄၇၆၅၊ ၀၈၁-၂၁၂၄၁၉၆**
**ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)**

**ဦးရဲမင်းပိုင်**(သချ်ာ)
စာသင်သူများအတွက်နှစ်ဆတိုးသင်ပေးနေသည်
၁၀တန်းဘာသာစုံ လဆန်းစပြီ။ ၀၉ ၇၃၃၁ ၆၁၁၄၀
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်

အသုံးမလိုတော့သော လေအေးပေးစက်များ ဝယ်ယူလိုပါသည်။
09 253582510

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

## ဖခင်အမည်မှန်

အထက(ကော့မှူး)၊ တက္ကသိုလ်ဝင်တန်း(D)မှ မကျော့ကေခိုင်၏ဖခင်အမည်မှန်မှာ ဦးမြင့်ငြိမ်း ၁၂/ကခက(နိုင်)၀၈၄၁၁၈ ဖြစ်ပါကြောင်း။

**ဦးမြင့်ငြိမ်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၇-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(ဃ)ပါ သထုံခရိုင်တရားရုံး ၏ အကြောင်းကြားစာ ကြော်ငြာတွင် ခရိုင်တရားသူကြီးသိန်းမင်းအစား ထိန်မင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးမြကြီး၏သား ကချင်ပြည်နယ်၊ ရွှေကူမြို့၊ (၂) ရပ်ကွက်၊ ရန်ကြီးအောင်ရပ်နေ ဦးစိုင်းညိုနှင့် ဦးတိုးတိုး ၁/ရကန(နိုင်)၀၀၈၅၉၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ ကွမ်းအပ်မင်းသားလမ်း၊ မြေကွက်အမှတ် ၁၁၈၊ အကျယ်ပေ (၄၀×၆၀)ရှိ ဦးမောင်ဗိုလ် (MGN-032269)အမည်ပေါက် ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသက်လွင် ၁၂/ဒဂန(နိုင်) ၀၂၂၅၆၉၊ တိုက် ၃၃၊ အခန်း ၁၀၃၊ အင်းဝအိမ်ရာ၊ (၆၆) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေသူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထာနွယ်ခင် (LL.B, D.I.R, D.I.L)**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)**
**ရှေ့နေနားနေခန်း၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)**
**မြို့နယ်တရားရုံးအတွင်း**
**ဖုန်း-၀၉- ၅၁၉၇၉၃၂၊ ၀၉-၇၃၀၂၇၂၀၄**

**ဦးကျော်မိုးလွင် (စဉ်-၃၇၉၂၃)**
**ဒေါ်ခိုင်ဇင်ဝင်း (စဉ်-၃၇၉၅၁)**
**ဒေါ်ထွေးဇာခြည် (စဉ်-၃၈၀၂၀)**
**(အထက်တန်းရှေ့နေများ)**

**ပျောက်ဆုံး ကြောင်း**

ကျွန်တော်မောင်ဟန်မျိုးဇင် (CDC-68054)NRC 10/Ma La Ma(N) 181109 ၏ Result Sheet မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၂၂၆၂၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/ 7666၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4B/6179၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

**POST** ရာထူးဝင်ခွင့်သင်တန်း
● ဆရာမဝင်ခွင့်တန်းခွဲများ
● ဥလပိုင်းမြေပြည့် ဦးစီးမှူး တန်းခွဲ (ဝနေ၊တနင်္ဂနွေ ၉း၀၀-၁၂း၀၀)
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃

# ဥတုရာသီလိုက်၍ နို့စားနွားများကို အစာကျွေးခြင်းနှင့် စီမံခန့်ခွဲခြင်း

မင်းအောင်(မွေး/ဆေး)

နို့စားနွားတစ်ကောင်ဟာ အလုပ်ရုံ၊ စက်ရုံ တစ်ခုနဲ့ တူပါတယ်။ ဘာကြောင့်လဲဆိုတော့ ကုန်ကြမ်းပစ္စည်းများ (အစာအာဟာရ) ကို စားသောက်သုံးစွဲပြီးတော့ အရည်အသွေးမြင့်တဲ့ထုတ်ကုန် (နွားနို့) ကို ထုတ်ပေးနေတာကြောင့်ဖြစ်ပါတယ်။ အဲဒါကြောင့် နို့စားနွားတွေဆီကနေ အရည်အသွေးမြင့်တဲ့ ထုတ်ကုန် (နွားနို့) များ ပုံမှန်ထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းတွေဖြစ်တဲ့ အစာအာဟာရကို ကောင်းကောင်းမွန်မွန်နဲ့ ပုံမှန်ထောက်ပံ့ပေးနိုင်ရန် အလွန်အရေးကြီးပါတယ်။ ပူပြင်းပြီး စိုထိုင်းသောပတ်ဝန်းကျင် (hot and humid environmental condition) သည် နွားများကို stress ဖြစ်စေပြီး အစာစားနှုန်းကိုပါ ထိခိုက်စေနိုင်ပါတယ်။ အဲဒါကြောင့် rumen ထဲမှာ volative fatty acid ထွက်ရှိမှုနည်းပြီး နို့ထုတ်လုပ်မှုကိုလည်း လျော့ကျစေနိုင်ပါတယ်။

**၁။ Temperature-Humidity Index - THI (အပူချိန် -စိုထိုင်းဆယိုင်ညွှန်းကိန်း)**

နို့စားနွားတွေမှာ heat stress ဖြစ်စေတဲ့ အဓိက အခြေခံအကြောင်းရင်းကတော့ ပတ်ဝန်းကျင်အပူချိန်နဲ့ စိုထိုင်းဆ မြင့်တက်ခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ပတ်ဝန်းကျင်အပူချိန်နဲ့ စိုထိုင်းဆတို့ နှစ်ခုပူးပေါင်းခြင်းကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုကို အပူချိန်-စိုထိုင်းဆယိုင်ညွှန်းကိန်း (Temperature-Humidity Index-THI) နဲ့ တိုင်းတာနိုင်ပါတယ် **(ပုံ - ၁)**။ THI သည် ၇၂ ထက် ကျော်လွန်လာပါက minor heat stress စတင်လာပြီး အစာစားနှုန်း ကျလာပါတယ်။ THI သည် ၇၈ ထက်ကျော်လွန်လာမည်ဆိုပါက heat stress သည် ပိုပြင်းထန်လာပြီး နို့ထွက်နှုန်းကို ကောင်းကောင်းထိခိုက်နိုင်ပါတယ်။ တကယ်လို့ THI သည် ၈၂ ထက် ကျော်လွန်လာမည်ဆိုပါက heat stress သည် အပြင်းထန်ဆုံးဖြစ်လာပြီးတော့ နောက်ဆုံးမှာ တိရစ္ဆာန်တောင် အသက်ဆုံးရှုံးနိုင်ပါတယ်။

**၂။ Impact of Heat Stress on Cow Nutrition**

**Direct effect on DM intake-** ရာသီဥတုပူပြင်းလာတာနဲ့ နွားတွေဟာ အစာစားနှုန်း ၉-၁၃ ရာခိုင်နှုန်းခန့် ကျဆင်းလာပါတယ်။ အစာစားနှုန်းကို ကျစေနိုင်တဲ့အချက်တွေကတော့ panting (ရာသီဥတုပူပြင်းတာကြောင့် ပါးစပ်ဟပြီး အသက်ပြင်းပြင်း ရှူနေခြင်း) ဖြစ်နေခြင်းကြောင့် cud chewing time လျော့ကျပြီး အစာချေဖျက်နှုန်းကျလာပါတယ်။ အဲဒါကြောင့် saliva မှ buffer တွေ rumen သို့ရောက်ရှိတာလည်း နည်းသွားပါတယ်။ နောက်တစ်ချက်ကတော့ နွားတွေဟာ အပူဒဏ်ကိုကာကွယ်ရန်အတွက် အရိပ်အောက်မှာ အနေများတာကြောင့် သူတို့ရဲ့ grazing time ကို ကန့်သတ်ထားသလိုဖြစ်ပြီး အစာစားနှုန်းကို ထိခိုက်နိုင်ပါတယ်။

Direct effect on forage quality- Humidity နဲ့ high temperature သည် အပင်တွေရဲ့ ကြီးထွားနှုန်းကို ကောင်းစေနိုင်ပြီး fibre (neutral detergent fibre-NDF) ပါဝင်မှုလည်း မြင့်မားစေနိုင်ပါတယ်။ Fibre content မြင့်နေတာကြောင့် နွားတွေရဲ့ အစာစားနှုန်းလည်း လျော့ကျနိုင်ပါတယ်။

**၃။ Practical Management to Reduce Heat Stress**

**Shade-** Heat stress ကို လျှော့ချနိုင်ရန်အတွက် အလွယ်ကူဆုံးနည်းလမ်းကတော့ နွားတွေအတွက် အရိပ်ကို လုံလုံလောက်လောက် ဖန်တီးပေးရန်ဖြစ်



ပါတယ်။ အရိပ်ကို လုံလုံလောက်လောက် ဖန်တီးပေးခြင်းအားဖြင့် ပတ်ဝန်းကျင် အပူချိန်ကြောင့်ဖြစ်ပေါ်လာတဲ့ နွားတွေရဲ့ heat load ကို ၅၀ ရာခိုင်နှုန်းခန့်အထိ လျှော့ချနိုင်ပြီး အရိပ်မှာထားတဲ့နွားမတွေနဲ့ အရိပ်မှာ မထားတဲ့နွားမတွေဟာ နို့ထွက်နှုန်း ၁၀-၂၀ ရာခိုင်နှုန်းခန့် ကွာခြားပါတယ်။

**Overcrowding-** အရိပ်အောက်မှာ နွားတွေကို ထားသော်လည်း overcrowding ဖြစ်နေရင်တော့ အကျိုးသက်ရောက်မှု မရှိနိုင်ပါဘူး။ နွားတစ်ကောင်ဟာ အပူဒဏ်ကို ကာကွယ်နိုင်ရန်အတွက် အရိပ်အောက် မှာ အနည်းဆုံး ၃၈-၄၈ စတုရန်းပေ လိုအပ်ပါတယ်။

Roof- Highly reflective roofs တွေက နေရောင်ခြည်ကို အလင်းပြန်စေနိုင်ပြီးတော့ အမိုးအောက်မှာရှိတဲ့ နွားတွေကို အပူဒဏ်မှသက်သာစေနိုင်ပါတယ်။ အမိုးအောက်မှာ အပူဒဏ်ကို ကာကွယ်နိုင်ရန်အတွက် insulator များထားခြင်း၊ အမိုးကို ခပ်မြင့်မြင့်ထားခြင်းတို့ကြောင့်လည်း အပူဒဏ်ကို သက်သာစေနိုင်ပါတယ်။ တံစက်မြိတ်အမြင့် ၁၁ ဒသမ ၅-၁၄ ဒသမ ၅ ပေခန့်ထားခြင်းသည် အသင့်တော်ဆုံးဖြစ်ပါတယ်။

Extra air movement- နွားတဲထဲမှာ air movement မြှင့်တင်ပေးခြင်းသည်လည်း အရေးကြီးပါတယ်။ air movement မြှင့်တင်ပေးရန်အတွက် နည်းလမ်း နှစ်ခုရှိပါတယ်။ ပထမတစ်နည်းကတော့ နွားတဲထဲမှာ ပန်ကာများ တပ်ဆင်ခြင်းဖြစ်ပြီး နောက်တစ်နည်းကတော့ နွားတဲတွေရဲ့ ဘေးဘက်နံရံများကို ဖွင့်ပေးခြင်းဖြစ်ပါတယ်။

Sprinkler water- ရာသီဥတုပူပြင်းလာသောအခါ sprinkler များဖြင့် ရေမှုန်များဖျန်းပေးခြင်း၊ အမိုးပေါ်သို့ artificial raining ပြုလုပ်ပေးခြင်းတို့သည်လည်း အပူဒဏ်ကို ကောင်းစွာကာကွယ် ပေးနိုင်ပါတယ်။ Sprinkler များကို အသုံးပြုမယ်ဆိုရင်တော့ ကြမ်းခင်းသည် သန့်ရှင်းသပ်ရပ်သော ကွန်ကရစ်အခင်းဖြစ်တာက ပိုကောင်းပါတယ်။ ဒါမှမဟုတ် မြေသားဖြစ်နေမယ်ဆိုရင်တော့ နွားတွေ လှဲမအိပ်တာက ပိုကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ နွားတွေလှဲအိပ်လိုက်မယ်ဆိုရင် အောက်ကနွံတွေနဲ့ နို့အုံထိတွေ့ပြီး နွားမတွေမှာ နို့အုံရောင်ရောဂါဖြစ်နိုင်ခြေပိုများပါတယ်။ နောက်တစ်ချက်က sprinkler တွေကို feed bunk တွေနဲ့ နီးကပ်တဲ့နေရာတွေမှာ မတပ်ဆင်တာပိုကောင်းပါတယ်။ တကယ်လို့ feed bunk တွေနဲ့နီးတဲ့နေရာမှာ တပ်ဆင်လိုက်ရင် အစာတွေက စိုစွတ်လာပြီးတော့ ပူပြင်းတဲ့ရာသီဥတုအောက်မှာ မှိုပေါက်နှုန်းများလာနိုင်ပါတယ်။ သုတေသနပညာရှင်တွေရဲ့ အဆိုအရ sprinkler အောက်မှာ နွားတွေကို မိနစ် ၃၀ ခန့် ထားခြင်းအားဖြင့် နွားနို့ တစ်လီတာခန့် ပိုလာနိုင်ပြီး မိနစ် ၆၀ ခန့် ထားမည်ဆိုပါက ၁ ဒသမ ၅ လီတာခန့် ပိုရနိုင်တယ်လို့ တင်ပြထားပါတယ်။

**၄။ Nutritional Management during Hot Weather**

**Water-** ပူပြင်းတဲ့ရာသီမှာ သန့်ရှင်းပြီး အေးမြသောရေကို လုံလုံလောက်လောက် ဖန်တီးပေးသင့်ပါတယ်။ အေးမြတဲ့သောက်ရေက နွားတွေကို အေးစေနိုင်ပြီးတော့ အစာစားနှုန်းကို မြင့်တက်စေနိုင်ပါတယ်။ ရာသီဥတုပူပြင်းတဲ့အခါမှာ နွားတစ်ကောင်ဟာ တစ်နေ့ကို ရေ ၁၅၀-၂၀၀ လီတာခန့် သောက်သုံးနိုင်ပါတယ်။

**Energy-** ရာသီဥတုပူလာတဲ့အခါမှာ feed intake ကျသွားတာကြောင့် energy ရရှိနိုင်မှုလည်း လျော့နည်းနိုင်ပါတယ်။ နို့စားနွားတွေရဲ့အစာထဲမှာ (အထူးသဖြင့် High production နဲ့ heat stress ဖြစ်နေတဲ့အချိန်) energy သည် အလွန်အရေးကြီးတာကြောင့် အဲဒီအချိန်မှာ နို့ထွက်နှုန်းကို ထိန်းထားနိုင်ရန်အတွက် အစာထဲမှာ energy ပိုမိုပါဝင်ရန် ဖန်တီးပေးရပါမယ်။ concentrates (grains) တိုးကျွေးပြီး forages လျှော့ကျွေးခြင်းအားဖြင့် အစာထဲမှာ energy များများပါနိုင်ပါတယ်။ ဒါပေမယ့် concentrate ကို total diet (DM basis) ရဲ့ ၅၅-၆၀ ရာခိုင်နှုန်းထက်ပိုကျွေးပါက milk fat content ကျနိုင်တဲ့အပြင် acidosis, laminisis စသည့် ရောဂါများနဲ့ efficiency of nutrient utilization ကိုပါလျော့ကျစေနိုင်ပါတယ်။

**Dietary fat -** နွေရာသီ ရာသီဥတုပူပြင်းလို့ အစာစားနှုန်းကျနေတဲ့အချိန်မှာ အစာထဲမှာ fat ထည့်ကျွေးခြင်းဟာ energy ရရှိနိုင်ရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ energy ရရှိမှုမှာဆိုရင် fat သည် carbohydrate ထက် ၂ ဒသမ ၂၅ ဆခန့် ပိုရနိုင်ပါတယ်။ အဲဒါကြောင့် အစာထဲမှာ fat ထည့်ကျွေးခြင်းသည် energy ပိုမိုရရပြီး heat load ကိုလည်း လျှော့ချနိုင်တဲ့အပြင် milk fat content ကိုပါ တိုးစေနိုင်ပါတယ်။ rumen acidosis ဖြစ်မှုကို ကာကွယ်နိုင်ရန်အတွက် အစာထဲမှာ starch များများထည့်ကျွေးပြီး energy ပိုမိုရရှိရန် လုပ်ဆောင်သောနည်းကို တချို့သော သုတေသနပညာရှင်တွေက အားမပေးပါ။ သို့သော်လည်း အစာချေဖျက်နှုန်းကျနိုင်သောကြောင့် total diet (DM basis) ထဲမှာ fat content သည် ၅-၇ ရာခိုင်နှုန်းထက် ပိုမကျွေးသင့်ပါ။

**Crude protein (CP) -** နွေရာသီမှာ အစာစားနှုန်း ကျလာတာကြောင့် diet ထဲမှာ CP ပမာဏ တိုးကျွေး ရပါမယ်။ အရေးကြီးတာက နွားတစ်ကောင် လိုအပ်သော CP ပမာဏ (lb or kg) ကို ကျွေးရန်ဖြစ်ပြီး percentage in the diet ကို ဆိုလိုခြင်းမဟုတ်ပါ။

**Fibre -** နွားတွေရဲ့ rumen function အတွက် fibre ကို အဓိကလိုအပ်ပါတယ်။ ဒါပေမယ့် fibre ကို digestion လုပ်ခြင်းကြောင့်ထွက်လာသော heat သည် concentrate ကို digestion လုပ်ခြင်းကြောင့် ထွက်လာသော heat ထက်ပိုများပါတယ်။ ရာသီဥတုပူပြင်းတဲ့အပြင် High fibre diet ကိုပါ နွားတွေစားရမယ်ဆိုရင် feed intake ကျသွားတာကြောင့် သူတို့ကို high quality forages ကို ကျွေးဖို့လိုအပ်ပါတယ်။ အဲဒါမှ ပမာဏနည်းနည်းနဲ့ လိုအပ်တဲ့ nutrient ကို အလုံအလောက်ရရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် rumen ရဲ့ normal function ကို ထိန်းထားနိုင်ဖို့အတွက် diet ထဲမှာ fibre ပမာဏသည် ADF က ၁၈-၁၉ ရာခိုင်နှုန်းနဲ့ NDF က ၂၈-၃၀ ရာခိုင်နှုန်း ထက် လျော့နည်းလို့မရပါ။

**Mineral elements -**ရာသီဥတုပူပြင်းလာတဲ့ အခါမှာ တချို့ mineral elements တွေရဲ့လိုအပ်ချက်ဟာလည်း မြင့်တက်လာပါတယ် **(ပုံ-၂)**။

**Buffers -** နွေရာသီပူပြင်းတဲ့ရာသီဥတုမှာ diet မှ heat load ကိုလျှော့ချနိုင်ရန်အတွက် low fibre and high concentrate diets ကို ကျွေးမယ်ဆိုရင် sodium bicarbonate ကဲ့သို့သော buffer များကို အစာထဲမှာ ထည့်ကျွေးသင့်ပါတယ်။

*စာမျက်နှာ ၁၆ သို့*

**Temperature-Humidity Index (THI)** ပုံ-၁

Table 1. Table of temperature-humidity indexes (THI)* at varying temperatures and relative humidities.

| Temp (F) | 5 | 10 | 15 | 20 | 25 | 30 | 35 | 40 | 45 | 50 | 55 | 60 | 65 | 70 | 75 | 80 | 85 | 90 | 95 | 100 | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ----------Relative Humidity, %---------- | | | | | | | | | | | | | | | | | | | | |
| | ----------THI---------- | | | | | | | | | | | | | | | | | | | | |
| 70 | 64 | 64 | 64 | 65 | 65 | 65 | 66 | 66 | 66 | 67 | 67 | 67 | 68 | 68 | 68 | 69 | 69 | 69 | 70 | 70 | |
| 71 | 64 | 65 | 65 | 65 | 66 | 66 | 66 | 67 | 67 | 67 | 68 | 68 | 68 | 69 | 69 | 70 | 70 | 70 | 71 | 71 | Heat stress begins. |
| 72 | 65 | 65 | 65 | 66 | 66 | 67 | 67 | 67 | 68 | 68 | 69 | 69 | 69 | 70 | 70 | 70 | 71 | 71 | 72 | 72 | |
| 73 | 65 | 66 | 66 | 66 | 67 | 67 | 68 | 68 | 68 | 69 | 69 | 70 | 70 | 71 | 71 | 71 | 72 | 72 | 73 | 73 | |
| 74 | 66 | 66 | 67 | 67 | 67 | 68 | 68 | 69 | 69 | 70 | 70 | 70 | 71 | 71 | 72 | 72 | 73 | 73 | 74 | 74 | |
| 75 | 67 | 67 | 67 | 68 | 68 | 68 | 69 | 69 | 70 | 70 | 71 | 71 | 72 | 72 | 73 | 73 | 74 | 74 | 75 | 75 | |
| 76 | 67 | 67 | 68 | 68 | 69 | 69 | 70 | 70 | 71 | 71 | 72 | 72 | 73 | 73 | 74 | 74 | 75 | 75 | 76 | 76 | |
| 77 | 67 | 68 | 68 | 69 | 69 | 70 | 70 | 71 | 71 | 72 | 72 | 73 | 73 | 74 | 74 | 75 | 75 | 76 | 76 | 77 | Sharp drops in production occur. |
| 78 | 68 | 68 | 69 | 69 | 70 | 70 | 71 | 71 | 72 | 73 | 73 | 74 | 74 | 75 | 75 | 76 | 76 | 77 | 77 | 78 | |
| 79 | 68 | 69 | 69 | 70 | 70 | 71 | 71 | 72 | 73 | 73 | 74 | 74 | 75 | 76 | 76 | 77 | 77 | 78 | 78 | 79 | |
| 80 | 69 | 69 | 70 | 70 | 71 | 72 | 72 | 73 | 73 | 74 | 75 | 75 | 76 | 76 | 77 | 78 | 78 | 79 | 79 | 80 | |
| 81 | 69 | 70 | 70 | 71 | 72 | 72 | 73 | 73 | 74 | 75 | 75 | 76 | 77 | 77 | 78 | 78 | 79 | 80 | 80 | 81 | |
| 82 | 69 | 70 | 71 | 71 | 72 | 73 | 73 | 74 | 75 | 75 | 76 | 77 | 77 | 78 | 79 | 79 | 80 | 81 | 81 | 82 | Danger Zone |
| 83 | 70 | 71 | 71 | 72 | 73 | 73 | 74 | 75 | 75 | 76 | 77 | 78 | 78 | 79 | 80 | 80 | 81 | 82 | 82 | 83 | |
| 84 | 70 | 71 | 72 | 73 | 73 | 74 | 75 | 75 | 76 | 77 | 78 | 78 | 79 | 80 | 80 | 81 | 82 | 83 | 83 | 84 | |
| 85 | 71 | 72 | 72 | 73 | 74 | 75 | 75 | 76 | 77 | 78 | 78 | 79 | 80 | 81 | 81 | 82 | 83 | 84 | 84 | 85 | |
| 86 | 71 | 72 | 73 | 74 | 74 | 75 | 76 | 77 | 78 | 78 | 79 | 80 | 81 | 81 | 82 | 83 | 84 | 84 | 85 | 86 | |
| 87 | 72 | 73 | 73 | 74 | 75 | 76 | 77 | 77 | 78 | 79 | 80 | 81 | 81 | 82 | 83 | 84 | 85 | 85 | 86 | 87 | |
| 88 | 72 | 73 | 74 | 75 | 76 | 76 | 77 | 78 | 79 | 80 | 81 | 81 | 82 | 83 | 84 | 85 | 86 | 86 | 87 | 88 | |
| 89 | 73 | 74 | 75 | 75 | 76 | 77 | 78 | 79 | 80 | 80 | 81 | 82 | 83 | 84 | 85 | 86 | 86 | 87 | 88 | 89 | |
| 90 | 73 | 74 | 75 | 76 | 77 | 78 | 79 | 79 | 80 | 81 | 82 | 83 | 84 | 85 | 86 | 86 | 87 | 88 | 89 | 90 | |
| 91 | 74 | 75 | 76 | 76 | 77 | 78 | 79 | 80 | 81 | 82 | 83 | 84 | 85 | 86 | 86 | 87 | 88 | 89 | 90 | 91 | |
| 92 | 74 | 75 | 76 | 77 | 78 | 79 | 80 | 81 | 82 | 83 | 84 | 85 | 85 | 86 | 87 | 88 | 89 | 90 | 91 | 92 | |
| 93 | 75 | 76 | 77 | 78 | 79 | 80 | 80 | 81 | 82 | 83 | 84 | 85 | 86 | 87 | 88 | 89 | 90 | 91 | 92 | 93 | |
| 94 | 75 | 76 | 77 | 78 | 79 | 80 | 81 | 82 | 83 | 84 | 85 | 86 | 87 | 88 | 89 | 90 | 91 | 92 | 93 | 94 | |
| 95 | 76 | 77 | 78 | 79 | 80 | 81 | 82 | 83 | 84 | 85 | 86 | 87 | 88 | 89 | 90 | 91 | 92 | 93 | 94 | 95 | |
| 96 | 76 | 77 | 78 | 79 | 80 | 81 | 82 | 83 | 85 | 86 | 87 | 88 | 89 | 90 | 91 | 92 | 93 | 94 | 95 | 96 | |
| 97 | 77 | 78 | 79 | 80 | 81 | 82 | 83 | 84 | 85 | 86 | 87 | 88 | 89 | 91 | 92 | 93 | 94 | 95 | 96 | 97 | |
| 98 | 77 | 78 | 79 | 80 | 82 | 83 | 84 | 85 | 86 | 87 | 88 | 89 | 90 | 91 | 93 | 94 | 95 | 96 | 97 | 98 | |
| 99 | 78 | 79 | 80 | 81 | 82 | 83 | 84 | 85 | 87 | 88 | 89 | 90 | 91 | 92 | 93 | 94 | 96 | 97 | 98 | 99 | |
| 100 | 78 | 79 | 80 | 82 | 83 | 84 | 85 | 86 | 87 | 88 | 90 | 91 | 92 | 93 | 94 | 95 | 97 | 98 | 99 | 100 | |

*THI = td - (0.5 x RH)(td - 58), where td = dry bulb temperature (degrees F) and RH = relative humidity in decimals.

mauvs

**Recommendations for selected dietary mineral elements** ပုံ-၂

| Mineral | NRC | Heat stress |
|---|---|---|
| | (% of diet dry matter) | |
| Potassium | 0.9 | 1.2 -1.5 |
| Sodium | 0.18 | 0.4 – 0.6 |
| Magnesium | 0.2 | 0.3 – 0.35 |

mauvs



# နေရပ်ပြန်ပြည်သူများအတွက် ဆန်အိတ်များထောက်ပံ့

**ကွမ်းလုံ ဩဂုတ် ၃**

ကွမ်းလုံမြို့နယ် စံပြကျေးရွာအုပ်စုရှိ ကျေးရွာများသို့ ပြန်လည်ရောက်ရှိနေသော စစ်ဘေးရှောင်နေရပ်ပြန်ပြည်သူများအတွက် ဆန်အိတ်များပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက်က စံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီး လူမှုရေးဝန်ကြီးနှင့် ဇနီးဒေါ်စိန်ရီတို့က စံပြကျေးရွာအုပ်စုအတွင်းရှိ မာလုကော်ကျေးရွာ၊ ကန်လန်ကမ်းရွှေကျေးရွာ၊ ကျူဖန်ကြိုင်းကျေးရွာသုံးရွာရှိ အိမ်ထောင်စု ၉၄ စုအတွက် ဆန်အိတ် ၂၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲစခန်းမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**

# Milano Expo 2015၏ မြန်မာနေ့အခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၃**

အီတလီနိုင်ငံ မီလန်မြို့၌ ၂၀၁၅ ခုနှစ် မေ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ကျင်းပလျက်ရှိသော Expo Milano 2015 ၏ မြန်မာနေ့အခမ်းအနားနှင့် အလံတင်အခမ်းအနားကို ဇူလိုင် ၃၁ ရက်က ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အခမ်းအနားတွင် Expo Milano 2015 ၏ Commissioner General Mr.Bruno Antonio Pasquino က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားရာတွင် မီလန်ကုန်စည်ပြပွဲ၏ အဓိက ဆောင်ပုဒ်ဖြစ်သော Feeding the planet, Energy for life နှင့် အညီ မြန်မာအမျိုးသား ပြခန်းဆောင်ကို ဆန်အစုအဖွဲ့ပြခန်းများတွင် ပါဝင်ပြသခဲ့ခြင်းမှာ တစ်ချိန်က အာရှတွင် ထိပ်တန်းဆန်တင်ပို့သည့် နိုင်ငံတစ်ခုဖြစ်ခဲ့သည့် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အီးယူတို့အကြား ကဏ္ဍစုံတွင် ဆက်ဆံရေးများ တိုးတက် ကောင်းမွန်လာနေပြီဖြစ်သည့်အတွက် အနာဂတ်တွင်လည်း ပိုမိုရင်းရင်းနှီးနှီး ဆက်ဆံသွားလိုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အီတလီနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် အီတလီနိုင်ငံ၊ ထိုင်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဂျာမနီနိုင်ငံတို့၏ အမျိုးသား ပြခန်းဆောင်များကို ကြည့်ရှုကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇူလိုင် ၃၀ ရက်က တူရင်မြို့တော်ဝန် Mr.Piero Fassino ၏ ဖိတ်ကြားချက်အရ တူရင်မြို့သို့သွားရောက်ခဲ့ပြီး မြို့တော်ခန်းမ၌ တူရင်မြို့တော်ဝန်၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် တူရင်ကုန်သည်များအသင်းမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး မြန်မာ-အီတလီနှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး၊ ကုန်စည်ပြပွဲများကျင်းပရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့ကိုဆွေးနွေးခဲ့ပြီး တက်ရောက်လာသူအချို့က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်းပြီး သိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Martini & Rossi Company သို့ သွားရောက်ပြီး ဝိုင်ထုတ်လုပ်မှုများကို လေ့လာကြောင်း သိရသည်။ **(သတင်းစဉ်)**

---

*စာမျက်နှာ ၁၅ မှ*

အစာထဲမှာ sodium bicarbonate သည် အနည်းဆုံး ၀ ဒသမ ၇၅ ရာခိုင်နှုန်းခန့် ပါဝင်ဖို့ လိုအပ်ပါတယ်။

**Succulent feedstuffs –** silages green chop forages နဲ့ by-products such as wet brewers grains တွေဟာ succulent feedstuffs တွေဖြစ်ပြီး moisture ပမာဏမြင့်မားပါတယ်။ နွားတွေဟာ succulent Feedstuffs တွေကို ကြိုက်နှစ်သက်တာကြောင့် hot weather မှာ အဲဒီအစာတွေကို ကျွေးခြင်းအားဖြင့် feed intake ကိုကောင်းစေနိုင်ပါတယ်။ ဒါပေမယ့် နွားတွေရဲ့ ration သည် moisture များလွန်းနေရင် intake ကိုထိခိုက်နိုင်တာကြောင့် hot weather rations မှာဆိုရင် moisture ပမာဏသည် ၅၀-၅၅ ရာခိုင်နှုန်းထက် မများစေရန် ဂရုစိုက်ရပါမယ်။ ရာသီဥတုပူပြင်းချိန်မှာ succulent feeds တွေသည် dry feeds တွေထက်ပိုပြီး မြန်မြန်ပျက်စီးနိုင်တာကြောင့် feed bunks တွေကို နေ့စဉ်သန့်ရှင်းရေး လုပ်သင့်ပါတယ်။

**၅။ Feeding Management during Hot Weather**

ပူပြင်းတဲ့အချိန်မှာ အစာကျွေးမယ်ဆိုရင် အစာရှိတဲ့နေရာကို နွားတွေလာစေခြင်းထက် နွားတွေရှိတဲ့ နေရာကို အစာသွားကျွေးတာက ပိုကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ အစာစားဖို့နွားတွေ လမ်းလျှောက်လာရတာကြောင့် heat load မြင့်တက် လာနိုင်ပါတယ်။ အဲဒါကြောင့် နေ့ခင်းအပူပြင်းဆုံး အချိန်မှာ နွားတွေလမ်းလျှောက်တာကို လျှော့ချသင့်ပါတယ်။

စားကျက်မှာ လွှတ်ကျောင်းမယ်ဆိုရင် နေ့ခင်း အပူပြင်းဆုံးအချိန်တွေမှာ နွားတွေကို အရိပ်မှာ နား စေပြီး မနက်အစောနဲ့ ညနေပိုင်းတွေမှာ (between 8:00 PM to 8:00 AM) လွှတ်ကျောင်းသင့်ပါတယ်။ အစာကျွေးတဲ့အခါမှာ total ration ရဲ့ ၆၀-၇၀ ရာခိုင်နှုန်းကို အပူချိန်ကျတဲ့ မနက်အစောနဲ့ ညနေပိုင်းတွေ မှာ ကျွေးသင့်ပါတယ်။ အဲဒီလိုကျွေးခြင်းအားဖြင့် ရာသီဥတုပူပြင်းတဲ့အချိန်မှာ နို့ထွက်နှုန်းကို ကောင်းစေနိုင်ပါတယ်။

Hot and humid weather မှာဆိုရင် နွားတွေကို အကြိမ်ရေ (increase number of feeding times/day) တိုးကျွေးတာကောင်းပါတယ်။ တစ်ကြိမ်ကို နည်းနည်းနဲ့ အကြိမ်ရေ များများကျွေးခြင်းကြောင့် feed heating နဲ့ spoilage ဖြစ်ခြင်းမှ ကာကွယ်နိုင်ပါတယ်။ အစာတွေနားမှာ flies တွေရှိနေတာကိုလည်း လျှော့ချနိုင်တာကြောင့် insect population ကိုလည်း လျှော့ချနိုင်ပါတယ်။

အချုပ်အားဖြင့် နွေရာသီနီးလို့ ရာသီဥတုပူပြင်း လာတော့မယ်ဆိုရင် ကြိုတင်ပြင်ဆင်ထားသင့်တဲ့ အဓိက အချက်တွေကတော့--

1. To modify the diet to maintain feed intake
2. To increase the amount of water available to the herd
3. To provide shade
4. To provide for a good air exchange in the barn and install misters to help cool the cattle တို့ပဲဖြစ်ပါတယ်။

အဲဒါကြောင့် ရာသီဥတုပူပြင်းနေတဲ့အချိန်မှာ good management techniques များကိုသာ အသုံးပြုမယ်ဆိုရင် နို့စားတွေမှ အကောင်းဆုံး ထုတ်လုပ်မှုကို ထိန်းထားနိုင်ပြီး အကျိုးအမြတ်များများ ရရှိနိုင်ပါတယ်။

---

# ထိုင်းနိုင်ငံဘုရင်မကြီးမွေးနေ့ အထိမ်းအမှတ်အရ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ကစား

**ဖန်ငဩဂုတ် ၃**

ဩဂုတ် ၁၂ ရက်တွင်ကျရောက်မည့် ထိုင်းနိုင်ငံဘုရင်မကြီး၏ ( ၈၃) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက ကြီးမှူး၍ ထိုင်းနိုင်ငံတောင်ပိုင်း၊ ဖန်ငခရိုင်အတွင်းရှိ တကွာပါမြို့နယ်၊ ခီးခပ်ကျေးရွာရှိ FED (ပညာရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း) ၏ ကျောင်းဝင်းအတွင်း၌ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED ဒါရိုက်တာ ဦးထူးချစ်၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ၌ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားအသင်းပေါင်း ၁၆သင်းတို့က ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ပြီး နှစ်စဉ်ယှဉ်ပြိုင်ကစားနေကြကြောင်း သိရသည်။

"ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ အချင်းချင်း သွေးစည်းညီညွတ်မှုရအောင်နဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားကြား မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်သွားအောင်လို့ ရည်ရွယ်ပြီး အခုဘောလုံးပွဲကို ဒေသခံထိုင်းအာဏာပိုင်နဲ့ ပူးပေါင်းပြီးလုပ်ဆောင်လိုက်တာပါ။ အခုလိုဘောလုံးပြိုင်ပွဲတွေကို ကျွန်တော်တို့ FED အနေနဲ့ လုပ်ဆောင်ပေးတာ၊ အခုဆိုရင် (၁၀) ကြိမ်မြောက်ရှိပါပြီ"ဟု FED ဒါရိုက်တာ ဦးထူးချစ်က ပြောသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ ဘောလုံးပွဲ နောက်ဆုံးဗိုလ်လုပွဲကို မယှဉ်ပြိုင်မီ FED အဖွဲ့အစည်း၏ ဝန်ထမ်းများနှင့် ဒေသခံထိုင်းရဲတပ်ဖွဲ့တို့က ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကစားခဲ့ကြကြောင်းသိရပြီး အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအမျိုးသမီးများလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ယှဉ်ပြိုင်ကစားခဲ့သော ထိုင်းရဲတပ်ဖွဲ့အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ လည်စည်းများကို တာဝန်ရှိသူများက လက်ဆောင်ပေးအပ်ခဲ့ကြကြောင်းသိရပြီး ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED အနေဖြင့် ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ပွဲကို ထိုင်း-မြန်မာနယ်စပ် ရနောင်းမြို့၌ ပထမဦးဆုံးအကြိမ် ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်ထိ ကျင်းပပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း SP**

---

# သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင် သရုပ်ပြလေ့ကျင့်

**ရေး ဩဂုတ် ၃**

မွန်ပြည်နယ် ရေးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင် သရုပ်ပြလေ့ကျင့်ခြင်းကို ဩဂုတ် ၁ ရက် မွန်းတည့် ၁၂နာရီက သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်နှင့် သန္တေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီဒုတပ်ရင်းမှူး ဦးနိုင်ဇော်လတ်နှင့်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၆၅ ဦးက ရေးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအနက် ရေးမြစ်ချောင်းအတွင်း၌ ရေပြင်အသက်ကယ်ခြင်းလုပ်ငန်းများကို ပူးပေါင်းသရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**



---

# လားရှိုးမြို့တော်ခန်းမတွင် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**လားရှိုး ဩဂုတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တော်ခန်းမ၌ ဩဂုတ် ၂ ရက်က ရှမ်းပြည်နယ်မှ ကြီးမှူးလျက် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က လားရှိုးမြို့ရှိ ကျောင်းတိုက် ၃၂ တိုက်ကို ကျောင်းတိုက်တစ်တိုက်လျှင် ဆန်တစ်အိတ်နှုန်းဖြင့် လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ တွဲဖက်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးမြို့ ရပ်ကွက် ၁၊၂၊၃ တို့မှ စေတနာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကဘဏ်လုပ်ငန်းများ၊ မြို့နယ်အထောက်အကူပြုကော်မတီ များ၊ ရွှေကုန်သည်ကြီးများအသင်းတို့က ပင့်သံဃာ စုစုပေါင်း ၇၇၅ ပါးတို့အား လှူဖွယ်ပစ္စည်းများကို စုပေါင်းလှူဒါန်းခဲ့ကြပြီး စုပေါင်းလှူဒါန်းမှု တန်ဖိုးမှာ ငွေကျပ် ၆၈ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ရေဘေးသင့်ပြည်သူများအတွက် မျိုးစပါးနှင့်ထောက်ပံ့ပစ္စည်းများပေးအပ် လမ်း၊တံတားပြုပြင်ရေးလုပ်ငန်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ ဇူလိုင် ၁၆ရက်မှစတင်ကာ ဇူလိုင် ၂၀ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဇူလိုင် ၄ ရက်မှ ၂၀ ရက်အထိ မိုးရေချိန်လက်မ ၃၄ ဒသမ ၈၇ ရှိသည်။ ၂၀၀၄ ခုနှစ်မှ စတင်သော မှတ်တမ်းများအရ ၂၀၁၅ ခုနှစ် ဇူလိုင်လ၏ မိုးရေချိန်လက်မသည် အများဆုံးဖြစ်ခဲ့သည်။ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းမှ စတင်ပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရေကြီးရေလျှံမှုသည် ကျေးရွာအုပ်စု ၄၃ စုနှင့် ကျေးရွာပေါင်း ၈၉ ရွာတွင် ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားချိန်မှစ၍ ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ကော်မတီသုံးရပ်နှင့်၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ရေကြီး ရေလျှံမှုကြောင့် တောင်သူ ၇၀၉၈ ဦး၏ စပါးစိုက်ပြီး ၃၄၆၁၇ ဧကနှင့် အိမ်ခြေ ၂၃၈၃ လုံး ၊ အိမ်ထောင်စု ၂၅၁၀ ရေနစ်မြုပ်ခဲ့သည်။



ရေကျလယ်မြေများ ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်ထားပုံ။

ရေကြီးရေလျှံမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၊ ဒေသခံပြည်သူသုံးဦးနှင့် ကျွဲလေးကောင်၊ နွားခြောက်ကောင်၊ ဝက် ၁၅ ကောင်မျောပါသေဆုံးခဲ့သည်။ ရေကြီးရေတိုက်စားမှုကြောင့် လူနေအိမ် ၁၁ လုံး၊ လမ်း၊ တံတားများ၊ တံတားခေါင်းများ ပျက်စီးခဲ့သည်။ ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်ကစတင်ပြီး ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံများပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့သည်။ ဇူလိုင် ၁၉ ရက် ရက်မှစတင်ပြီးကောလင်းမြို့ပေါ်ရှိ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်၊ အနောက်ကျောင်းကြီးစာသင်တိုက်၊ ရေဝန်းဘုန်းတော်ကြီးကျောင်း၊ စိုင်ဒူးကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ဆေးမင်းခုန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့သည့်အပြင် ဆီဆုံ၊ ညောင်ဝန်း၊ မိုးနှံ့ကျေးရွာများနှင့်အနီးဆုံးနေရာများ သို့ ထမင်းထုပ်နှင့် သောက်ရေသန့်ဘူးများကို ဌာနဆိုင် ရာများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး မြန်မာ့မီးရထား ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ဇူလိုင် ၂၀ ရက်က နိုင်ငံတော်အစိုးရမှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆေးဝါးများနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခဲ့သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ၊ မျိုးစပါးများကို ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် လယ်ယာမြေများကို အခမဲ့ ပြန်လည်ထွန်ယက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင်၂၃ ရက်က ကောလင်းမြို့နယ် စက်မှုလယ်ယာရုံးသို့သွားရောက်၍ တောင်သူများအားပြန်လည်ထွန်ယက်ပေးမည့် ထွန်စက်များရောက်ရှိမှုအခြေအနေကို စစ်ဆေးပြီးနောက် အလယ်ကျောင်းပရိယတ္တိစာသင်တိုက်တွင် ရေဘေးသင့်ပြည်သူများကို မျိုးစပါးနှင့် ထောက်ပံ့ရေးပစ္စည်းများ ထပ်မံပေးအပ်ခဲ့သည်။ ထို့အပြင် ရဟတ်ယာဉ်ဖြင့် ဥက္ကံ၊ ချောင်းနားကျေးရွာများသို့ သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခဲ့သည်။

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် အလယ်ကျောင်းပရိယတ္တိစာသင်တိုက်တွင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းပေးအပ်ပြီးနောက် ကောလင်း-ဥက္ကံလမ်းပေါ်ရှိ လမ်း၊ တံတားများ ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သွားရန် သက်ဆိုင်ရာတာဝန်ရှိသူများအား ပြောကြားခဲ့သည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းတို့သည် ကျေးရွာများသို့သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ဒေသအသီးသီးမှ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များကလည်း ထောက်ပံ့ငွေနှင့်ပစ္စည်းများကို စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိသည်။

ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ထောက်ပံ့ရေးပစ္စည်းများကို ထုပ်ပိုးသယ်ဆောင်ခြင်းလုပ်ငန်းများ၊ ကျေးရွာများသို့ ဖြန့်ဝေပေးပို့ခြင်းလုပ်ငန်းများကို လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင် ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများအမြန်ဆုံးဆောင်ရွက်နိုင်ရန် ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူမှုလုပ်ငန်းများ၊ လမ်း၊ တံတား ပြုပြင်ရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ရေကြီးရေးလျှံမှုဖြစ်ပွားသည့် ဇူလိုင် ၁၇ ရက်မှစတင်ကာ ကျန်းမာရေးဦးစီးဌာနနှင့် တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့များက ဆေးဝါးကုသ ခြင်းနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါ မဖြစ်ပွားစေရေး အတွက် ဟောပြောပွဲများ၊ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကလည်း ကျွဲ၊ နွား ၂၅၃ ကောင်ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးအခမဲ့ ထိုးပေးခြင်းလုပ်ငန်း များ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ရေကြီးရေလျှံမှု ကြောင့် ပျက်စီးသွားသော လယ်ဧကများအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် မျိုးစပါး ၆၆၇၈ တင်း ထုတ်ပေးခဲ့ပြီး လယ်ထွန်စက်ကြီးများဖြင့် လယ်စိုက်ပျိုးမြေ ၄၅ ဧကကို အခမဲ့ထွန်ယက်ပေး ခြင်းနှင့် ထွန်စက် ၃၆ စီး၊ ရေစုပ်စက် ၅၃ လုံးကို အခမဲ့ပြုပြင်ပေးခဲ့သည်။

ကျန်းမာရေးဦးစီးဌာနနှင့် PSI-NGO အဖွဲ့အစည်းတို့ပူးပေါင်းပြီး မြို့ပေါ်သုံးရပ်ကွက်၊ ကျေးရွာပေါင်း ၂၂ ရွာတို့ကို ရေသန့်ဆေးထုပ်ပေါင်း ၁၃၇၉၂ ထုပ် ဖြန့်ဝေ

**ကျန်းမာရေးဦးစီးဌာနနှင့် PSI-NGO အဖွဲ့အစည်းတို့ ပူးပေါင်းပြီး မြို့ပေါ်သုံးရပ်ကွက်၊ ကျေးရွာပေါင်း ၂၂ ရွာတို့ကို ရေသန့်ဆေးထုပ်ပေါင်း ၁၃၇၉၂ ထုပ် ဖြန့်ဝေထောက်ပံ့ပေးပြီး ယခုအခါ ကောလင်းမြို့ပေါ်အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ကျန်ရှိသော ရေဘေးသင့်ပြည်သူများသည် ဇူလိုင် ၂၉ ရက်က မိမိနေရပ်သို့ ပြန်သွားကြပြီဖြစ်**

ထောက်ပံ့ပေးပြီး ယခု အခါ ကောလင်း မြို့ပေါ် အလယ်ကျောင်း ပရိယတ္တိ စာသင်တိုက်တွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ကျန်ရှိသော ရေဘေးသင့်ပြည်သူများသည် ဇူလိုင် ၂၉ ရက်က မိမိနေရပ်သို့ ပြန်သွားကြပြီ ဖြစ်သည်။

ကောလင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များ၏လှူဒါန်းငွေမှာ ဇူလိုင် ၃၀ ရက်အထိ ငွေကျပ် ၁၆၄၆၂၁၉၀၀ နှင့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၂၄၈၆၅၈၄၅၀ ကျော်ဖြစ်သည်။

**(မြို့နယ်ပြန်/ဆက်)**

## မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်မည့်နေရာ ပန္နက်တင်အခမ်းအနားကျင်းပ

**ရမည်းသင်း ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အားကစားကွင်းအတွင်း ၂၀၁၅-၂၀၁၆ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ရမည်းသင်းခရိုင် မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်မည့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂ ရက်က အဆိုပါအားကစားဝင်းအတွင်း၌ ကျင်းပသည်။

၂၀၁၅-၂၀၁၆ တိုင်းဒေသကြီး အစိုးရဘတ်ဂျက် ငွေကျပ်သိန်း ၂၂၀၀ ဖြင့် (အလျားပေ ၁၂၀× အနံ ပေ ၉၀)ကို ရမည်းသင်းခရိုင် မိုးလုံလေလုံ အားကစားခန်းမ တည်ဆောက်ပုံစံကို တည်ဆောက်ရေး (RAYALMYA) တာဝန်ခံ ဦးစိုးသိန်း၊ စွယ်တော်ထွန်းကုမ္ပဏီမန်နေဂျာ ဦးစိုးနိုင်နှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ထူးတို့က ရှင်းလင်းပြသရာ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များက သိရှိလိုသည်များကိုမေးမြန်းရာ တည်ဆောက်ရေးတာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (၄၁၆)

## အမြန်လမ်းဖောက်လုပ်ရာတွင် လယ်ယာမြေဆုံးရှုံးခဲ့သည့် ဒေသခံတောင်သူများအား လျော်ကြေးငွေပေးမည်

**မိတ္ထီလာ ဩဂုတ် ၃**

ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာတွင်လယ်ယာမြေ ၉၁၄ ဧကဆုံးရှုံးခဲ့သည့် မိတ္ထီလာဒေသခံကျေးရွာများမှ ဒေသခံတောင်သူ ၇၅၇ ဦးအား စုစုပေါင်း လျော်ကြေးငွေကျပ် သိန်း ၉၀၀၀ ကျော်ကို ဩဂုတ် ၃ ရက်မှ ၆ ရက်အထိ လေးရက်အတွင်းပြီးစီးအောင် ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က ပြောကြားသည်။

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူ ပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဩဂုတ် ၂ ရက်က အမြန်လမ်းဖောက်လုပ်ရာတွင် လယ်ယာမြေဆုံးရှုံးနစ်နာခဲ့သူများအား လျော်ကြေးငွေပေးအပ်ရေး ညှိနှိုင်းအစည်းအဝေးတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“အမြန်လမ်းတစ်လျှောက် ပေ ၄၀၀အတွင်းပါဝင်ပြီး လယ်ယာမြေများ ဆုံးရှုံးနစ်နာခဲ့တဲ့ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၇၅၇ ဦးလယ်ယာမြေ စုစုပေါင်း ၉၁၄ ဧက အတွက်လျော်ကြေးငွေကျပ်သိန်း ၉၀၀၀ကျော်ကို ဩဂုတ် ၃ ရက်မှ ၆ရက်အထိ လေးရက်အတွင်း ပြီးစီးအောင်ပေးအပ်သွားမှာဖြစ်ပါတယ်။ ကာယကံရှင် နစ်နာသူတောင်သူကိုယ်တိုင် မြေယာလျော်ကြေးငွေကို နိုင်ငံသားမှတ်ပုံတင်နဲ့အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ လာရောက် ထုတ်ယူရမှာဖြစ်ပါတယ်။ လျော်ကြေးငွေ သတ်မှတ်ချက်ကို အမြန်လမ်းတစ်လျှောက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့လယ်တစ်ဧက ၁၂သိန်း၊ ယာတစ်ဧက ၁၀ သိန်း သတ်မှတ်ထားပါတယ်” ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။ လယ်ယာမြေနစ်နာဆုံးရှုံးခဲ့သည့် ကျေးရွာအုပ်စုများမှာရေချိုလိန်တော၊ ညောင်ဇောက်၊ ရွှေစစ်သည်၊ ညောင်ပင်လှို၊ သီးကုန်း၊ အိုင်ကြီးလည်၊ မွေ၊ အလည်ရွာ၊ ဆပ်ပြာကျင်းတို့ဖြစ်ပြီး လယ်မြေ ၃၀၁ ဒသမ ၉၆ ဧက၊ ယာမြေ ၅၉၃ ဒသမ ဝ၄ ဧကနှင့် အခြားမြေ ၁၉ ဒသမ ၈၇ဧက ပါဝင်ပြီး စုစုပေါင်းလျော်ကြေးငွေကျပ် ၉၅၅၃၉၂၀၀၀ ကို လယ်ယာမြေဆုံးရှုံးသည့် ဒေသခံတောင်သူများထံ သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်မည်

**ရန်ကုန် ဩဂုတ် ၃**

သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာမြှင့်တင်ပေးရန်၊ ကလေးငယ်များအနေဖြင့် ၎င်းတို့၏ သွားနှင့်ခံတွင်းကျန်းမာရေးကို ကိုယ်တိုင်တာဝန်ယူလာနိုင်အောင် အားပေးရန်နှင့် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့သည့် Colgate ၏ “တောက်ပသောအပြုံး၊ တောက်ပသော အနာဂတ်” အစီအစဉ် တစ်ခုဖြစ်သည့် သွားနှင့် ခံတွင်းကျန်းမာရေးဆိုင်ရာ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**ကိုချစ်**



# မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်လွှဲပြောင်းပေးအပ်

မိုးညှင်း ဩဂုတ် ၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ မီးသတ်ယာဉ်နှင့်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်က ဟိုပင်မီးသတ်စခန်းယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသသို့ မီးသတ်ယာဉ်နှစ်စီးနှင့် ဟိုပင်ဒေသ ရွာသစ်ကြီးကျေးရွာ လူနာတင်ယာဉ်တစ်စီးကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဟိုပင်ဒေသနှင့်အင်းတော်ကြီးဒေသ၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုနှင့်ပျိုးပင်များ ထိခိုက်ပျက်စီးမှုအတွက် တောင်သူများအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် ငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

# ပုလဲမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများသို့ ငွေကျပ် သိန်း ၃၀၀၀၀ ကျော် ထုတ်ချေးပေးလျက်ရှိ

ပုလဲ ဩဂုတ် ၃

စစ်ကိုင်းတိုင်း ဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သမဝါယမဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်စေရေးအတွက် Exim Bank ချေးငွေများကို အခြေခံသမဝါယမအသင်း ၁၉၀ သို့ ငွေကျပ်သိန်း ၃၀၀၀၀ ကျော်ကို ဇူလိုင်လ ဒုတိယပတ်မှစတင်၍ ထုတ်ချေးပေးလျက်ရှိသည်။

ပုလဲမြို့ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘကျော်က "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်မှုကုန်ထုတ် အခြေခံသမဝါယမ အသင်းပေါင်း ၁၇၈ သင်းရှိ အသင်းသားပေါင်း ၂၂၈၃၂ ဦးအတွက် ခြောက်လတစ်ကြိမ်ပြန်ဆပ်စနစ်ဖြင့် အတိုးနှုန်း ၁ ကျပ် ၁၅ ပြား သာရှိသည့်အတွက် ငွေကျပ် ၁၉၉၉၀ ဒသမ ၁၈၁၅သိန်း၊ အငှားဝယ်စနစ် (Hire Purchase) ဖြင့် လယ်ယာသုံးစက်ပစ္စည်းများနှင့် လုပ်ငန်းသုံး စက်ပစ္စည်းများကို ဝယ်ယူခွင့်ရရှိရေးအတွက် အသင်းပေါင်း ၁၉၀ ရှိ အသင်းသားပေါင်း ၇၉၃ ဦးအတွက် ငွေကျပ် ၁၂၆၀၂ ဒသမ ၇၇ သိန်း စုစုပေါင်း ငွေကျပ် ၃၂၅၉၂ ဒသမ ၉၅၁၅ သိန်းကို ဇူလိုင်လ ဒုတိယအပတ်က စတင်၍ ထုတ်ချေးလျက်ရှိပြီး မိုးတွင်းကာလဖြစ်တာကြောင့် သွားလာမှုခက်ခဲတဲ့ ကျေးရွာအသင်းတွေ ပဲကျန်ပါတယ်။ ဒါကြောင့် ဩဂုတ်လ ပထမပတ်အတွင်းမှာ ကျန်နေတဲ့ အခြေခံသမဝါယမ အသင်းများကို အပြီးထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပုလဲမြို့နယ် လိန်းကုန်းကျေးရွာရှိ ထွန်းလျှံဝေ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ကိုအောင်ကျော်မြင့်က "ကျွန်တော့်ရွာမှာရှိတဲ့ စိုက်ပျိုးရေးလုပ်သူ ၆၃ ဦးအတွက် ငွေကျပ် ၆၃ သိန်း၊ မွေးမြူရေးလုပ်သူ ၁၂ ဦးအတွက် ငွေကျပ် ၁၂ သိန်း၊ လက်မှုကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၁၆၂ ဦးအတွက် ငွေကျပ် ၃၂၄ သိန်း၊ အဆင့်မြင့်အသင်းသား ၅၅ ဦးအတွက် ငွေကျပ် သိန်း ၁၁၀ စုစုပေါင်းငွေကျပ် ၅၀၉ သိန်းကို ဇူလိုင်လ ဒုတိယပတ်မှာ ချေးယူခွင့်ရရှိခဲ့ပါတယ်။ ဒီသမချေးငွေတွေမရရှိခင်ကဆိုရင် ကျေးရွာသူကျေးရွာသားတွေက လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ အပြင်ကနေ ငွေကျပ် ၁၀၀ လျှင် ၁၀ ကျပ်နှုန်းဖြင့် ရယူပြီး လုပ်ကိုင်ခဲ့ရတဲ့အတွက် အခက်အခဲတွေ အများကြီး ရှိခဲ့တာပါ။ ယနေ့အချိန်မှာတော့ သမဝါယမကနေ ငွေကျပ် ၁၀၀ လျှင် ၁ ကျပ် ၁၅ ပြားနှုန်းနဲ့ ရရှိတဲ့အတွက်ကြောင့် ရွာအတွက်ရရှိတဲ့ ငွေကျပ် ၅၀၉ သိန်းကိုသာ အပြင်ကယူရမယ်ဆိုရင် အတိုးနှုန်းက ငွေကျပ် ၅၀ ဒသမ ၉ သိန်းလောက် ပေးရမယ်။ အခု သမဝါယမကရတော့ အတိုးနှုန်းက ငွေကျပ် ၅ ဒသမ ၈၅ သိန်းသာ ပေးရတဲ့အတွက် ငွေကျပ် ၄၅ ဒသမ ၀၅ သိန်းလောက် သက်သာလို့ ငွေရှင်တွေကို မပေးရတော့ဘဲ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ ဘာသာရေးကိစ္စတွေမှာ အကျိုးရှိအောင် အသုံးပြုနေကြပြီ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

မင်းခန့်စိုး(ဇေယျာမြေ)

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ကားလမ်း၊ ရထားလမ်း ပြုပြင်စစ်ဆေး ထောက်ပံ့ပစ္စည်းများပေးအပ်

အင်္ဂပူ ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၃၁ ရက်က ချင်းချောင်ကျေးရွာ ကားလမ်းရှိတံတားချဉ်းကပ် လမ်းပြိုကျမှုအား နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများစုပေါင်း၍ ရေကာရိုက်ခြင်း၊ ကျောက်ကြီးချခြင်းဆောင်ရွက်နေမှုကို လည်းကောင်း၊ မတောင့်တကျေးရွာ အနီး ဟင်္သာတ-ကြံခင်းမီးရထားလမ်း မိုင်တိုင် ၁၃၉/၁၆ နှင့် ၁၃၉/၁၇ အကြားတွင် မီးရထားလမ်းအောက်ခြေတွင် ရေတိုက်စားပြိုကျမှုကို တာဝန်ရှိသူများက ပြုပြင်နေမှုကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမ၌ ရေဝင်နစ်မြုပ် အိမ်ထောင်စုများနှင့် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲသို့တက်ရောက်ပြီး ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ ပစ္စည်းများပေးအပ်သည်။

အဆိုပါသဘာဝဘေးသင့် အိမ်ထောင်စုများအတွက် ဆန်အိတ် ၅၀၊ ခေါက်ဆွဲခြောက်ထုပ်နှင့်အဝတ်အထည်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂ သိန်းဖိုးခန့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းကျော်(ပြန်/ဆက်)



# အဆက်မပြတ်မိုးကြောင့် မြေကြောပြတ်ကာ လမ်းပေါ်တောင်မြေများကျ၍ အသွားအလာခက်

အင်းတော် ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းရွာအနီးရှိ အင်းတော်-ဗန်းမောက်သွားသည့် ကားလမ်းဘေးမှ တောင်သည် ဇူလိုင်လအတွင်း မိုးများ စဉ်ဆက်မပြတ်ရွာသောကြောင့် မြေကြောပြတ်တောက်၍ ကားလမ်းပေါ်သို့ တောင်မြေများ လျှော့ကျလာပြီး ကားလမ်းများမှာ ရွှံ့နွံအိုင်များဖြစ်ပေါ်ကာ ချွတ်ယွင်းပျက်စီးလျက်ရှိနေကြောင်း သိရသည်။

အဆိုပါ တောင်မြေလျှော့ကျမှုကြောင့် ကားလမ်းမှာ ရွှံ့နွံများပြည့်လျှံပြီး ချွတ်ယွင်းပျက်စီးလျက်ရှိ၍ ကားဖြင့်သွားလာသူများနှင့် ဆိုင်ကယ်ဖြင့် သွားလာနေကြသူများမှာ အခက်အခဲများ ရှိနေကြကြောင်း သိရသည်။

သန်းမောင်လေး

# အနုပညာရှင်ပေါင်းစုံ လေးသင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၃

Myanmar Media 7 က ကြီးမှူး၍ Ve Ve Cup ရုပ်ရှင်၊ ဂီတ၊ မော်ဒယ်၊ လူရွှင်တော်အသင်း စသည့် အနုပညာရှင်ပေါင်းစုံ ပါဝင်သော အနုပညာရှင်ပေါင်းစုံ လေးသင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁ ရက် ညနေ ၃ နာရီက မန္တလေးချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ နိုင်ငံတကာအဆင့်မြင့် အားကစားကွင်း၌ ကျင်းပခဲ့သည်။



ပြိုင်ပွဲမစတင်မီ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်း၊ အား/ ကာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ အား/ကာ တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်တို့က ဘောလုံးဒိုင်လူကြီးများ၊ နှစ်ဖက်အသင်းမှ အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

ပထမပွဲတွင် ရုပ်ရှင်အသင်းက လူရွှင်တော်အသင်းကို လေးဂိုး-သုံးဂိုးဖြင့်နိုင်ပြီး ဒုတိယပွဲစဉ်တွင် မော်ဒယ်အသင်းက ဂီတအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိကြသည်။ ဩဂုတ် ၂ ရက်တွင် ပထမပွဲ၌ တတိယနေရာလုပွဲအဖြစ် လူရွှင်တော်အသင်းနှင့် ဂီတအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဗိုလ်လုပွဲအဖြစ် ရုပ်ရှင်အသင်းနှင့် မော်ဒယ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

# ဆောက်လုပ်ရေး လုပ်သား ဓာတ်လိုက်သေ

ရန်ကုန် ဩဂုတ် ၃

မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်တွင် ဆောက်လုပ်ရေးလုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက်က အဆိုပါရပ်ကွက် မြို့သစ်(၁) လမ်း အမှတ်-၄၉ ရှိ ဆောက်လုပ်ဆဲ ကန်ထရိုက်တိုက် အဆောက်အအုံ၏ ပထမထပ်တွင် ခေါင်မိုးတပ်ဆင်လုပ်သား ကိုချမ်းငြိမ်းမောင်(၂၀နှစ်) အင်းလျားကြောင်ကျေးရွာ ကော့မှူးမြို့နယ်နေသူသည် လျှပ်စစ်မီးဆက်ထားသည့် အဆက်ကိုကိုင်မိ၍ ဓာတ်လိုက်သေဆုံးခဲ့သဖြင့် နယ်မြေခံရဲစခန်းမှ ဆေးစာရေးသားပြီး အင်းစိန်ဆေးရုံသို့ ပို့အပ်ခဲ့ကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

# စတုဂတ်တိုက်စစ်မှူးကို စပါးခေါ်ယူဖို့ ဆွေးနွေးပြီ

စပါးအသင်းအနေနဲ့ အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ အဒီဘာယောနဲ့ ဆိုဒါဒိုတို့ကို လက်လွှတ်ရတော့မှာဖြစ်တဲ့အတွက် တိုက်စစ်မှူးကောင်းတွေ ပြန်လည်အားဖြည့်ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ စပါးနည်းပြ ပိုချက်တီနိုအနေနဲ့ သူ့အသင်းနဲ့ အံဝင်ခွင်ကျဖြစ်မယ့် လူငယ်တိုက်စစ်မှူးတွေကို ခေါ်ယူအားဖြည့်ဖို့ ကြိုးစားနေပါတယ်။ စတုဂတ်လူငယ်တိုက်စစ်မှူး တီမိုဝါနာအနေနဲ့ တိုက်စစ်မှူးဟယ်ရီကိန်းကို ပံ့ပိုးပေးနိုင်မယ့် တိုက်စစ်မှူးဖြစ်လာလိမ့်မယ်လို့ စပါးနည်းပြက ဆိုပါတယ်။ စပါးအသင်းဟာ ဝက်စ်ဘရွန်းတိုက်စစ်မှူး ဆိုက်ဒိုဘီရာဟီနိုကိုလည်း ခေါ်ယူဖို့ကြိုးစားနေတာပါ။ စပါးက ယခုသီတင်းပတ်အတွင်းမှာ စတုဂတ်တိုက်စစ်မှူး တီမိုဝါနာကို ခေါ်ယူဖို့ ဆွေးနွေးနိုင်မယ်လို့ ဆိုပါတယ်။ ဒီအတောအတွင်းမှာပဲ အဒီဘာယောက အက်စ်တွန်ဗီလာသို့ ပြောင်းရွှေ့ဖို့ သေချာနေပြီဖြစ်တဲ့အတွက် စပါးအသင်းအနေနဲ့ အထောင်တိုက်စစ်မှူးတစ်ဦးကို အမြန်အလိုရှိနေတာပါ။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ ဝါနာဟာ လာမယ့်ရာသီမှာ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ အဓိကတိုက်စစ်အတွဲဖြစ်လာဖွယ်ရှိနေပါတယ်။



# ကျူပီအာတိုက်စစ်မှူးကို ဝက်စ်ဟမ်းအပြိုင်ခေါ်ယူဖို့ကြိုးစား

ဝက်စ်ဟမ်းဟာ ကျူပီအာတိုက်စစ်မှူး ချာလီအော်စတင်ကို ခေါ်ယူဖို့ နယူးကာဆယ်နဲ့အတူ အပြိုင်ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းကယခုသီတင်းပတ်အတွင်းမှာ ကျူပီအာနဲ့အပြီးသတ်ဆွေးနွေးမှုတွေပြုလုပ်သွားဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ အင်္ဂလန်ကစားသမား အော်စတင်ဟာ ပြီးခဲ့တဲ့ရာသီက ကျူပီအာအသင်းအတွက် ၁၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး အော်စတင်ဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ အင်္ဂလန်အသင်းမှာလည်း အဓိကပါဝင်ကစားသူဖြစ်ပါတယ်။ နယူးကာဆယ်နည်းပြ မက္ကလာရင်ကလည်း အော်စတင်ကို အရခေါ်ယူဖို့ ကြိုးစားနေတာပါ။ ဝက်စ်ဟမ်းနည်းပြ စတီဗင်ဘီလစ်ကလည်း သူ့ရဲ့အသင်းမှာ တိုက်စစ်မှူးတစ်ဦး အမြန်ဆုံးအလိုရှိနေတဲ့အတွက် ကျူပီအာတိုက်စစ်မှူး အော်စတင်ကို အရခေါ်ယူဖို့ ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ အော်စတင်အနေနဲ့ ဘယ်အသင်းကို ပြောင်းမယ်ဆိုတာ မကြာမီမှာ ခိုင်မာတဲ့ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရတော့မှာဖြစ်ပါတယ်။





# ဘာစီလိုနာနဲ့ ရိုးမား ခြေကုန်ထုတ်ခွဲကြမယ့် ဂျိုအမ်ဂန်ပါဖလားပြိုင်ပွဲ

မိုးမြင့်လင်းလက်

***ဒီတစ်ပတ်မှာတော့ ရာသီအကြိုဖလားလုပွဲတွေက ဆက်တိုက်ရှိနေတာမို့ လာမယ့်ဩဂုတ် ၅ ရက်မှာ ဂျိုအမ်ဂန်ပါဖလားပွဲကို ဘာစီလိုနာနဲ့ ရိုးမားတို့ ယှဉ်ပြိုင်ကြပါလိမ့်မယ်။ ဒီပြိုင်ပွဲဟာ ရိုးမားအတွက်ရော ဘာစီလိုနာအတွက်ပါ အရေးကြီးတဲ့ပွဲစဉ်ဖြစ်ပြီး ရာသီသစ်ကိုမစတင်မီ ဘယ်လောက်အထိ ခြေစွမ်းကောင်းမွန်မှုရှိနေတယ်ဆိုတာ နှစ်သင်းစလုံးထုတ်ဖော်ပြသရမယ့်ပွဲလည်းဖြစ်နေပါတယ်။***

ဘာစီလိုနာအသင်းဟာ ကလပ်နိုင်ငံတကာချန်ပီယံများဖလားပွဲမှာ မန်ယူကို သုံးဂိုး-တစ်ဂိုးနဲ့ရှုံးပြီး အယ်လ်အေဂလက်စီကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ထားပါတယ်။ ဘာစီလိုနာဟာ ဖီအိုရင်တီးနားနဲ့ ကစားခဲ့ရပြီး ဆက်တိုက်ပွဲကျပ်တွေဆင်နွှဲနေရတာမို့ ရလဒ်တွေလည်း ကမောက်ကမဖြစ်နေပါတယ်။

ဒါပေမယ့် ဘာစီလိုနာရဲ့ ကစားသမားတွေပြန်လည်စုစည်းမိနေပြီး လူစုံတက်စုံပါဝင်ဆင်နွှဲကြမှာမို့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ရဲ့ တိုက်စစ်အတွဲရဲ့ စွမ်းဆောင်မှုတွေကို မြင်တွေ့ရပါဦးမယ်။ ဘာစီလိုနာဟာ ဖလားပြိုင်ပွဲတွေမှာ ခြေစွမ်းပြနိုင်တာမို့ ပြိုင်ပွဲဝင်စိတ်ဓာတ်အပြည့်နဲ့ ဒီပြိုင်ပွဲကို သေသေချာချာ ပြင်ဆင်ပြီး ကစားပါလိမ့်မယ်။

ပွဲဆက်တွေများနေတဲ့အပြင် ပြတ်သားတဲ့ရလဒ်ထွက်ပေါ်အောင် ခြေကုန်ထုတ်နေရတဲ့ အနေအထားမျိုးရှိနေတဲ့ ဘာစီလိုနာရဲ့ အနေအထားကယုံကြည်စိတ်ချလို့ရတဲ့ အခြေအနေတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရိုးမားရဲ့ တစ်ဦးချင်းရော အသင်းလိုက်ပါ စွမ်းဆောင်မှုမျိုးနဲ့ ဘာစီလိုနာရဲ့စွမ်းဆောင်မှုမျိုးကတော့ ကွာဟချက်ရှိနေတဲ့အပြင် ကွင်းလယ်နဲ့တိုက်စစ်အပိုင်းမှာပါ ကောင်းမွန်နေတဲ့ ဘာစီလိုနာတို့ပဲ နိုင်ပွဲရပြီး ဂျိုအမ်ဂန်ပါဖလားကို သိမ်းပိုက်သွားမယ့်အနေအထားရှိပါတယ်။ ရိုးမားတို့ကတော့ လောလောဆယ်မှာ ခြေစွမ်းကောင်းမွန်နေပြီး နောက်ဆုံးကစားခဲ့တဲ့ ဇူလိုင် ၈ ရက်က ရီးရဲမက်ဒရစ်နဲ့ပွဲမှာ ဂိုးမရှိသရေပွဲကစားနိုင်ခဲ့သလို ဇူလိုင် ၂၁ ရက်က ယှဉ်ပြိုင်ခဲ့ရတဲ့ မန်စီးတီးနဲ့ပွဲမှာလည်း နှစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားနိုင်ခဲ့လို့ ရိုးမားရဲ့ခြေစွမ်းက လျှော့တွက်လို့မရတာတော့ အမှန်ပါပဲ။

ရိုးမားနည်းပြ ဂါစီယာကတော့ လာမယ့်စီးရီးအေမှာ ဂျူဗင်တပ်ကိုကျော်ဖြတ်ပြီး စီးရီးအေဖလားရရှိဖို့အထိ မျှော်မှန်းထားတာမို့ အခုပွဲမှာလည်း ဘာစီလိုနာကို အကောင်းဆုံးပုံစံနဲ့ ရင်ဆိုင်သွားဖို့ ပြင်ဆင်ထားပြီဖြစ်ပါတယ်။ ဝါရင့်တိုက်စစ်မှူး တော့တီအပါအဝင် အယ်ဂျာဂျစ်၊ အိုင်တာတီတို့က ရိုးမားရဲ့ အဓိကအားထားရတဲ့ကစားသမားတွေအဖြစ် စွမ်းဆောင်နေကြပါတယ်။ ဘောလုံးပေးပို့မှု အကောင်းဆုံးအသင်းဖြစ်ပြီး အားနည်းချက်ကတော့ ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ ဘောလုံးရှုံးဆုံးမှုများနေတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၀ ကစားခဲ့ရာမှာ ၂၂ ပွဲနိုင်၊ ၁၇ ပွဲသရေ၊ ၁၁ ပွဲရှုံးနိမ့်ခဲ့ရပြီး ၆၈ ဂိုးသွင်းနိုင်ခဲ့ပေမယ့် ၅၄ ဂိုးပြန်ပေးခဲ့ရတဲ့အတွက် ဒီနှစ်မှာ ခံစစ်ပိုင်းကိုလည်း ဦးစားပေးပြင်ဆင်ထားတယ်လို့ နည်းပြဂါစီယာက ပြောနေပါတယ်။ ဘာစီလိုနာနဲ့ ရိုးမားတို့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က ချန်ပီယံလိဂ်ပွဲစဉ်မှာ ရိုးမားတို့သုံးဂိုးပြတ်နိုင်ခဲ့သလို အဲဒီနှစ်ချန်ပီယံလိဂ်ဒုတိယအကျော့ပွဲစဉ်မှာလည်း တစ်ဂိုးစီသရေပွဲကစားထားနိုင်ခဲ့တာမို့ ရိုးမားကိုလျှော့တွက်လို့ မရတာအမှန်ပါပဲ။ ဒါကြောင့် ဂျိုအမ်ဂန်ပါဖလားကို ဘယ်အသင်းဆွတ်ခူးသွားမလဲဆိုတာ စောင့်ကြည့်အကဲဖြတ်ရဦးမှာဖြစ်ပါတယ်။ ။

# မန်ယူပစ်မှတ်ထားနေတဲ့ ပက်ဒရို

မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ မကြာမီမှာ စတင်တော့မယ့် ပရီမီယာလိဂ်အတွက် အသင်းကိုအကောင်းဆုံးတည်ဆောက်နိုင်ဖို့ ကြိုးစားနေဆဲပါ။ ဒီအတွက် အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးကို ဖြည့်ဆည်းနိုင်ဖို့ ကြိုးစားနေပါတယ်။ မန်ယူအဓိကပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူးကတော့ ဘာစီလိုနာတိုက်စစ်မှူး ပက်ဒရိုပဲဖြစ်ပါတယ်။ မန်ယူအနေနဲ့ ပက်ဒရိုကို ပေါင် ၂၂ သန်းအထိ ပေးခေါ်မယ့် အနေအထားရှိပါတယ်။ ပက်ဒရိုရဲ့ မိခင်ကတော့ သူ့သားအနေနဲ့ ဒီနှစ်နွေရာသီမှာ မန်ယူကို ပြောင်းရွှေ့လိမ့်မယ်လို့ ဆိုပါတယ်။ မန်ယူဟာ ဘာစီလိုနာတိုက်စစ်မှူး ပတ်ဒရိုကို ခေါ်ယူနိုင်ဖို့ ကာလအတန်ကြာကပင် ကြိုးစားနေတာဖြစ်ပါတယ်။ ပက်ဒရိုဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ၂၀၀၇ ခုနှစ်က ဘာစီလိုနာအသင်းရဲ့ (ခ) အသင်းမှာ ၃၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ သူဖြစ်ပါတယ်။ သို့ပေမယ့် အသင်းကြီးမှာတော့ ၁၇ ပွဲသာ ကစားခွင့်ရသေးပါတယ်။ ပက်ဒရိုကို စပါးကလည်း ခေါ်ယူဖို့ကြိုးစားနေပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# လူငယ်နှင့် ခေါင်းဆောင်မှု

ချစ်နိုင်(စိတ်ပညာ)

**"သူတစ်ပါးအပေါ် ဩဇာညောင်းဖို့ စံနမူနာပြသခြင်းဟာ အဓိကအရာ မဟုတ်ပါဘူး။ စံနမူနာပြသခြင်းဟာ တစ်ခုတည်းသော အရာသာလျှင်ဖြစ်ပါတယ်။"**

**ဒေါက်တာအဲလ်ဘတ်ရှိုက်ဇာ**

## အသက်အရွယ်

လူငယ်ဆိုသည်ကား ဘယ်အရွယ်နည်း။

ကလေးမဟုတ်တော့သော အရွယ်မှ စတင်ခေါ်ဝေါ်ရအံ့ ထင်သည်။ အသက် ၄၅ နှစ်အထက်ကျော်သွားလျှင်လည်း အတန်းပညာနိမ့်နိမ့် မြင့်မြင့်၊ စီးပွားဥစ္စာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ လူကြီးအခြေအနေသို့ ရောက်သွားလောက်ပေပြီ။ လူငယ်သည် လူကြီးမဟုတ်သေးသော အရွယ်ကို ခေါ်သင့်ပေမည်။ ထို့ကြောင့် လူငယ်ဟူသည်ကား အသက် ၁၃ နှစ်မှ ၄၅ နှစ်အတွင်းမှာရှိသော အမျိုးသား၊ အမျိုးသမီးအားလုံးတို့ အကျုံးဝင်သည်ဟု မှတ်ယူချင်ပါသည်။

အသက် ၁၃ နှစ် ၁၄ နှစ်သည် လူပျိုပေါက်အရွယ်ဖြစ်၏။ ပျိုဘော်ဝင် အရွယ်ဖြစ်၏။ ယင်းကာလမှစ၍ လူငယ်ဖြစ်လေပြီ။ ကလေးမဟုတ်တော့ပြီ။ မိသားစုထဲမှာဖြစ်စေ၊ ရပ်ရွာထဲမှာဖြစ်စေ လူငယ်အစုအဝေး၊ အသင်းအပင်းထဲမှာ ပါဝင်၍ ရပေပြီ။ မြူးထူး စိတ်ကစားသောအရွယ်။

## လူငယ်

ဆယ်ကျော်သက်လူငယ်နှင့်အသက် ၂၀ကျော်တို့ တူမည်တော့မဟုတ်ပေ။ ဆယ်နှစ်လောက်ဖြတ်သန်းရသော အတွေ့အကြုံသည် အတွေးအခေါ် အသိအမြင် အတော်ကွာခြား ကွဲပြားသွားနိုင်၏။ အလားတူပင် အသက်နှစ်ဆယ်ကျော်နှင့် သုံးဆယ်ကျော် လူငယ်၊ သုံးဆယ်ကျော်နှင့် လေးဆယ်ကျော် လူငယ်တို့ နှိုင်းယှဉ်ကြည့်လျှင်လည်း ရင့်ကျက်မှုချင်း သိသာစွာ ကွာခြားပေလိမ့်မည်။

အသက် ၃၂ နှစ်အရွယ်တွင် လုပ်ကြံခံရပြီး ကျဆုံးခဲ့ရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် စင်စစ်တော့ လူငယ်ဘဝမျှသာ ဖြစ်ပါသည်။ လုပ်ဖော်ကိုင်ဖက် သခင်နု၊ သခင်စိုး၊ သခင်သန်းထွန်း စသူတို့လည်း ၁၉၄၇-၁၉၄၈ ကာလ၌ အသက်သုံးဆယ်ကျော်စ လူငယ်ဘဝမှာပဲ ရှိကြပေသေးသည်။ တိုင်းပြည်ကို နယ်ချဲ့အုပ်စိုးမှုအောက်မှ လုံးလုံးလွတ်မြောက်အောင် ရုန်းကန်တော်လှန်ကြရာတွင် ထက်သန်တက်ကြွသော လူငယ်တို့၏ အားမာန်ကို တွေ့ရသကဲ့သို့ အချင်းချင်းအပေါ် စိတ်ရှည်သည်းခံ ရင့်ကျက်ရန်လည်း လူငယ်ပီပီ အားနည်းခဲ့ကြသည်။

သခင်ကိုယ်တော်မှိုင်းကဲ့သို့ သူတို့ထက် အသက်အရွယ်ကြီးရင့်ပြီး ရေရှည်ခရီး သမိုင်းကြောင်း အဆိုးအကောင်းကို ပိုမိုမြော်မြင်နိုင်သူက ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကို အတန်တန်မေတ္တာရပ်ခံ သို့မဟုတ် ဆုံးမသွန်သင် သို့မဟုတ် ရှင်းပြပါသော်လည်း ကိုယ့်အယူမှ အမှန်၊ ကိုယ့်ဝါဒမှ အကောင်းဆုံး၊ ကိုယ့်လမ်းစဉ်မှ၊ ကိုယ့်ပါတီမှ၊ မာန်မာနဖြင့် ပြည်တွင်းစစ်မီးဟုန်းဟုန်းတောက်ခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပုန်ကန်ဆူပူမှုများသည် တောမီးပမာ ပျံ့နှံ့ခဲ့လေသည်။ ရှောင်ရန် သင်ခန်းစာ။

## ယုံကြည်မှုမြင့်မား

အသက် ၁၃ နှစ်မှ ၄၅ နှစ်အတွင်း လူငယ်ဘဝသည် အားသာချက်များလည်း ရှိသည်။ အားနည်းချက်များလည်းရှိသည်။ ကာယခွန်အားနှင့် ထက်သန်တက်ကြွသော ယုံကြည်မှုအမြင့်မားဆုံး အပိုင်းအခြားဖြစ်၏။ ကာယအား၊ ဉာဏအားအကောင်းဆုံး အကြီးမားဆုံး အရွယ်လည်းဖြစ်၏။

ထိုခွန်အားကြောင့် အတိမာနဖြစ်တတ်၏။ ထို့ကြောင့် လွန်ကဲသော မာန်မာနပြင်းထန်သဖြင့် မဟာပြဿနာကြီးများ ကိုယ်ရောင်ညှိုးပျောက် အမှောင်ကျရောက် ရသကဲ့သို့ အမြင်မှောက်တတ်၏။ အမှားအယွင်းကို ဆုံးဖြတ်မိတတ်၏။

မိဘအုပ်ထိန်းမှုအောက်မှ ထွက်ခွာစဆရာသမားနှင့် မိတ်ဆွေသူငယ်ချင်းများထံမှ သင်ယူရရှိသော စာတွေ့လက်တွေ့အသိပညာများက ပိုမိုရရှိသောအပြောင်းအလဲကာလဖြစ်၏။ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင် စမ်းသပ်လျှောက်လှမ်းရသော ဘဝလည်းဖြစ်၏။

နေအိမ်တံစက်မြိတ်ကိုကျော်၍ စာသင်ခန်းနှင့် အပေါင်းအသင်းတို့နှင့် ပိုမိုပျော်ပိုက်လာတတ်ပြီ။ သက်တူရွယ်တူ သူငယ်ချင်းအပေါင်းအသင်းများကို ညီအစ်ကို ညီအစ်မ မွေးချင်းထက်ပင် ပိုမိုရင်းချာပွင့်လင်းစွာ ဆက်ဆံလာမိသည်။

## အပေါင်းအသင်း ရွေးပါ

လူငယ်ဘဝသည် အပေါင်းအသင်းကို အလေးထားဆုံးအချိန်လည်းဖြစ်သည်။ လူ့အဖွဲ့အစည်း၏ဆွေမျိုး မဟုတ်သူများနှင့် ဆက်ဆံရေးအပေးအယူကို စတင်လေ့ကျင့်ရသော အချိန်ပိုင်းဖြစ်လေသည်။

ခေါင်းဆောင်မှုကို စတင် ထိတွေ့ရတော့မည်။ မိသားစုအတွင်းမှာ အစ်မအကြီးဆုံးမို့ မိဘကိုယ်စား အငယ်များကို ဦးဆောင်ဖူးသူလည်း ရှိမည်။ အစ်ကိုအကြီးဆုံး သားကြီးဩရသမို့ ညီငယ်နှမငယ်များကို ရှေ့ဆောင်လမ်းပြရသူလည်း ဖြစ်ကောင်း ဖြစ်မည်။ ဥပမာ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကိုအကြီးဆုံး အာဇာနည်ဦးဘဝင်း (ဗိုလ်ချုပ်နှင့်အတူ ကျဆုံးရရှာသောဝန်ကြီး) အကြီးဆုံး ဦးဘဝင်းနှင့်အငယ်ဆုံး ကိုအောင်ဆန်းကြားမှာ မွေးချင်းခုနစ်ယောက် ခြား၏။

ခေါင်းဆောင်မှုဆိုသည်မှာ လူ့အဖွဲ့အစည်းတိုင်းတွင် ရှိကြသည်။ မိသားစုထဲမှာလည်း ရှိသည်။ ရပ်ရွာထဲမှာလည်းရှိသည်။ ကျောင်းမှာလည်း ရှိသည်။ လုပ်ငန်းခွင်မှာလည်း ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလောကမှာလည်း ရှိသည်။

## ခေါင်းဆောင်မှု

**ခေါင်းဆောင်မှုဆိုသည်ကား အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအပေါ် ဩဇာသက်ရောက်မှုပင် ဖြစ်၏။ သူ၏ပြဿနာရပ်တိုင်းသို့ စိတ်ပါလက်ပါ ဆောင်ရွက် အကောင်အထည်ဖော်ကြခြင်းမျိုး၊ သူ၏လိုလားချက်ကို ထက်သန်စွာ ဖြည့်ဆည်းပါဝင်နေကြခြင်းမျိုး၊ မမြင်ရသော စွမ်းအားဖြင့် လွှမ်းမိုးထားနိုင်ခြင်းကို ခေါင်းဆောင်မှုဟု ခေါ်လေသည်။**

ခေါင်းဆောင်မှုကို အောင်မြင်မှုဖြင့်သာ စည်းရုံးနိုင်ပါ၏။ စည်းရုံး၍ စည်းလုံးသော အဖွဲ့အစည်းသည် ခေါင်းဆောင်အတွက် အောင်မြင်မှုကို ဖန်တီးပေးနိုင်လေသည်။ ရည်မှန်းချက်အောင်မြင်မှုနှင့် စည်းရုံးရေးအောင်မြင်မှုသည် အပြန်အလှန် အကျိုးပြုနေကြ၏။ ပန်းတိုင်ထူရမည်။ အကယ်၍ လုပ်ငန်းများ မအောင်မြင်၊ စည်းရုံးရေး ကျဆင်းလာလျှင် ခေါင်းဆောင်မှုလည်း မခိုင်မြဲနိုင်ပေ။

## ကောင်းသော စံနမူနာပြသပါ

**ခေါင်းဆောင်မှုကို လိုချင်လျှင် အခြေခံအကျဆုံး လိုအပ်ချက်မှာ စံနမူနာပြသပြီး ဦးဆောင်နိုင်စွမ်းရှိရမည်။ "ငါ့နောက်လိုက်ခဲ့ကြ" ဟု သတ္တိကို နမူနာပြနိုင်ရမည်။ ရိုးသားမှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ အနစ်နာခံမှု၊ အမြော်အမြင်ရှိမှု၊ ဇွဲရှိမှု၊ လုံ့လရှိမှု၊ ရဲဘော် ရဲဘက်စိတ်ရှိမှု၊ အတွင်းအပြင် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်မှု စသည့် ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါလက္ခဏာများကို ရှေ့ကထုတ်ဖော်ပြသနိုင်ရမည်။** သစ္စာမဲ့မှုကို ပြသပါက ခေါင်းဆောင်မှုကျဆင်းမည်။ ဒါတွေ ကောင်းသည်။ မင်းတို့လိုက်နာကြ။ (ငါပြောသလိုလုပ်)။ ငါကတော့ စံပြလုပ်မပြနိုင်ဘူး။ ငါ့စိတ်ထဲ ပေါ်ရာလုပ်မှာပဲ(ငါလုပ်သလိုမလုပ်နဲ့) ဟု ဆိုသူမျိုးသည် ခေါင်းဆောင်ကောင်းမဟုတ်။ ဦးစီးခေါင်းဆောင်လုပ်မည့်သူသည် အသက်အရွယ် ငယ်ငယ်ကြီးကြီး၊ ရာထူးတာဝန် နိမ့်နိမ့်မြင့်မြင့်၊ အသိဉာဏ်ငါးပါးနှင့် ပြည့်စုံရမည်။

## အသိဉာဏ်ငါးပါး

**၁။ အတ္တညူ-** အကျိုးစီးပွား ရှိမည် မဲ့မည်ကို သိရမည်။ အချို့လူသည် မသိ။ ငါ၏ မိဘမျိုးရိုးသည် တစ်မျိုးသားလုံးက ကြည်ညိုအားကိုးလေးစားကြရသော အမျိုး။ အမျိုးဂုဏ်ကို အသက်နှင့်လဲ၍ပင် စောင့်ထိန်းကာကွယ်ပါမှ မိမိကြီးသောအခါ အကျိုးရှိမည်ဟုမသိ။ မိမိစိတ်အလိုလိုက်၍ ကြိုက်သလို ရွေးချယ်ဆုံးဖြတ်ခဲ့မိပြီထား။ ကပြားသားသမီး၊ မိမိနိုင်ငံသားမဟုတ်သူတွေ တစ်ယောက်ပြီးတစ်ယောက် မွေးဖွားလိုက်လျှင်ကား ငါ၏အကျိုးစီးပွား မဲ့ပေလိမ့်မည်ဟု မသိ။ ခေါင်းဆောင်ဟု မိမိကိုယ်ကိုယ် တန်ဖိုးထားတတ်သူသည် အကျိုးရှိ မဲ့ကို ကောင်းစွာ သိရပေလိမ့်မည်။

**၂။ ဓမ္မညူ-** တရားမျှတခြင်း၊ တရားနှင့် ညီညွတ်ခြင်းကို သိရမည်။ မောင်နှမချင်းပင်လျှင် ကြင်နာခြင်း၊ စာနာခြင်း၊ ခွင့်လွှတ်ခြင်း၊ ရိုသေခြင်း၊ နာခံခြင်း ခေါင်းပါးလျှင် တရားနှင့်မဆီလျော်။ ချစ်ခင်ရမည်။ စည်းလုံးရမည်။ ငဲ့ညှာရမည်။ သို့မှသာ တရားမျှတခြင်းကို လိုက်နာရာကျမည်။ သွေးအနီးဆုံး ဆွေမျိုးသားချင်းအပေါ်မှာပင်လျှင် မစာနာ၊ မကြင်နာလျှင် တရားနှင့် ညီညွတ်ခြင်းရှိပါမည်လော။ (လောဘကြောင့်လော၊ မာနကြောင့်လော) ဓမ္မသဘောကို သိရကျင့်ရမည်။

**၃။ မတ္တညူ-** အတိုင်းအရှည်ကို သိရမည်။ သူတစ်ပါး၏အင်အားနှင့် အလားအလာကို မသိ။ မိမိ၏အတိုင်းအဆကိုမသိ။ အကြီးအသေး၊ အနီးအဝေး၊ အထူအပါးကို မသိ၊ ဆင်ခြင်တုံတရားနည်းပါးပြီး စိတ်လိုက်မာန်ပါ စိတ်ဆောင်ရာ ဇွတ်တရွတ်လုပ်ဆောင်တတ်လျှင်တန်ဖိုးရှိသော နုပျိုထက်သန်သည့်အရွယ်သည် (မတည်မြဲ) ဆုံးရှုံးပျောက်ကွယ် သွားတတ်၏။ ကောင်းမွန်ထိုက်တန်သော အဖြေကို ထွက်လိုလျှင် အခြေအနေမှန်ကို ခွဲခြားဝေဖန်နိုင်သော အသိဉာဏ် ဦးစီးရပါမည်။ မည်သူမဆို အိုကြရမည်။ နာကြရမည်။

**၄။ ကာလညူ-** အချိန်အခါသင့်မသင့်ကို သိရမည်။ အချိန်အခါကောင်းကို ရွေးချယ်တတ်ရပါမည်။ ဆန္ဒစောစွာ အလောတကြီး ကြိုးစားသော်လည်း အချိန်မရောက်သေးတော့ အထမမြောက်။ အခွင့်အရေးရပါသော်လည်း အခါအခွင့်ရှိမှန်းမသိဘဲ လက်နှေးသဖြင့် လက်လွှတ်ရသော အခြေအနေနှင့်ကြုံရ၏။ Timing အချိန်ကိုက်မှန်ကန်စွာ ရွေးချယ်ဆုံးဖြတ်နိုင်ခြင်း မရှိသဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်။ ထိရောက်သင့်သလောက် မထိရောက်။ ခေါင်းဆောင်ကောင်းသည် အနှစ် ၁၀၀ ပြက္ခဒိန်၊ အနှစ် ၁၀၀၀ ရာဇဝင်တို့ကို ကျေညက်ရုံမျှသာမက ဘယ်နေ့ ဘယ်ရက်မှာ ဘယ်အချိန်လထွက်မည်။ လဝင်မည်ဟူသော အချိန်အတိအကျအထိ မိမိအုပ်စုအတွက် အကျိုးအရှိဆုံးအချိန်အခါကို ရွေးချယ်တတ်ရမည်။ မြင်ကွင်းကျယ် ရှေ့နောက်မြော်မြင်တတ်ရမည်။

**၅။ ပရိသညူ-** ပရိသတ်လူထု၏ စိတ်ထားကို သိရမည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တို့သည် ပျဉ်းမနားနယ်မှာ ကျင်းပသော ပထမအကြိမ် ကွန်မြူနစ်ပါတီကွန်ဂရက်ကို ပတ်ဝန်းကျင်ရွာများမှ တောင်သူလယ်သမားများက နွားလှည်းအစီးပေါင်း ထောင်သောင်းချီပြီး လာရောက်တတ်ကြသဖြင့် အံ့မခန်းလူထု၊ လူစုလူဝေးပရိသတ်ကြီးကို ငါတို့ပါတီအား တစ်ခဲနက်ထောက်ခံအားပေးသော ပြည်သူတွေကား များလေစွတကားဟု (ပြည်ပကွန်မြူနစ်ပါတီအကြံပေးကလည်း အံ့ဩဝမ်းသာစွာထောက်ခံ) ထင်မှတ်ဆုံးဖြတ်ကာ လက်နက်ဖြင့် အာဏာသိမ်းရေးသူပုန်ထဖို့ လမ်းစဉ်ကို လွဲမှားစွာ ရွေးခဲ့လေတော့သည်။ (အမှန်တကယ်က လယ်သမားများ လယ်အလုပ်အားလပ်ချိန်မှာ ပွဲလမ်းသဘင်ကို အထူးတောင့်တနေချိန် ဖြစ်သဖြင့် ပွဲလာကြည့်ကြခြင်းသာဖြစ်၏။ မာ့စ်လီနင်တို့၏ ကွန်မြူနစ်ဝါဒဆိုတာလည်း သူတို့ဘာမှန်းမသိ။ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)ဆိုတာလည်း ဘာမှန်းမသိ။ ထောက်ခံအားပေးခြင်းမျိုးအနေနှင့် တက်ရောက်ခြင်းလည်း မဟုတ်ခဲ့)

*စာမျက်နှာ -၂၁ သို့*

**ခေါင်းဆောင်မှုကို လိုချင်လျှင် အခြေခံအကျဆုံး လိုအပ်ချက်မှာ စံနမူနာပြသပြီး ဦးဆောင်နိုင်စွမ်းရှိရမည်။ "ငါ့နောက်လိုက်ခဲ့ကြ" ဟု သတ္တိကို နမူနာပြနိုင်ရမည်။ ရိုးသားမှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ အနစ်နာခံမှု၊ အမြော်အမြင်ရှိမှု၊ ဇွဲရှိမှု၊ လုံ့လရှိမှု၊ ရဲဘော်ရဲဘက်စိတ်ရှိမှု၊ အတွင်းအပြင် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်မှု စသည့် ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါလက္ခဏာများကို ရှေ့ကထုတ်ဖော်ပြသနိုင်ရမည်။**

# ရေဘေးရှောင်အိမ်ထောင်စုများအား နေရာပြောင်းရွှေ့ချထားပေး

**မြန်အောင် ဩဂုတ် ၃**

မြန်အောင်မြို့ ဧရာဝတီမြစ်ကမ်းနံဘေးတွင် နေထိုင်သော အမှတ် (၆)ရပ်ကွက်နှင့် အမှတ်(၁)ရပ်ကွက်ရှိ ရေဝင်အိမ်ထောင်စုများနှင့် အမှတ်(၅)ရပ်ကွက် တာဝတိံသာကွက်သစ်နေ ရေဝင်အိမ်ထောင်စုများရေဘေးအန္တရာယ်ကင်းဝေးစေရန် နေရာရွှေ့ပြောင်းမှုများကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်အထိ ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်အောင်မြို့ အမှတ် (၆) ရပ်ကွက် ရွှေဘုံသာဘုရားတွင် အိမ်ထောင်စု ၃၂ စု လူဦးရေ ၁၃၂ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည်။ မြန်အောင်မြို့အမှတ် (၅) ရပ်ကွက် တာဝတိံသာဓမ္မာရုံ၌ အိမ်ထောင်စု ၂၁ စု လူဦးရေ ၇၆ ဦး ပြောင်းရွှေ့နေထိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်အောင်အမှတ် (၁) ရပ်ကွက် မကျီးစုကမ်းနားတန်းတွင် နေထိုင်သော အိမ်ထောင်စု ကိုးစု လူဦးရေ ၃၇ ဦးသည် အမက မကျီးစုနှင့် မကျီးစုဘုန်းကြီးကျောင်းဓမ္မာရုံတို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း ရေဘေး၊ လေဘေးအန္တရာယ်များနှင့် ပတ်သက်၍ မဟုတ်မမှန် ကောလာဟလသတင်းများဖြစ်ပေါ်မှုမရှိစေရန် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဖွံ့/ထောက်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ သတင်းအမှန် အချိန်နှင့်တစ်ပြေးညီရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# နယ်စပ်ကုန်သည်ယာဉ်ကြီးများအား အထောက်အကူပြုနေသော ဖောတံတား

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ်အတွင်းရှိ မြဝတီနယ်စပ် ကုန်သွယ်ရေးကားလမ်း ဘားအံ-ကော့ကရိတ်-မြဝတီ ကားလမ်းပေါ်မှ ဂျိုင်းတံတားသည် ၁၉၉၉ ခုနှစ် မေလအတွင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(တံတားဦးစီးဌာန)က တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားဖြစ်ပြီး မြဝတီနယ်စပ် ကုန်စည်ပို့ဆောင်ရေးကားကြီးများ ဖြတ်သန်းမောင်းနှင်နေသော တံတားဖြစ်သည်။

ယခုအခါ အဆိုပါတံတားခံနိုင်ဝန်မှာ ကုန် ၂၅ တန်သာတင်ဆောင်လာသော ကားများသာ တံတားပေါ် ဖြတ်သန်းခွင့်ပြုတော့သဖြင့် ၂၅ တန် အထက် တင်ဆောင်လာသော မြဝတီမှ ကုန်တင်ယာဉ်ကြီးများအတွက် ဂျိုင်းတံတားအနီး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တံတားတည်ဆောက်မှု နည်းပညာဖြင့် မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီက ဖောတံတားတစ်စင်း တည်ဆောက်၍ ၂၅ တန်အထက် ကျော်လွန်တင်ဆောင်လာသော ကုန်တင်ကားကြီးများကို ဖြတ်သန်းမောင်းနှင်စေလျက်ရှိသည်။

အဆိုပါဖောတံတားကို မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီသည် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလကစ၍ သက်ဆိုင်ရာက တာဝန်ပေးချက်အရ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်နိုင်ရန် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဂျိုင်းဘေလီကြိုးတံတားပေါ်မှ ဖြတ်သန်းခွင့်မပြုသော ၂၅ တန်အထက် ၂၆ တန်မှ တန် ၄၀ ပါ ကုန်တင်ယာဉ်ကြီးများကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုလျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ-ခရမ်းစိုးမြင့်**



# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ညောင်လေးပင် ဩဂုတ် ၃**

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၁)၊ (၂) ရပ်ကွက်တို့တွင် နစ်မြုပ်ခဲ့သဖြင့် ကယ်ဆယ်ရေးအိမ်ခြေ အများအပြား ရေကြီး စခန်းသုံးခု ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရာ အလှူရှင်များက ဆန်၊ ဆီနှင့် စားသုံးကုန်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



ဩဂုတ် ၁ ရက်အထိ ကယ်ဆယ်ရေးစခန်းသုံးခု အိမ်ထောင်စု ၁၂၁ စုနှင့် လူဦးရေ ၄၈၉ ဦးအား ကယ်ဆယ်ထားပြီးဖြစ်၍ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာခင်ဇော်၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်းတို့က ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်အောင်လှိုင်**

# ဘောဂလိမြို့ မိုးရွာသွန်းမှုများသောကြောင့် မြေသားများ ပြိုကျ၍ လမ်းပိတ်ဆို့

**ဘောဂလိ ဩဂုတ် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့တွင် မိုးရွာသွန်းမှုများခြင်းကြောင့် ဩဂုတ် ၁ ရက်က သံတောင်မြို့မှ ဘောဂလိမြို့သို့ သွားရာကားလမ်းတွင် လမ်းဘေးမြေသားများပြိုကျ၍ လမ်းများပိတ်ဆို့နေကြောင်း သိရသည်။

အဆိုပါကားလမ်းများ ပိတ်ဆို့ရာတွင် ပက်လက်ဝချောင်း ဇက်ဆိပ်နှင့် ပြောင်သိုကျေးရွာကြား လမ်းအပိုင်းတွင်လည်းကောင်း၊ ဘောဂလိမြို့အဝင်လမ်းလျှပ်စစ်ဓာတ်အားခွဲရုံအနီးတို့တွင် လည်းကောင်း၊ လမ်းဘေးမြေသားများ ပြိုကျသဖြင့် လမ်းများပိတ်ဆို့ခဲ့၍ လမ်းတံတားတာဝန်ရှိသူများက မြေထိုးစက်ကြီးများဖြင့် ရှင်းလင်းဆောင်ရွက်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများစုပေါင်းကာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သဖြင့် ညနေပိုင်းတွင် ပြန်လည်ရှင်းလင်းသွားကြောင်း သိရသည်။

**စိုင်းခင်(ပြန်/ဆက်)**

**ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ**

*စာမျက်နှာ -၂၀ မှ*

မဲဆန္ဒရှင်ပြည်သူအရေအတွက် ၃၂ သန်းကျော်ရှိသော တိုင်းပြည်တွင် (တရားမဝင်သော သာသနာ့ဝန်ထမ်းအချို့၏ လက်မှတ်၊ အသက်မပြည့်သူ၊ ရူးသွပ်သူ စသည်တို့ အပါအဝင်) လေးသန်းကျော် ငါးသန်းခန့် အရေအတွက် (မည်သူကမှလည်း လက်မှတ်တွေနှစ်ကြိမ်၊ သုံးကြိမ်ထပ်နေသလား စစ်ဆေးစိစစ်ခြင်းမရှိဘဲ) ပရိသတ်များလှပါပြီဟု အကြိမ်ကြိမ်ရေးသားသော စာနယ်ဇင်းအချို့ကို တွေ့ရ၏။ မိမိတို့ထက် သုံးဆကျော်ပိုမိုများသော အခြားမဲဆန္ဒရှင်ပြည်သူအများစုက မိမိတို့နှင့် ဆန္ဒသဘောထားမတူကြတာကို လက်ခံကြရပါမည်။ နားလည်ရမည်။ ဒီမိုကရေစီစနစ်အရ ၁၇း၅ မျှသာ မိမိတို့ရသော ပရိသတ်ပမာဏသည်များသည်ဟု ပကတိ အခြေအနေအရ မဆိုနိုင်။ သုံးဆမက ပိုမိုများပြားနေသော ပြည်သူလူထုမဲဆန္ဒရှင်များက လက်မခံခဲ့ကြဟု ကိန်းဂဏန်းအရ ဖော်ပြနေသည်။ ပြည်သူဦးရေ ၅၂ သန်းနှင့်နှိုင်းယှဉ်သော် ထိုအဆိုဘက်က ပရိသတ်သည် ၅၂း၅ ဆယ်ပုံတစ်ပုံနီးပါးမျှသာရှိကြောင်း ထင်ရှားလေသည်။

စာရေးသူက နည်းသည်ဟုလည်း မဆိုလိုပါ။ များသည်ဟုလည်း မပြောနိုင်ပါ။

ပကတိတွေ့ရှိရသော Facts and Figure ထိုအခြေအနေကို(မှားယွင်းစွာ) ပရိသတ်သဘောထားအားလိုရာဆွဲယူ အနက်ကောက်နေသူအချို့၏ ထပ်ခါထပ်ခါဖော်ပြချက်ကြောင့် ခေါင်းဆောင်တွေမှာ ဆုံးဖြတ်ချက်လွဲချော်သွားမည်စိုးသောကြောင့် တင်ပြခြင်းမျှသာ ဖြစ်ပါသည်။ စေတနာ ဖြူစင်ပါသည်။ အမှန်ကိုအမှန်အတိုင်း သိမြင်ခြင်းအားဖြင့် ကောင်းကျိုးရစေချင်ပါသည်။

လူငယ်ဘဝကပင် ငါသည် ခေါင်းဆောင်လုပ်မည်။

ကလေကချေ အလေနတော အပြုအမူမျိုးတွေကို မလုပ်၊ ငါရှောင်ကွင်းမည်ဟု ခိုင်မာစွာ ဆုံးဖြတ်ထားရမည်။ ငယ်ရွယ်စဉ်မှာ ပျော်သလိုနေမည်၊ အရွယ်၏နုပျိုလန်းဆန်းခြင်းကို စိတ်လွတ်လက်လွတ် အရသာခံလိုက်မည်ဟု သဘောမထားရ။ ငယ်စဉ်အခါက အမှားတွေ၊ အပြစ်အနာအဆာတွေ ကျူးလွန်ထားခဲ့မိတော့ ခေါင်းဆောင်အရည်အသွေးအတွက် နောက်ကြောင်းရာဇဝင်မရှင်းမလင်းဖြစ်ရတတ်သည်။ မိမိတို့အားလုံးရှေ့မှောက်မှာ သင်ခန်းစာယူစရာတွေ တွေ့ခဲ့ရပါလိမ့်မည်။ ရေဆေး၍မရ၊ ခဲဖျက်နှင့်ဖျက်လို့လည်း မရ။ ကိုယ့်ရာဇဝင်ကို ကိုယ်ရေးခဲ့တာပဲ။ ဘယ်သူမပြု မိမိမှုမဟုတ်လား။

ခေါင်းဆောင်လုပ်မည့်သူသည် နာယကဂုဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံရပါလိမ့်မည်။ လူငယ်ဘဝမှာပင် မိမိကိုယ်ကို ဤစံများဖြင့် ပျိုးထောင်ရမည်။ သို့မှသာ တန်ဖိုးရှိသော ခေါင်းဆောင်ဖြစ်မည်-

| | | |
|---|---|---|
| ၁။ | ခမာ | - သည်းခံခြင်း၊ သည်းခံနိုင်စွမ်းကို လေ့ကျင့်မြှင့်တင်ပါ။ စိတ်လိုက်မာန်ပါမပြုရ၊ |
| ၂။ | ဇာဂရိယ | - သတိရှိခြင်း၊ နိုးကြားခြင်း၊ |
| ၃။ | ဥဋ္ဌာန | - ငယ်သားတို့ထက် ဆထက်များစွာ သာလွန်သောလုံ့လဝီရိယရှိခြင်း၊ |
| ၄။ | သံဝိဘာဂ | - လျောက်ပတ် လျော်ကန် တော်တန်သလို ခွဲဝေချီးမြှောက် ထောက်ပံ့ပေးခြင်း၊ |
| ၅။ | ဒယာ | - သူတစ်ပါးအား ကိုယ်နှင့်မခြား သနားကြင်နာခြင်း၊ စာနာခြင်း၊ (ရန်လိုခြင်း၊ ပုတ်ခတ်ခြင်း၊ ရွဲ့ပုတ်ရေနှင့် ပက်ခြင်းတို့မပြုရ) |
| ၆။ | ဣက္ခနာ | - ဘက်ပေါင်းစုံက လေ့လာ စုံစမ်းခြင်း၊ အလုံးစုံသော ဖြစ်နိုင်ခြေနှင့် အခွင့်အလမ်းများကို တွေးခေါ်မြော်မြင်နိုင်စွမ်း ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံခြင်း။ |

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ ဝင်စတန်ချာချီ၊ ဒွိုက်ဒီအိုက်စင်ဟောင်ဝါ၊ ဂျွန်စီမက်ဇ်ဝဲလ်၊ ဘရိုင်ယန်ထရေစီစသော ပုဂ္ဂိုလ်များရေးသားထားကြသည့် စာအုပ်ကောင်းများရှိပါသည်။ အင်တာနက် စာကြည့်တိုက်များမှာ ရှာဖွေဖတ်ရှုနိုင်ပါသည်။ ဖတ်ဖြစ်ဖို့သာလိုသည်။ LEADERSHIP စာအုပ်ပေါင်းထောင်နှင့်ချီပြီး ရှိနေပါသည်။ အသိအမြင်ရအောင် ဖတ်ကြပါ။

သူတစ်ပါး၊ လူအများအပေါ်မှာ ဩဇာသက်ရောက်ရန်၊ လွှမ်းမိုးနိုင်ရန်အတွက် ခေါင်းဆောင်ကောင်းဟူသည် စံနမူနာပြသနိုင်ရပါသည်။ အောင်မြင်အောင် စွမ်းဆောင်ပြနိုင်ရမည်။ လူငယ်များ အချိန်ယူပြီး မိမိကိုယ်ကို ပျိုးထောင်ကြပါ။ စနစ်တကျ လေ့ကျင့်ကြိုးစားကြပါကုန်။

# စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးဒုက္ခသည်များအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အညာဒေသ အရာတော်၊ ရွှေဘို၊ မူးမြစ်ဝှမ်း ရေဘေးဒုက္ခသည်များကို ရန်ကုန်မြို့ ဗုဒ္ဓဂယာ ပုညသဟာယအသင်းက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင် ၃၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် လှရတနာကျောင်းဆောင် မြေညီထပ်၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် အလှူရှင်များက ရေဘေးဒုက္ခသည်များအတွက် အလှူငွေနှင့်ပစ္စည်းများကို တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်ထံ ပေးအပ်လှူဒါန်းကြရာ အလှူငွေကျပ် စုစုပေါင်း ၅၆ သိန်းနှင့် ဆန်အိတ်များနှင့် ပစ္စည်းများကို လက်ခံရရှိကြောင်း သိရသည်။

**မောင်ရွှေမန်း(အင်းစိန်)**

# ယဉ်ကျေးမှုအမွေအနှစ် မြစေတီကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကျောက်စာများသည် သမိုင်းကို ပြောနေကြပါ၏။ စာပေအရေးအသား ပေါ်ပေါက်လာပြီးသည့် နောက်ပိုင်း ခေတ်ကာလလူသားများ ဖြတ်သန်းလာခဲ့ကြသည့်သမိုင်းစဉ်ကို ဖော်ထုတ်ရာတွင် ကျောက်စာများကို အများဆုံး အားကိုးအားထားပြုကြရသည်။ မြန်မာနိုင်ငံတွင် စာပေအရေးအသား စတင်ပေါ်ပေါက်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ကျောက်စာ၊ အိုးစာ၊ ပေစာ၊ မင်စာ၊ ခေါင်းလောင်းစာများ ခေတ်အဆက်ဆက်ရေးသားခဲ့ကြသဖြင့် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို ဖော်ထုတ်ရာတွင် ကျောက်စာများကို များစွာအထောက်အထားပြုနိုင်ခဲ့ပေသည်။

မြန်မာတို့သည် ပုဂံခေတ်တစ်လျှောက်၌ ကျောက်စာများကို တွင်ကျယ်စွာရေးထိုးခဲ့ကြသဖြင့် ပုဂံသမိုင်းကို ဖော်ထုတ်ရာတွင် အရေအတွက်များစွာရှိနေသည့် ပုဂံခေတ်ကျောက်စာများသည် အလွန်အထောက်အပံ့ဖြစ်ခဲ့ရပေသည်။

ပုဂံတွင်တွေ့ရှိခဲ့ရသည့် ကျောက်စာများအနက် ပုဂံ၏ အမွေအနှစ်တစ်ခုဖြစ်သော မြစေတီကျောက်စာကို မြစေတီဘုရားဝင်းတွင်တစ်ခုနှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် တစ်ခုပြသထားသည်။ မြစေတီကျောက်စာသည် နှစ်ခုရှိပြီး မြစေတီဘုရားမဟာရာမ်တံတိုင်းကိုပြုပြင်ရာမှ တွေ့ရှိခဲ့ရသောကြောင့် မြစေတီကျောက်စာဟု ထင်ရှားသကဲ့သို့ ကျောက်စာရေးထိုးသူ ရာဇကုမာရ်မင်းသားကို အစွဲပြု၍ ရာဇကုမာရ်ကျောက်စာဟုလည်း လူသိများပေသည်။

မြစေတီသည် ပုဂံမြို့မှ တောင်ဘက်တစ်မိုင်ခွဲခန့်အကွာ၊ မြင်းကပါအရပ်တွင်တည်ရှိပြီး မြစေတီဘုရားအနီးမှ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသောကျောက်စာတိုင်တစ်တိုင်ကို အကောင်းပကတိအတိုင်းတွေ့ရှိခဲ့ပြီး ယင်းကျောက်စာကို ယခုအခါပုဂံပြတိုက်တွင် ပြသထားသည်။ အလားတူပင် ပထမကျောက်စာနှင့်ထပ်တူညီစွာ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသည့် ကျောက်စာထက်ပိုင်းကျိုးသုံးခုကို မြင်းကပါဂူပြောက်ကြီးဘုရားအနီးမှရရှိခဲ့သဖြင့် ယင်းကျောက်စာပိုင်းများအား ပြန်လည်ဆက်စပ်ပြီး မြစေတီဘုရားရင်ပြင်ပေါ်တွင် ကျောက်စာတိုက်ဆောက်လုပ်၍ ထိန်းသိမ်းပြသထားသည်။ မြစေတီကျောက်စာတိုင်နှစ်ခုလုံးတွင် ရေးထွင်းထားသောစာသားများသည် အားလုံးအတူတူဖြစ်သဖြင့် ပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်က ဒုတိယကျောက်စာတိုင်သည် ပထမကျောက်စာတိုင်၏ အပွားဖြစ်သည်ဟု သုံးသပ်ခဲ့ပေသည်။

ယင်းမြစေတီကျောက်စာများအား ဗြိတိသျှကိုလိုနီခေတ်ဦးကာလ၌ မြန်မာနိုင်ငံတွင် ကျောက်စာဝန် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာအီးဖော်ချားမား (Dr. Emil Forchmmer) က တွေ့ရှိ၊ သုတေသန ပြုလုပ်ခဲ့သည်။

ဘာသာလေးမျိုးဖြင့် ရေးထိုးထားသည့် လုံးဝထပ်တူညီသော ကျောက်စာတိုင်နှစ်ခုကို တစ်နေရာတည်းမှ ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံမှလွဲ၍ အခြားမည်သည့်နိုင်ငံတွင်မှ မရှိသေးပါချေ။ ယင်းကျောက်စာတိုင်နှစ်ခုလုံးတွင် အကြောင်းအရာတစ်ခုတည်းကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာဘာသာလေးမျိုးဖြင့် ရေးထိုးထားပြီး စာလုံးများသည် ပုဂံခေတ်အက္ခရာစာလုံးပုံစံဖြစ်သည့် လေးထောင့်ကျကျ၊ မန်ကျည်းစေ့ပုံများဖြစ်သည်။ ရေးထိုးထားသော ဘာသာစကားလေးမျိုးအနက် ပျူနှင့်ပါဠိဘာသာများသည် ယခုအခါ အသုံးပြုခြင်းမရှိတော့သော်လည်း မြန်မာဘာသာနှင့် မွန်ဘာသာတို့မှာမူ ယနေ့တိုင် သုံးစွဲလျက်ရှိသည့် ဘာသာစကားများ ဖြစ်ကြပေသည်။ မြစေတီကျောက်စာကို။

ဂြိ။ နမောဗုဒ္ဓါယ၊ ပုရှာသ္ခင် သာသနာအနှစ်တစ်ထောင်ခြောက်ရာနှစ်ဆာယ် ဟေတ်နှစ် လောန်လိယ် ဗြီရကာ ။ ဤယ် အရိမဒ္ဒန ပဥ္စ်ရ် မည်သုပြည် နိုက်အာ။ ဗြီတြိဘုဝနာ ဒိတျ ဓမ္မရာဇ် မည်သုမ. . . ဟု အစချီကာ စာကြောင်းရေ ၃၃ ကြောင်း ရေးထိုးထားသည်။




ကျောက်စာရေးထိုးခဲ့သူမှာ ကျန်စစ်သားမင်းကြီး၏ သားတော်ရာဇကုမာရ်မင်းသားဖြစ်ပြီး ကျန်စစ်သားမင်းကြီးကွယ်လွန်သော မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ် (ခရစ်နှစ် ၁၁၁၂) ၌ ရေးထိုးခဲ့သည်ဟု အစဉ်အဆက်ယူဆထားကြသည်။ အချို့ကလည်း မင်းကြီးကွယ်လွန်ပြီး နောက်တစ်နှစ်တွင် ရေးထိုးခဲ့သည်ဟုဆိုကြသည်။

ကျန်စစ်သားမင်းသည် အနော်ရထာဘုရင်လက်ထက်က အိမ်နိမ့်စံဘဝတွင် အနော်ရထာမင်းစိတ်အခန့်မသင့်သဖြင့် ကြောင်ဖြူအရပ်တွင် ပုန်းရှောင်နေခဲ့စဉ် ရှင်မထီးတူမ သမ္ဘူလနှင့် တွေ့ဆုံပေါင်းသင်းခဲ့သည်။ အနော်ရထာမင်းကွယ်လွန်ပြီး စောလူးမင်းနန်းတက်သောအခါ ကျန်စစ်သားသည် စောလူးမင်းထံခစားရန် ပုဂံသို့ပြန်လာချိန်တွင် သမ္ဘူလသည် ပဋိသန္ဓေနှင့် ကျန်နေရစ်ခဲ့သည်။ကျန်စစ်သားက သမ္ဘူလအား ပတ္တမြားလက်စွပ်ကိုပေးခဲ့ကာ သားယောက်ျားလေးမွေးပါက ပတ္တမြားလက်စွပ်ကို သက်သေပြုလျက် ပုဂံသို့လိုက်လာရန် မှာကြားထားခဲ့သည်။

ကျန်စစ်သားမင်းဖြစ်ပြီး နှစ်နှစ်ခန့်အကြာ၊ ရာဇကုမာရ်ခုနစ်နှစ်အရွယ်တွင် သမ္ဘူလသည် ပတ္တမြားလက်စွပ်ကို သက်သေပြုလျက် သားဖြစ်သူ ရာဇကုမာရ်မင်းသားကိုခေါ်ဆောင်ကာ ကျန်စစ်သားမင်းကြီးထံမှောက်သို့ ရောက်ရှိလာခဲ့သည်။ မင်းကြီးသည် သမ္ဘူလ၏ ကျေးဇူးများကို သတိရလျက် "သုံးလောက၏ ဦးဆောက်ပန်း"ဟု အဓိပ္ပာယ်ရသည့် "တြိလောက ဝဋံသကာဒေဝီ "ဘွဲ့နာမတော်ဖြင့် သမ္ဘူလအား မိဘုရားမြှောက်ခဲ့သည်။ ထိုအချိန်တွင် ကျန်စစ်သားမင်းကြီးသည် မြေးတော်အလောင်းစည်သူအား ဘိသိက်သွန်းကာ နန်းမွေခံအဖြစ် တင်မြှောက်ထားပြီးဖြစ်သောကြောင့် ရာဇကုမာရ်သည် သားအရင်းဖြစ်ပါလျက် ဇေယျခေတ္တရာဘွဲ့ကိုသာရရှိပြီး တောင်စဉ်ခုနစ်ခရိုင်ကို စားခဲ့ရသည်။ ရာဇကုမာရ်မင်းသားသည် ကျန်စစ်သား၏ သားအရင်းဟုတ်သည်၊ မဟုတ်သည်ဖြင့် သုတေသီများအကြား အငြင်းပွားမှုများ ရှိခဲ့ကြသော်လည်း မြန်မာလူမျိုးအများစုက ရာဇကုမာရ်မင်းသားအား ကျန်စစ်သားမင်းကြီး၏ သားတော်ဟုသာ လက်ခံထားကြသည်။

သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ကျန်စစ်မင်းကြီးကွယ်လွန်သောအခါ ရာဇကုမာရ်သည် မြင်းကပါအရပ်တွင် ဘုရားရှင်နှင့်တူညီသော ရွှေအတိပြီးသည့် ဆင်းတုတော်ကို ဌာပနာလျက် ရွှေအထွတ်ရှိသည့် ဂူဘုရားတစ်ဆူကို တည်ထားခဲ့သည်။ (ထိုဂူဘုရားသည် မြစေတီမဟုတ်ဘဲ မြစေတီနှင့်ကပ်လျက်တည်ရှိနေသော ဂူပြောက်ကြီးဘုရားဖြစ်နိုင်ကြောင်း ပညာရှင်အများက ယူဆကြသည်။) ထိုဘုရားကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အလို့ငှာ သက်နုမုလွန်၊ ရပယ်၊ ဟန်ဗိုဟူသော ကျွန်သုံးရွာကိုလည်း လှူဒါန်းခဲ့သည်။ တစ်ဆက်တည်းမှာပင် အမိအဖတို့အား ရည်ရွယ်လျက် ကျောက်စာတိုင်ရေးထိုးစိုက်ထူခဲ့သည်။

ရာဇကုမာရ်သည် အမိအဖတို့အတွက် မိမိဆောင်ရွက်သမျှတို့ကို ကျောက်စာတွင် ဤသို့မှတ်တမ်းပြုခဲ့သည်။

"သီရိ၊ နမောဗုဒ္ဓါယ၊ ဘုရားသခင် သာသနာအနှစ်တစ်ထောင် ခြောက်ရာနှစ်ဆယ်ရှစ် နှစ်လွန်လေပြီး ရကား၊ ဤအရိမဒ္ဒနာ ပုရ်မည်သောပြည်၌ သီရိတြိဘဝနာ ဒိတျဓမ္မရာဇ် မည်သောမင်းဖြစ်၏။ ထိုမင်း၏ ပယ်မယားတစ်ယောက်သော်ကား တြိလောက ဝဋံသကာဒေဝီမည်၏။ ထိုပယ်မယားသားတမူလည်း ရာဇကုမာရ်မည်၏။ ထိုမင်းကား ကျွန်သုံးရွာတည်း ပယ်မယားအားပေး၏။ ထိုပယ်မယားသေခဲ့ရကား ထိုပယ်မယားတန်ဆာနှင့် ထိုကျွန်သုံးရွာသောနှင့်တည်း ထိုပယ်မယားသား ရာကုမာရ်မည်သောအား မင်းပေးတုံ၏။ ထိုမင်းအနှစ် နှစ်ဆယ်ရှစ်နှစ် မင်းမူပြီး၍ သေခမူ နာသရော၌ တည်း။ ထိုရာဇကုမာရ်မည်သော ပယ်မယားသား မိမိကို မွေးသောမင်းကြီး ကျေးဇူးကို အောက်မေ့ရကား ရွှေအတိသော ဘုရားသခင် အဆင်းပြု၍ နှပ်လေသရောတည်း ဤသို့မိန့်၏။ ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသော တည်း။ ကျွန်သုံးရွာ အတို့ကျွန် ငါ့သခင်ပေးသည်ကား ဤရွှေဘုရား အတို့ ကျွန်ပေး၏။"

ရာဇကုမာရ်သည် ဖခင်ကျန်စစ်သားမင်းကြီး သေအံ့မူးမူးဖြစ်နေချိန်တွင် မြတ်စွာဘုရားရှင် ရွှေဆင်းတုတော်ကို ပင့်ဆောင်လာခဲ့ကာ ဖခင်ကိုယ်တော်တိုင် ရဟန်းတော်တို့ထံမှောက်တွင် ရေစက်သွန်းချ လှူဒါန်းစေခဲ့သည်။

"ထိုရောတည်း မင်းနှစ်ကျိုရကား ကောင်းလှေင့်တည်း ကောင်းလှေင့်တည်းမိန့်၍ သင်ကြီးမဟာထေရ်၊ သင်ကြီး မုဂ္ဂလိပုတ္တတိဿထေရ်၊ သင်ကြီး သုမေဓပဏ္ဍိတ်၊ သင်ကြီး ဗြဟ္မပါလ်၊ သင်ကြီး ဗြဟ္မဒိဝ်၊ သင်ကြီး သောန်၊ သင်ကြီး သင်္ဃသေနဝရပဏ္ဍိတ၊ ထိုသခင်တို့ အမှောက်တည်း မင်းရေသွန်း၏။" ဟု ကျောက်စာတွင်ရေးထိုးခဲ့သည်။

ထို့နောက် ရာဇကုမာရ်သည် ဂူဘုရားတည်ခဲ့ပုံ၊ ကျွန်သုံးရွာလှူဒါန်းခဲ့ပုံတို့ကို ဆုတောင်းစာ၊ ကျိန်စာများဖြင့် အောက်ပါအတိုင်း အဆုံးသတ်ခဲ့သည်။

"ထိုပြီးရကား ထိုရာဇကုမာရ်မည်သော ပယ်မယားသား ထိုရွှေဘုရားဌာပနာ၍ ရွှေအထွတ်မူသောကူပြု၏"

ပြုပြီးရကား ဤကူဘုရားလွှတ်သရော၌တည်း သက်နုမုလွန် တရွာ၊ ရပယ်တရွာ၊ဟန်ဗိုဝ်တရွာ ဤ ကျွန်သုံးရွာကိုယူ၍ ထိုရာဇကုမာရ်မည်သော ပယ်မယားသား ဤ ကူဘုရားအားရေသွန်း၍ ဤသို့ မိန့်၏။ ဤ ငါ့အမူကား သဗ္ဗညုတဉာဏ် ပညာရအံ့သောအကြောင်းဖြစ်စေသတည်း။ ငါ့နောင်အား ငါ့သား လည်းကောင်း၊ ငါ့မြေး လည်းကောင်း၊ ငါ့ဆွေ လည်းကောင်း၊ သူ တထူး လည်းကောင်း၊ ဤဘုရားအား ငါလှူခဲ့သော ကျွန်အနှိပ်အစက်တည်း မူမူကား အရိမေတ္တေယျဘုရားသခင် အဖူးရစေ-

ပညာရှင်များက မြစေတီကျောက်စာပါ စကားပြေကို ရှေးအကျဆုံး မြန်မာစကားပြေဟု ယူဆခဲ့ကြပြီး အချို့သော စကားလုံးများသည် ယခုခေတ်အသုံးနှင့် မတူညီ၊ကွဲပြားသည်ကိုတွေ့နိုင်ပေသည်။ ဥပမာအားဖြင့် "နာသရော၌ တည်း"ဟူသည် နာမကျန်းဟူသော စာလုံးမှနာနှင့် ရှေးသရောအခါ ဟူသောစာလုံးမှ သရောတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ နာမကျန်းသောအခါဟု အဓိပ္ပာယ်ရသည်။ "အတို့ကျွန်"ကို အကျွန်တို၊ ကျွန်နှိပ်တို့ဟု ယူဆကြသကဲ့သို့ "သင်ကြီး" သည် သင်္ဃာကြီးဖြစ်သည်ဟု ဆိုကြသည်။ "အဖူးရစေ" ဟူရာတွင် မ အစား အ ကို သုံးစွဲထားဟန်ရှိပေသည်။

*စာမျက်နှာ ၂၃ သို့*

# အရည်အချင်းမြှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံတွင် အဖွဲ့အစည်းနှင့် ခေါင်းဆောင်ပိုင်း အရည်အချင်းတိုးမြှင့်ပေးနိုင်ရန် ရည်ရွယ်ကာ စင်ကာပူရှိ Singapore Management University သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ပထမဆုံးအကြိမ် ပူးပေါင်း၍ Workshop တစ်ခုကို ကျင်းပပေးရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါ Workshop တွင် Organizational Development Strategy၊ Leadership Training နှင့် Change Management for Better Social Outcomes ဘာသာရပ်များကို SMU မှ ငါးဦးလာရောက်ဆွေးနွေးပို့ချပေးမည်ဖြစ်သည်။

ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ၅ နာရီအထိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (အင်းလျားလမ်း)တွင် ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် အမည်၊ အရည်အချင်း၊ ရာထူး၊ အလုပ်အကိုင်၊ လိပ်စာ၊ ဖုန်းနှင့် Email လိပ်စာတို့ကို ဖော်ပြ၍ bdamyanmar @ gmail.com ဖုန်းနံပါတ် ၅၄၂၃၄၉၊ ၅၅၇၅၃၈ သို့ ဩဂုတ် ၅ ရက် နောက်ဆုံးထား၍ စုံစမ်းပေးပို့နိုင်ပြီး တက်ရောက်ရန်ဖိတ်ကြားစာကို ဩဂုတ် ၇ ရက်နေ့တွင် ပေးပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်စိုးတင့်**

# ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ရွှေကျင် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် စစ်တောင်းမြစ်နှင့် ရွှေကျင်မြစ်ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့လာသူ ရေဘေးသင့်အိမ်ထောင်စု ၅၄၅ စု လူဦးရေ ၂၆၈၅ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၁ ရက် နံနက် ၁၀နာရီတွင် မြို့နယ်ကော်မတီသုံးခုမှ တာဝန်ရှိသူများက ယာယီကယ်ဆယ်ရေးစခန်းအသီးသီးသို့ သွားရောက်ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်၊ ဆီနှင့် ခေါက်ဆွဲခြောက်ထုပ်များကို လည်းကောင်း၊ ရွှေကျင်လူနာတင်ယာဉ်လူငယ်အဖွဲ့မှ ဆန် ၄၅ အိတ်၊ ရေသန့်ဘူးကြီး ၅၀၊ ဆေးနှင့် ကလေးအဝတ်အထည်များကိုလည်းကောင်း ထောက်ပံ့ပေးခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

စာမျက်နှာ ၂၂ မှ

မြစေတီကျောက်စာသည် ပုဂံသမိုင်းကို သုတေသနပြုကြသော သုတေသီတို့အတွက် ရာဇကုမာရ်ရေးထိုးခဲ့သည့် ကျောက်စာတစ်ချပ် ဖြစ်ကြောင်း အထောက်အထား အခိုင်အမာတစ်ရပ်ပင်ဖြစ်သည်။ ဘာသာစကားလေးမျိုးဖြင့် ရေးထိုးထားသောကြောင့် ဘာသာဗေဒအမြင်တွင် အထူးပင်တန်ဖိုးရှိလှသည်။ သမိုင်းအမြင်ဖြင့် ကြည့်လျှင်လည်း ပုဂံခေတ်ကျန်စစ်သားမင်း၏ ဆောင်ရွက်ချက်များကို ထင်ရှားစွာတွေ့မြင်ရကြရပေသည်။

မြစေတီကျောက်စာအား ဦးဖေမောင်တင်က မြန်မာဘာသာသို့ ပြန်ဆိုကာ ၁၉၅၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မြစေတီကျောက်စာကို လန်ဒန်တက္ကသိုလ်မှ ဒေါက်တာဘလက်ဒင်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ ၁၉၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)သည် ကမ္ဘာ့နေရာဒေသအသီးသီးရှိ မှတ်တမ်းဝင်အမွေအနှစ်များကို နှစ်စဉ်ထုတ်ပြန်လျက်ရှိရာ မန္တလေးတောင်ခြေ၊ ကုသိုလ်တော်ဘုရားဝင်းအတွင်းစိုက်ထူထားသော ပိဋကတ်သုံးပုံကျောက်စာချပ် ၇၂၉ ချပ်အား ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတွင် ထည့်သွင်းကြေညာခဲ့သည်။ ယခုတစ်ဖန် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပုဂံမြို့ရှိ မြစေတီကျောက်စာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း (၂၀၁၅)တွင် ထည့်သွင်းသတ်မှတ်ပေးရန် UNESCO သို့ တင်သွင်းထားပြီးဖြစ်သဖြင့် မကြာမီမှာပင် နှစ်ပေါင်း (၉၀၀) ကျော် သက်တမ်းရှိသည့် မြစေတီကျောက်စာသည် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်တစ်ခုဖြစ်လာမည်ဟု မျှော်လင့်ထားကြပေသည်။

မြန်မာနိုင်ငံအတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် နိုင်ငံအတွင်း နေရာဒေသအနှံ့တွင်ရှိနေသဖြင့် နိုင်ငံသားများသည် မြတ်နိုးတန်ဖိုးထားကာ ဂုဏ်ယူဝံ့ကြွားစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် လိုအပ်လှသည်။ ရှေးဟောင်းအမွေအနှစ်များ ကြွယ်ဝခြင်းသည် နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို သက်သေပြုဖော်ညွှန်းနေကြောင်း ဖြစ်ကြောင်းကို ပြည်သူတိုင်း လက်ခံသိရှိကြရပေမည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံမှ မှတ်တမ်းအမွေအနှစ်များကို ကမ္ဘာ့သိမှတ်တမ်းအမွေအနှစ်များ ဖြစ်လာစေရေးအတွက် ဆောင်ရွက်နေသဖြင့် ပုဂံအမွေအနှစ်တစ်ခုဖြစ်သော မြစေတီကျောက်စာသည်လည်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်တစ်ခုအဖြစ် စာရင်းဝင်လာတော့မည် ဖြစ်ပါပေသည်။



# ကျေးရွာများသို့ ကယ်ဆယ်ရေးနှင့်ထမင်းထုပ်များ လိုက်လံဝေငှပေးလျက်ရှိ

**ဆားလင်းကြီး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီး မြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ကမ်းဘေးမှ ကျေးရွာများသည် ဇူလိုင် ၂၄ ရက်ခန့်မှ စတင်ကာ ချင်းတွင်းမြစ်ရေများ စတင်ဝင်ရောက်ခဲ့ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။ ချင်းတွင်းမြစ်ကမ်းဘေးရွာများဖြစ်သော ညောင်ပင်ကြီး၊ ထန်းတောကြီး၊ ဝဲကြီး၊ ဝဲကွဲ၊ နတ်ကျွန်း၊ နတ်စက်၊ လက်ပန်တောင်း၊ ရွှေလှေ၊ တုံရွာသစ်၊ အလယ်တော၊ တုံထန်းတောကြီး၊ တုံ-တောကျောင်း၊ မအို၊ ပလောင်၊ ကူးတို့ကုန်း၊ ခံကုန်း၊ ဆားထုံး၊ ပေါင်းဝ၊ ဆားခါး၊ သရက်ကိုင်း၊ ခွန်သာ၊ နှောကူးတို့ စသောကျေးရွာများသို့ ဇူလိုင် ၃၁ ရက်က ချင်းတွင်းမြစ်ရေသည် သိသာစွာ မြင့်တက်လာသောကြောင့် ၎င်းရွာများမှာ မြစ်ရေဝင်ပြီး လူနေအိမ်များ နစ်မြုပ်လျက်ရှိပြီး ကျေးရွာများအားလုံးသို့ ကူညီကယ်ဆယ်ရေးများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရှိရသည်။

ရေနစ်မြုပ်နေသော ကျေးရွာများအားလုံးသို့ ကယ်ဆယ်ရေးနှင့် ထမင်းထုပ်များ နေရပ်အနှံ့ လိုက်လံဆောင်ရွက် ဝေငှနိုင်ခြင်း မရှိသေးသော်လည်း၊ ကားလမ်းနံဘေးရွာများဖြစ်သော တုံရွာများ၊ ရွှေလှေ၊ ထန်းတောကြီး၊ ညောင်ပင်ကြီး စသောကျေးရွာများသို့ ဩဂုတ် ၁ ရက်မှစတင်၍ ဆားလင်းကြီးမြို့ပေါ်ရပ်ကွက် (၁၊ ၂၊ ၃) ရပ်ကွက်များက ထမင်းထုပ်များကို လိုက်လံဝေငှပေးခဲ့ကြောင်းနှင့် ညောင်ပင်ကြီး၊ ထန်းတောအခြေခံပညာ အထက်တန်း ကျောင်းတွင်လည်း ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပြီး စောင့်ရှောက်ထားကြောင်း သိရှိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ရေဘေးသင့်ပြည်သူများအားထောက်ပံ့



**ကောလင်း ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင် ၁၆ ရက်မှ စတင်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ ပျက်စီးနစ်မြုပ်၍ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များလာရောက်ပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများလှူဒါန်းခဲ့ကြသည်။ ယခု ဩဂုတ် ၂ ရက်နံနက် ၁၀ နာရီက ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် လူတစ်ဦးတစ်လစာရိက္ခာအဖြစ် ဆန် ၁၃ ဒသမ ၅ ကီလိုဂရမ်၊ ပဲ ၁ ဒသမ ၂၄ ကီလိုဂရမ်၊ ဆီ ၀ ဒသမ ၉ ကီလိုဂရမ်၊ ဆား ၀ ဒသမ ၁၅ ကီလိုဂရမ်၊ ဘီစကစ် ၀ ဒသမ ၂၂၅ ကီလိုဂရမ်နှုန်းဖြင့် လှူဒါန်းရာ ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသောင်တို့က အမှာစကားပြောကြားပြီး ကိုတီဝေခေါင် (Team Leader U NWEP)က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကောလင်းမြို့နယ်၌ ရေကြီးနစ်မြုပ် ကျေးရွာအုပ်စုရှစ်အုပ်စုများဖြစ်သော သရက်ခုံအုပ်စု၊ ညောင်ဝန်းအုပ်စု၊ ရေကန်သာအုပ်စု၊ ဝါးရုံခုံအုပ်စု၊ သရက်ချဉ်အုပ်စု၊ ငွေးတောက်တောအုပ်စု၊ နန္ဒင်းတောအုပ်စု၊ တောင်ကြားအုပ်စုတို့မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေတိုးလာပြီး ဩဂုတ် ၁ ရက်ညနေ ၅ နာရီက မုံရွာမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀ အထက်ကို ကျော်လွန်ပြီး ၁၀၈၅ စင်တီမီတာသို့ ရောက်ရှိလာသဖြင့် မုံရွာမြို့တွင် ရေဘေးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြစ်ရေဝင်ရောက်နိုင်သည့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်နှင့် ဘုရားကြီးရပ်ကွက်အနီးရှိ ထန်းတောစက်လှေဆိပ် တာရိုးနေရာတွင်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် အောင်မင်္ဂလာအဝိုင်းပတ်ကြားရှိ တာပေါင်လမ်းတွင် လည်းကောင်း၊ သဲအိတ်များကာရံခြင်း၊ ရေစိမ့်ထွက်မှုမရှိစေရေး မြေဖို့ခြင်းများကို တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရေကင်းများ ၂၄ နာရီချထားစောင့်ကြပ်ခြင်း၊ သဲအိတ်များ အရန်စုဆောင်းထားရှိခြင်း၊ ရေစိမ့်ပေါက်များတွင် သဲအိတ်များချထားခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် လူမှုရေးအသင်းအဖွဲ့များကလည်း ရေဘေးအသိပညာပေး လက်ကမ်းစာစောင်များကို ဝေငှခြင်း၊ စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေကြီးရေလျှံမှုဖြစ်ပွားရာ ဒေသများတွင် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်

**မုံရွာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ဓာတ်မီးတိုင်များ၊ မီတာများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ပြည်သူများ လျှပ်စစ်ဓာတ်အား ပုံမှန်ပြန်လည်သုံးစွဲနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါတွင် မော်လူးမြို့နယ်ဒေသများတွင် လျှပ်စစ်ဓာတ်အား ပြန်လည်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ရေနံချောင်းမြို့နယ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သူဌေးကုန်းကျေးရွာနှင့် ပွင့်ဖြူမြို့နယ် ငါးခြောက်ကုန်းကျေးရွာ၊ မြင်းခြံခုံ၊ ပေါက်ကုန်းကျေးရွာတို့တွင် ဩဂုတ် ၁ ရက်က ရောဝတီမြစ်ရေ



မြင့်တက်ဝင်ရောက်မှုကြောင့် လူနေအိမ်အချို့ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါရေနစ်မြုပ်ရာကျေးရွာများသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဇက်ရေယာဉ်ဖြင့် ရေဘေးသင့်ဒေသရှိ ပြည်သူများနှင့်တိရစ္ဆာန်များကို ဆားတိုင်ကျေးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ကယ်ဆယ်ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေလွှမ်းမိုးမှုဖြစ်လာလျှင် ဆောင်ရွက်သင့်သည့်အချက်များပါသည့်စာရွက်များ မုံရွာမြို့၌ဝေငှ

**မုံရွာ ဩဂုတ် ၃**

ရေလွှမ်းမိုးမှုများ ဖြစ်လာလျှင် ဆောင်ရွက်သင့်သည့်အချက်များပါဝင်သည့် စာရွက်များကို မုံရွာမြို့တာရိုးတစ်လျှောက် ချင်းတွင်းမြစ်ရေကြီးမှုကို လာရောက်ကြည့်ရှုနေသူများထံသို့ ဩဂုတ် ၁ ရက်နံနက်ပိုင်းမှစ၍ ဝေငှပေးနေကြောင်း သိရသည်။

မိုးလေဝသသတင်းကို အမြဲနားထောင်ရန်၊ ရွှေ့ပြောင်းထွက်ခွာရေးအိတ်တစ်ခုကို ပြုလုပ်ထားရန်၊ ရွှေ့ပြောင်းထွက်ခွာရေးလမ်းကြောင်းများကို လေ့ကျင့်မှတ်သားထားရန်၊ အိမ်မွေးတိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားရန်၊ နေအိမ်ကိုခိုင်ခံ့အောင် ပြင်ဆင်ထားရန်စသည်ဖြင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် သတိပြုဆောင်ရွက်ထားသင့်သည့် ကြိုတင်ပြင်ဆင်မှုများ၊ ရေကြီးနေစဉ်အချိန်တွင် ဆောင်ရွက်ရမည့်အချက်များနှင့် ရေပြန်ကျပြီးနောက် ဆောင်ရွက်ရန်အချက်များပါဝင်သော သတိပေးစာရွက်များကို ဝေငှနေခြင်းဖြစ်သည်။

ဩဂုတ် ၁ရက် ညနေပိုင်းတွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏စိုးရိမ်ရေမှတ်အထက် စင်တီမီတာ ၉၀ခန့်အထိ ရောက်ရှိနေရာ တာရိုးတစ်လျှောက်ရေစိမ့်ရေဝင်နေသောနေရာများတွင် သဲအိတ်များဖို့ခြင်း၊ တာများရိုက်ခြင်းတို့ကို ဒေသခံပြည်သူများက လုပ်အားပေး လုပ်ကိုင်နေကြသလို လုပ်အားပေးသူများအား အဟာရကုသိုလ်ပြုသူများ၊ မြစ်ရေအခြေအနေ စောင့်ကြည့်သူများဖြင့် ကမ်းလုံးညွတ်မျှ စည်ကားလျက်ရှိသည်။ လူစည်ကားနေခြင်းကြောင့် တာရိုးအန္တရာယ် စိုးရိမ်ရသည့်အတွက် တားမြစ်နေရာများပင် သတ်မှတ်ကာရံထားရသည်ကို တွေ့ရသည်။

မြစ်ရေအတက်ကြမ်းနေစဉ် တာရိုးပေါ်သို့ မကြောက်မရွံ့တက်၍ ရေတက်ကြည့်နေကြသူများကိုလည်း အတင့်မရဲကြရန် သတိပေးမှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မြန်အောင်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဂျမ်းချောင်းရေလျှံကာ ကျေးရွာအုပ်စုအချို့ရေကြီး

**မြန်အောင် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျွဲတဲကုန်းကျေးရွာအုပ်စု ဂျမ်းရွာနှင့် ဒေါင့်ကြီးကျေးရွာများအနီးမှ ဖြတ်သန်းစီးဆင်းနေသော ဂျမ်းချောင်း ရေပြည့်ရေလျှံပြီး ကျွဲတဲကုန်းကျေးရွာ အုပ်စုအတွင်းရှိ ဂျမ်းရွာ၊ လေးတူးကျေးရွာအုပ်စုရှိ လေးတူးကြီးကျေးရွာနှင့် လေးတူးလေးကျေးရွာများအတွင်းသို့ ဩဂုတ် ၁ ရက်တွင် အမြင့် ၄ ပေခန့်အထိ ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရေဝင်ရောက်မှုကြောင့် ဂျမ်းကျေးရွာရှိ အိမ်ခြေ ၇၈ လုံးအနက် အိမ်ခြေ ၂၀၊ လေးတူးကြီးကျေးရွာရှိ အိမ်ခြေ ၉၆ လုံးအနက် အိမ်ခြေ ၂၀ နှင့် လေးတူးလေးကျေးရွာရှိ အိမ်ခြေ ၈၇ လုံးအနက် ၁၆ လုံးတို့ ရေနစ်မြုပ်ခဲ့သည်။ ရေနစ်မြုပ်ပြီးနောက် ဂျမ်းရွာရှိ အိမ်ထောင်စု ၂၅ စုမှ လူဦးရေ ၆၉ ဦး၊ လေးတူးကြီးကျေးရွာရှိ အိမ်ထောင်စု ၂၀ မှ လူဦးရေ ၄၅ ဦးနှင့် လေးတူးလေးကျေးရွာရှိ အိမ်ထောင်စု ၁၆ စုမှ လူဦးရေ ၄၁ ဦးတို့မှာ နီးစပ်ရာကျေးရွာများရှိ ဆွေမျိုးများထံသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ ရေနစ်မြုပ်သည့် အိမ်ထောင်စုများပြောင်းရွှေ့ရာသို့ မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့၊ ကနောင်ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေပြည်သူများက လိုအပ်သည်များကို ကူညီခဲ့ကြကြောင်း သိရသည်။

**ဝင်းဗိုလ်**

## လယ်ယာသုံးလက်တွန်းထွန်စက်နှင့် စပ်မျိုးစပါးများထောက်ပံ့

**ဖာပွန် ဩဂုတ် ၃**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်အတွင်းမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်စပါးများကိုစိုက်ပျိုးပြီး မိုးစပါး တစ်ဧကအထွက်နှုန်းတိုးစေရေးအတွက် ရည်ရွယ်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော လယ်ယာသုံးလက်တွန်းထွန်စက်၊ မျိုးစပါးများနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဖာပွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇူလိုင် ၃၁ ရက်က ပြုလုပ်သည်။

ထောက်ပံ့ပွဲတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူးဦးဆန်းဦးက အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောလှကြည်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းနည်း၊ သိပ္ပံနည်းကျဘောင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပြီး မိုးစပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးရေးနှင့် မြေဩဇာများကို စနစ်တကျအသုံးပြုရေးတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော လက်တွန်းထွန်စက်ကို ခရိုင်အုပ်ချုပ်ရေးမှူးက မထောကျေးရွာအုပ်စု၊ ငါးအိပ်စုကျေးရွာမှ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများထံသို့ ပေးအပ်ခဲ့ပြီး ပုလဲသွယ်မျိုးသန့်စပ်မျိုးစပါးများကိုလည်းကောင်း၊ ယူရီးယားနှင့် ပုလဲဓာတ်မြေဩဇာအိတ် ၁၀၀ ကိုလည်းကောင်း တာဝန်ရှိသူများက ဒေသခံတောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ရွေးကောက်ပွဲကော်မရှင်များ တွေ့ဆုံဆွေးနွေး

**ထားဝယ် ဩဂုတ် ၃**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ CSOများ၊ မီဒီယာများနှင့် တွေ့ဆုံပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၁ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးညွန့်တင်က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ တွေ့ဆုံပွဲသို့တနင်္သာရီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ရန်ပြင်ဆင်ထား

**ငါးသိုင်းချောင်း ဩဂုတ် ၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့အနီးရှိ ငဝန်မြစ်ရေသည် ဩဂုတ် ၁ ရက်တွင် ၂၉ ဒသမ ၃၅ ပေသို့ ရောက်ရှိနေကာ အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပေးရန် အဖွဲ့အစည်းအသီးသီးမှ ကြိုတင်စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့ပေါ် ရပ်ကွက်များနှင့် ငဝန်ရေကာတာ အရှေ့ဘက်ရပ်ကွက် ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားမရှိဘဲ ပုံမှန်ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## မုံရွာ-ဟားခါး ကားလမ်းရှိ မဖေးချောင်း ရေလျော့နည်းလာ

**ဂန့်ဂေါ ဩဂုတ် ၃**

ဂန့်ဂေါမြို့နယ်တွင် တစ်ပတ်ကျော်ကြာ အဆက်မပြတ်ရွာသွန်းခဲ့သော မိုးသည် ဇူလိုင် ၃၁ ရက် ည၁၁ နာရီခန့်တွင် ရပ်တန့်သွားသဖြင့် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးကားလမ်းမကြီး၏ ဂန့်ဂေါနှင့် ဟားခါးကားလမ်းပိုင်း စိုင်ဒူးကျေးရွာအနီးရှိ မဖေးချောင်းတွင် ရေနည်းသွားပြီဖြစ်ကြောင်း သိရသည်။

ချောင်းရေနည်းသွားသော်လည်း ချောင်းအတွင်း၌ ရွှံ့နွံရည်များမှာ ထုတစ်ပေခွဲခန့်အထိ ကျန်ရှိနေသည့်အတွက် ယာဉ်ကြောပြတ်တောက်နေဆဲဖြစ်ကာ ဩဂုတ် ၁ ရက် နံနက်ပိုင်းအထိ မော်တော်ယာဉ်များ ဖြတ်သန်းနိုင်ခြင်းမရှိသေးဘဲ ဆိုင်ကယ် ဖြင့်သွားလာသည့် ခရီးသည်များမှာ အဆိုပါနေရာတွင် ခက်ခက်ခဲခဲကျော်ဖြတ်နေရသေးသည်။ အဆိုပါလမ်းပိုင်းတွင် ဖြတ်သန်းသွားလာနိုင်ရေးအတွက် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိပြီး လမ်းဦးစီးဌာန၊ မြန်မာ့မီးရထား၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ကားဖြင့်လိုက်ပါလာသည့် ခရီးသည်များအား ထမင်းထုပ်များ ဝေငှပေးလျက်ရှိသည်။

အဆိုပါလမ်းပေါ် ဂန့်ဂေါမြို့နှင့် ပုလဲမြို့ကြား ဂန့်ဂေါ-မဲလမ်းပိုင်းရှိ မဲချောင်းရေကြီးသဖြင့် နိမ့်ကျသွားသည့် မဲချောင်းကူးတံတားကိုလည်း လိုအပ်သည်များ ပြန်လည်ပြုပြင်ခဲ့ရာ ဇူလိုင် ၃၁ ရက် ညပိုင်းမှစတင်၍ ယာဉ်ငယ်များ တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။ ယာဉ်ကြီးများမှာမူ တံတားရှောင်ကွင်းလမ်းမှ ရေအနက်နှစ်ပေခွဲခန့်ရှိ ချောင်းကိုကူးဖြတ်၍ မောင်းနှင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မဖေးချောင်းနှင့် မဲချောင်းများတွင် လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်တို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(၁၀၁)**



# ချင်းတွင်းမြစ်ရေဝင်နေသော ကျေးရွာ ၁၄ ရွာအတွက် ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**ယင်းမာပင် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်း ကျေးရွာ ၁၄ ရွာ၌ ချင်းတွင်းမြစ်ရေဝင်ရောက်လျက်ရှိရာ ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်သောအကူအညီများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်တွင် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းမှစ၍ ချင်းတွင်းမြစ်ရေ မြင့်တက်လာပြီး ကျေးရွာ ၁၄ ရွာသို့ ရေများဝင်ရောက်လာခြင်းဖြစ်သည်။ ရေဝင်ရောက်နေသော ကျေးရွာများသို့ ဩဂုတ် ၁ ရက် နံနက် ၈ နာရီမှစ၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းနှင့် ကျန်းမာရေးဆရာဆရာမများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းပြီး စက်လှေများဖြင့် သွားရောက်ကြည့်ရှုခဲ့ကာ ရေဘေးကယ်ဆယ်ရေးစခန်းသုံးခုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကယ်ဆယ်ရေးစခန်းသုံးခုတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ယာယီဆေးခန်းများ ဖွင့်လှစ်ကာ စောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေဝင်ရောက်သော ယင်းမာပင်မြို့နယ်အတွင်းရှိ စုန်းကျင်းကျေးရွာအုပ်စုမှ စုန်းကျင်း(တောင်၊ လယ်၊ မြောက်)၊ မြရွှေစည်နှင့် ဘိန်းနွယ်ချောင်ကျေးရွာ၊ ကျောက်မှော်ကျေးရွာအုပ်စုမှ ကျောက်မှော်၊ နုံးရွာ၊ နှောပင်နှင့် ကျွန်းပေါ်ကျေးရွာ၊ ကန်ချောင်အုပ်စုမှ အောင်မိုး၊ လက်ခုပ်ပင်ရွာဟောင်းနှင့် လက်ခုပ်ပင်ရွာသစ်ကျေးရွာ၊ စုန်းချောင်းကျေးရွာအုပ်စုမှ စည်သူနှင့်သံဘိုကျေးရွာ၊ စုစုပေါင်းကျေးရွာ ၁၄ ရွာမှ အိမ်ထောင်စု ၆၆၆ စုတို့ ရေဘေးကြုံတွေ့နေရကြောင်းသိရသည်။

အဆိုပါအိမ်ထောင်စုများမှ စုန်းကျင်းကျေးရွာမှ အိမ်ထောင်စု လေးစုကို ရေလွတ်ရာဘုန်းတော်ကြီးကျောင်းနှင့် စုန်းကျင်း(အလက-ခွဲ)ကျောင်းတို့တွင် ပြောင်းရွှေ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ယာယီဆေးခန်း တစ်ခုဖွင့်ပေးထားကြောင်း၊ ဘိန်းနွယ်ချောင်ကျေးရွာမှ အိမ်ထောင်စု ၃၀ ကို ဘိန်းနွယ်ချောင်(အလက-ခွဲ)ကျောင်းတွင် ပြောင်းရွှေ့ထားပြီး ယာယီဆေးခန်း တစ်ခု ဖွင့်ပေးထားကြောင်း၊ ကျောက်မှော်ကျေးရွာမှ အိမ်ထောင်စုနှစ်စုကို ကျောက်မှော်ကျေးရွာခန်းမတွင် ပြောင်းရွှေ့ထားပြီး ယာယီဆေးခန်းတစ်ခုဖွင့် ပေးထားကြောင်း၊ စုစုပေါင်း အိမ်ထောင်စု ၃၆ စုမှ ကလေးနှင့်လူကြီး ၁၉၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။


ကျေးရွာတစ်ရွာတွင် ရေကြီးနေသည့်မြင်ကွင်း။

ကန်ချောင်ကျေးရွာအုပ်စုရှိ ရေဝင်ရောက်သည့် လက်ခုပ်ပင်(တောင်၊ လယ်၊ မြောက်)၊ အောင်မိုးကျေးရွာနှင့် စုန်းကျောင်းကျေးရွာအုပ်စုရှိ စုန်းချောင်း(မ)၊ သံဘိုရွာနှင့် စေသူကျေးရွာများသို့လည်း တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများအတွက် လိုအပ်သောအကူအညီများကို ဆောင်ရွက်ပေးထားသည်။

ယင်းမာပင်မြို့နယ်တွင် ဇူလိုင်လပထမအပတ်မှစတင်ကာ အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဝင်းကုန်းကျေးရွာ တောင်ကျချောင်းဖြတ်ကူးစဉ် ဒေသခံတစ်ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါသေဆုံးမှုဖြစ်စဉ်မှလွဲ၍ ယခုချင်းတွင်းမြစ်ရေကြီးမြင့်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုမရှိသေးကြောင်း သိရသည်။ အဆောက်အအုံနှင့် လမ်းတံတားများလည်း ပြိုပျက်ခြင်းလုံးဝမရှိသေးကြောင်း၊ သို့သော်လယ်ယာမြေများမှာမူ ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး ဒေသခံတောင်သူလယ်သမားများ ပျိုးထောင်ထားသော စပါးပျိုးခင်း ၂၄ ဧကနှင့် စိုက်ပျိုးထားပြီး ကွမ်း ၅ ဧကပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ထွန်းကိုကို**

# ပေါင်းတည်၌ လေဆင်နှာမောင်းတိုက်ခတ်

**ပေါင်းတည် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ပုံချီတက်ကျေးရွာအုပ်စုမှ ပုံချီတက်ရွာနှင့် သစ်ပုတ်ကျေးရွာအုပ်စုမှ မရိုးကျွန်းရွာတို့တွင် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီခန့်က လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက အကူအညီများ ပေးအပ်ထားကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပုံချီတက်ကျေးရွာတွင် သွပ်မိုးအိမ်ခုနစ်လုံး ပျက်စီးပြီး မရိုးကျွန်းကျေးရွာတွင် အိမ် ၃၈ လုံး ပြိုကျပျက်စီးကာ အိမ် ၁၂ လုံးနှင့် ဘုန်းကြီးကျောင်းတွင် အမိုးများပျက်စီးခဲ့ကြောင်း၊ သစ်ပင်များ အမြစ်မှကျွတ်ထွက်မှုများလည်းရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ၈ ဦးရှိပြီး ၎င်းတို့အနက် နှစ်ဦးမှာ မစိုးရိမ်ရဒဏ်ရာများ ရရှိသဖြင့် ပေါင်းတည်ဆေးရုံသို့ ပို့ဆောင်ကုသပေးထားကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ဌာနဆိုင်ရာများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကျေးရွာသို့ သွားရောက်ကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပြီး ဆန်များဝေငှပေးထားကြောင်းလည်း သိရသည်။

ယခုလေဆင်နှာမောင်း တိုက်ခတ်မှုမှာ ပေါင်းတည်မြို့နယ်၌ ဇူလိုင်လအတွင်း တတိယအကြိမ်တိုက်ခတ်ခြင်းဖြစ်ကြောင်းလည်း မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**


လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပြိုကျသွားသည့် အိမ်တစ်လုံး။

# ရေဝင်ရောက်သည့် အိမ်ထောင်စုများအား ဆန်များထောက်ပံ့ပေးအပ်

**ကနီ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ မြို့ပေါ်ရပ်ကွက်နှစ်ခုတွင် အနိမ့်ပိုင်းနေရာများ၌ ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းမှစတင်၍ ချင်းတွင်းမြစ်ရေများ ဝင်ရောက်ခဲ့ပြီးနောက် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ရေဝင်သော အိမ်ထောင်စုများထံသို့ တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်စီ လိုက်လံထောက်ပံ့ပေးလျက်ရှိသည်။

လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက ရေဝင်ရောက်သည့် အိမ်ထောင်စုများသို့ စက်လှေများဖြင့်သွားရောက်ကာ တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်းစီဖြင့် အိမ်ထောင်စု ၂၉၇ စုအတွက် ဆန်များကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၁၉ အုပ်စုမှ ကျေးရွာစုစုပေါင်း ၄၆ ရွာရှိ အိမ်ထောင်စု ၄၁၂၄ စုမှာ ရေများဝင်ရောက်လျက်ရှိသည်။

ရေဝင်ရောက်နေသည့် ကျေးရွာများတွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကော်မတီ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအလိုက် တာဝန်ခွဲဝေကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနီမြို့အခြေစိုက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးဦးစီးဌာန မြို့နယ်ဇလဗေဒစခန်းမှ တရားဝင်ထုတ်ပြန်ချက်အရ ကနီမြို့၌ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၂၃၃ စင်တီမီတာဖြစ်ပြီး ဩဂုတ် ၁ ရက်တွင် ၁၃၁၆ စင်တီမီတာအထိ ရောက်ရှိနေကာ စိုးရိမ်ရေမှတ်အထက် ၈၃ စင်တီမီတာအထိ ကျော်လွန်နေကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# စိတ်ကြွဆေးပြားများ စအိုအတွင်းထည့်သွင်းသယ်ဆောင်လာသူတစ်ဦး ထိုင်းနိုင်ငံ၌ ဖမ်းဆီးရမိ

**ကန်ချနဘူရီ ဩဂုတ် ၃**

စိတ်ကြွဆေးပြား(မြင်းဆေး) ၁၆၂ လုံးကို စအိုအတွင်း ထည့်သွင်း ယူဆောင်လာသော မြန်မာနိုင်ငံသားတစ်ဦး ထိုင်းနိုင်ငံ ကန်ချနဘူရီခရိုင်ရှိ စစ်ဆေးရေးဂိတ်၌ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းရတ်သတင်း၏ ဖော်ပြချက်အား ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MyanmarAssociationinThailand) မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီက မွန်ပြည်နယ် ဘုရားသုံးဆူဘက်မှ လမ်းကြောင်းအတိုင်း နောင်ကွတ်ပိုင်းခြားနယ်မြေ(၈) နောင်လူရပ်ကွက် ထိုင်းနိုင်ငံ ကန်ချနဘူရီခရိုင်ရှိ ဆန်ခလဘူလီမြို့ စစ်ဆေးရေးဂိတ်တစ်နေရာ၌ တင်အောင်(၁၇ နှစ်)သည် လိုင်စင်မပါသော ဆိုင်ကယ်တစ်စီးကို မောင်းနှင်လာရာ စစ်ဆေးရေးဂိတ်သို့အရောက်တွင် သတင်းအရ ထိုင်းရဲတပ်ဖွဲ့ဝင်များက ရှာဖွေခဲ့ကြကြောင်း၊ တရားဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းများအား မတွေ့ရှိရသော်လည်း စစ်ဆေးသော ထိုင်းရဲအရာရှိတစ်ဦးက မောင်တင်အောင်၏ အမူအရာကို မသင်္ကာသဖြင့် အသေးစိတ် ဆက်လက်ရှာဖွေခဲ့ကြောင်း၊ ၎င်းအားဝမ်းနုတ်ဆေးစားခိုင်း၍ ဆက်လက်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ စအိုဝအတွင်း စိတ်ကြွဆေး ၁၆၂ လုံးကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်အရ ဖမ်းဆီးရမိသူ တင်အောင်အား တရားဥပဒေအရ ဆက်လက်အရေး ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်ခြားစောင့်စစ်ဆေးရေးဂိတ် ထိုင်းရဲအရာရှိတစ်ဦးမှ ထိုင်းရတ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

**စိုးဝင်း(SP)**

# ၂၀၁၅ ခုနှစ် ခရီးသွားလုပ်ငန်းအလားအလာ

**ဇော်လင်းထွန်း(ဟိုတယ်/ခရီး)**

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် အကျိုးသက်ရောက်မှုများစွာရှိကြောင်း ပိုမိုသတိပြုမိလာကြသဖြင့် နိုင်ငံအတော်များများတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသောကဏ္ဍတစ်ရပ် ဖြစ်လာခဲ့သည်။ ခရီးသွားလုပ်ငန်း၏ အဓိကကျသော အကျိုးကျေးဇူးနှစ်ရပ်မှာ ဝင်ငွေရရှိမှုနှင့် အလုပ်အကိုင်နေရာများ ဖော်ထုတ်ပေးမှုဖြစ်သည်။ ဒေသများစွာ၊ နိုင်ငံများစွာတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ခရီးသွားလုပ်ငန်းသည် အရေးအကြီးဆုံး အရင်းအမြစ်အဖြစ် ရပ်တည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံအဖို့ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးအကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ရေးသည် နိုင်ငံအတွင်းလိုအပ်သောအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားဧည့်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်စွမ်းတို့အပေါ်တွင် မူတည်နေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာပြီးနောက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပြီး နိုင်ငံတကာအသိုက်အဝန်းနှင့် ချစ်ကြည်ရင်းနှီးစွာ လက်တွဲပူးပေါင်းဆက်ဆံမှုများ ပိုမိုပြုလုပ်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာခရီးသွားဧည့်သည်များအတွက် လာရောက်လည်ပတ်လေ့လာချင်စရာ ခရီးစဉ်ဒေသတစ်ခုအဖြစ်သာမက စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း ရင်းနှီးမြှုပ်နှံရန်ဒေသတစ်ခုအဖြစ် ရပ်တည်လာခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံအတွင်း စုံလင်များပြားသောယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များ၊ သမိုင်းဝင်ဘုရား၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများ၊ ပျူငှာယဉ်ကျေးဖော်ရွေသော နိုင်ငံသူနိုင်ငံသားများကို ပိုင်ဆိုင်ထားသဖြင့် နိုင်ငံတကာဧည့်သည်များအတွက် စိတ်ဝင်စားသော ခရီးစဉ်ဒေသတစ်ခုဖြစ်လာပါသည်။ ထို့ကြောင့်လည်း ကမ္ဘာကျော် Lonely Planet Traveller မဂ္ဂဇင်းမှ Lonely Planet Traveller Destination Awards 2014 တတိယ အကြိမ်မြောက်ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံအား အကောင်းဆုံး AEC နိုင်ငံ ခရီးသွားဆု(Best in Travel – AEC Country) ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် ထူးခြားမှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေအများအပြားရနိုင်ကြောင်းနှင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်များပေါ်ထွန်းစေနိုင်ကြောင်း သိရှိနားလည်သည့်အတွက် မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဦးစားပေးကဏ္ဍ၌ ထည့်သွင်းထားသည်။ ထို့အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများအားလုံးတွင် ပြည်သူများ မျှတစွာခံစားရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းမူဝါဒကို ၂၀၁၂ ခုနှစ်တွင် ချမှတ်နိုင်ခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ရှိသောဝန်ကြီးဌာနတစ်ခုဖြစ်သည့်အားလျော်စွာ "ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၂၀၁၃-၂၀၂၀" ကို ရေးဆွဲခဲ့ပြီးဖြစ်သည်။ အဆိုပါ ပင်မစီမံကိန်းတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း၏ အနာဂတ်မြင်ကွင်းကိုအခြေခံကာ မြန်မာနိုင်ငံ၏ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းမူဝါဒပါ လမ်းညွှန်ချက် (၉)ရပ်ကိုလည်း ထည့်သွင်းတွက်ချက်၍ ၂၀၁၃ မှ ၂၀၂၀ ခုနှစ်များအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ရှည်လုပ်ငန်းစီမံကိန်းများနှင့် ၂၀၁၃ မှ ၂၀၁၅ ခုနှစ်များအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်တိုလုပ်ငန်းစီမံကိန်းများကို ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည်များဝင်ရောက်မှုအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်း ဝင်ရောက်ခဲ့ပါသည်။ ယခုလက်ရှိအချိန် ၂၀၁၅ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော နိုင်ငံခြားဧည့်သည်ဦးရေသည် ၁ ဒသမ ၈ သန်းကျော် ရှိနေပြီဖြစ်ပါသည်။ ယခုကာလသည် ပုံမှန်ခရီးသွားလုပ်ငန်းအနေအထားအရ ဧည့်သည်ဝင်ရောက်မှုနည်းပါးသော မိုးတွင်းကာလဖြစ်သော်လည်း ဧည့်သည်များ တိုးတက်ဝင်ရောက်လာနေသည့်အနေအထားကို တွေ့ရသည်။ ထို့ကြောင့်လည်း ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်ငါးသန်း ဝင်ရောက်နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ "ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း" ပါ စီမံကိန်းများကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းသည်လည်း သိသာစွာတိုးတက်လာသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတစ်ခုတည်းနှင့် ဆောင်ရွက်၍မရဘဲ အခြားသော မိတ်ဖက်ဝန်ကြီးဌာနများနှင့်လည်း ဟန်ချက်ညီညီ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

မူလက ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်စသော အာဆီယံ ခြောက်နိုင်ငံမှ နိုင်ငံသားများသာ ဗီဇာလျှောက်ထားရန်မလိုဘဲ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ခဲ့ရာမှ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ပူးပေါင်း၍ E-Visa စနစ်ကို၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ကျင့်သုံးခဲ့သည်။

ယခုအခါတွင် အရှေ့တောင်အာရှနိုင်ငံများ၊ အီးယူနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၀၀ အထိ တိုးချဲ့၍ E-Visa စနစ်ဖြင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပြီး နောက်ထပ် E-Visa စနစ်ဖြင့် ထပ်တိုးခွင့်ပြုမည့် နိုင်ငံများကိုလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့အပြင်၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်ကာ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကိစ္စဖြင့်လာရောက်မည့် ဧည့်သည်များကို E-Visa လျှောက်ထားခွင့်ထပ်မံခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခြင်းတွင် လေကြောင်းဖြင့်သာမက နယ်စပ်ဝင်ပေါက်များမှ လာရောက်လည်ပတ်ခြင်းသည်လည်း အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် နယ်စပ်ထိစပ်နေသော တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်းနှင့် ထီးခီး-မူနရွှန်စသည့် နယ်စပ်ဝင်ပေါက်များကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် နိုင်ငံတကာ ဝင်ထွက်ပေါက်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ အခြားသော နယ်စပ်ဝင်ပေါက်အသစ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်လျက်ရှိခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာနိုင်မည်ဖြစ်၍ ဧည့်သည်ဝင်ရောက်မှုမှာ ယခုနှစ်တွင် လျင်မြန်စွာတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဘိုးရင်း ၇၄၇ လေယာဉ်ကြီးများဆင်းသက်နိုင်သော နိုင်ငံတကာလေဆိပ်သုံးခု အပါအဝင် လေဆိပ်ပေါင်း ၄၁ ခုရှိပါသည်။ လက်ရှိတွင် နိုင်ငံသားပိုင်လေကြောင်းလိုင်း ၉ ခု ရှိပြီး ပြည်တွင်းအဓိကခရီးစဉ်ဒေသများသို့ ပုံမှန်ပျံသန်းပြေးဆွဲပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားလေကြောင်းလိုင်း ၂၅ ခုဖြင့် ကမ္ဘာလှည့် ခရီးသည်များ ဝင်ရောက်ခဲ့ပြီး ယင်းလေကြောင်းလိုင်းတို့ကလည်း မြန်မာနိုင်ငံသို့ လာရောက်ကြသော ခရီးသည်များအတွက် ပို့ဆောင်ရေးကဏ္ဍကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။

ရန်ကုန်မြို့မှ ကီလိုမီတာ ၈၀ ခန့် ဝေးသောနေရာ၌ တစ်နှစ်လျှင် ခရီးသည် ၁၀ သန်း အနည်းဆုံး အသုံးပြုနိုင်မည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် အသစ်စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ လာမည့်ကာလများ၌ မြန်မာနိုင်ငံရှိ လေဆိပ်များတွင် တစ်နှစ်လျှင် စုစုပေါင်းခရီးသည်ဦးရေ သန်း ၂၀ အနည်းဆုံး အသုံးပြုနိုင်ရေးနှင့် တိုးတက်ရောက်ရှိလာမည့် နိုင်ငံတကာခရီးသွားဧည့်သည်များအတွက် လေဆိပ်လုံလောက်မှုရှိနိုင်ရေးတို့အတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် အပျော်စီးသင်္ဘောကြီးများဖြင့် လာရောက်လည်ပတ်လာမှုမှာလည်း ၂၀၁၁ ခုနှစ်တွင် ၃၄၅၀၊ ၂၀၁၂ ခုနှစ်တွင် ၂၉၃၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၆၄၀၈ ဦးနှင့် ၂၀၁၄ ခုနှစ်တွင် ၁၈၆၁၁ ဦး လည်ပတ်ခြင်းများဖြင့် ဧည့်သည်လာရောက်လည်ပတ်မှုများမှာလည်း တိုးတက်လာသည် ကိုတွေ့ရသည်။

ထိုကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်ဝင်ရောက်လာသည်နှင့်အမျှ လိုအပ်သောအဆောက်အအုံများကိုလည်း လိုက်လျောညီထွေစွာ တိုးတက်တည်ဆောက်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့သည်။ တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်သစ်များတည်ဆောက်ရာတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအား အားပေးသကဲ့သို့ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းလုပ်ငန်းစဉ်များကိုလည်း လွယ်ကူလျင်မြန်စေရန် ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနသည် ဟိုတယ်လုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ဧည့်လမ်းညွှန်လုပ်ငန်းစသည့် လုပ်ငန်းလိုင်စင်လေးမျိုးကို စိစစ်ထုတ်ပေးလျက်ရှိပါသည်။ အဆိုပါလိုင်စင်လေးမျိုးကို ယခင်က နေပြည်တော်တွင်သာ လိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုထုတ်ပေးခြင်းများကို လက်ခံဆောင်ရွက်ခဲ့ရာမှ ၂၀၁၄ ခုနှစ် ဩဂုတ်လမှစတင်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ရုံးခွဲများတွင်ပါ လက်ခံဆောင်ရွက်ပေးခြင်း၊ ရန်ကုန်မြို့တွင် One Stop Service ဖြင့် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်များကို လက်ခံဆောင်ရွက်ပေးခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဟိုတယ် စုစုပေါင်း ၁၁၀၆ လုံး၊ အခန်းပေါင်း ၄၃၂၄၃ ခန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဇွန်လတွင် ဟိုတယ်စုစုပေါင်း ၁၂၀၃ လုံးနှင့် အခန်းစုစုပေါင်း ၄၇၁၄၁ ခန်းအထိ တိုးတက်လာခဲ့သည်။

ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီ အရေအတွက်မှာလည်း ၂၀၁၄ ခုနှစ်တွင် ကုမ္ပဏီပေါင်း ၁၆၂၃ ခုရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဇွန်လတွင် ကုမ္ပဏီပေါင်း ၁၇၅၉ အထိ တိုးတက်ခွင့်ပြုပေးနိုင်ခဲ့သည်။

**ခရီးသွားလုပ်ငန်းနှင့်အကျိုးကျေးဇူး**

နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) ခရီးစဉ်ဒေသတစ်ခုသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လည်ပတ်လာကြသည်နှင့်အမျှ ၎င်းတို့သုံးစွဲခဲ့ကြသည့် နိုင်ငံခြားငွေကြေးများ၏စီးဆင်းမှုကြောင့် စီးပွားရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုနှင့် သွယ်ဝိုက်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာပါသည်။ အဆင့်မြင့်ဟိုတယ်ကြီးများမှ တည်းခိုခန်းများ၊ ဧည့်ရိပ်သာများအထိ၊ အဆင့်မြင့်စားသောက်ဆိုင်ကြီးများမှ လမ်းဘေးဈေးသည်များအထိ၊ လေကြောင်းလိုင်းများနှင့် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများမှ အငှားကားငယ်များ၊ ဆိုက်ကား၊ မြင်းလှည်းစသည့် အနေးယာဉ်များအထိ၊ ဧည့်လမ်းညွှန်လုပ်ငန်းများမှ ဒေသခံလက်မှုလုပ်ငန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များအထိ ဆင့်ပွားစီးပွားရေးအကျိုးကျေးဇူးများကို ရရှိနိုင်ရုံသာမက ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖန်တီးဖော်ထုတ်ပေးနိုင်သော စီးပွားရေးကဏ္ဍဖြစ်သည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်ငန်းကဏ္ဍအသီးသီးသို့ အကျိုးသက်ရောက်မှုများကို ပုံမှန်သုတေသနပြု ဖော်ထုတ်ပေးနေသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (World Travels and Tourism Council-WTTC)အနေဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၁၈၀ ကျော်ကို လေ့လာသုတေသနပြုကာ မြန်မာနိုင်ငံအပါအဝင် ပထဝီအနေအထားအရ ဆက်စပ်နေသည့် နိုင်ငံများအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် အိမ်ရှင်နိုင်ငံအပေါ် စုစုပေါင်းအကျိုးပြုနိုင်မှုအခြေအနေများကို ဖော်ပြထားသည်။

ယင်းဖော်ပြချက်တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDPသို့ တိုက်ရိုက်ဝင်ငွေစီးဆင်းမှုအခြေအနေ အဆင့်(၁၀၄) တွင်ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် အဆင့် (၉၆)သို့ ရောက်ရှိလာခဲ့ပါသည်။ ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ စုစုပေါင်းဝင်ငွေစီးဆင်းမှုအခြေအနေတွင်လည်း အဆင့်(၁၁၁)တွင်ရှိခဲ့ရာမှ အဆင့် (၉၉)သို့ ရောက်ရှိလာခဲ့ပါသည်။ ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်ရရှိမှုအခြေအနေတွင် အဆင့်(၄၀)မှ အဆင့်(၃၁)သို့ ရောက်ရှိလာခဲ့ပါသည်။ ခရီးသွားလုပ်ငန်းမှ စုစုပေါင်းအလုပ်အကိုင်ရရှိမှု အခြေအနေတွင်လည်း ၂၀၁၃ ခုနှစ်တွင် အဆင့်(၃၈) ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် အဆင့်(၃၅)သို့ ရောက်ရှိလာခဲ့ပါသည်။

၎င်းအပြင် ခရီးသွားလုပ်ငန်းထုတ်ကုန်များမှရရှိသော ငွေပမာဏ အခြေအနေတွင် ၂၀၁၃ခုနှစ်တွင် အဆင့်(၁၂၅)တွင်ရှိခဲ့ရာမှ ၂၀၁၄ခုနှစ်တွင် အဆင့် (၁၀၁)သို့ ရောက်ရှိလာခဲ့ပါသည်။

**၂၀၁၅ခုနှစ် နှင့်ခရီးသွားလုပ်ငန်းအလားအလာ**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်ဖော်ဆောင်လျက်ရှိပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်ကိုခံယူကာ တာဝန်သိခရီးသွားလုပ်ငန်းတစ်ရပ် စည်းကမ်းတကျဖွံ့ဖြိုးတိုးတက်လာစေရန် မိတ်ဖက်ဝန်ကြီးဌာနများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုသည် ၂၀၁၃ ခုနှစ်ထက် ၂၀၁၄ ခုနှစ်တွင် ရာခိုင်နှုန်းအားဖြင့် ၅၁ ရာခိုင်နှုန်းကျော် တိုးတက်ဝင်ရောက်ခဲ့သည်။ ယခု ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လွယ်ကူအဆင်ပြေစွာ ဝင်ရောက်လည်ပတ်နိုင်ရေးအတွက် လိုအပ်သောအစီအမံများကို တိုးမြှင့်ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် ထပ်မံ၍ဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်နေသည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုရာခိုင်နှုန်းယမန်နှစ်ကထက် တိုးတက်မှုရှိလာမည်ဖြစ်ပြီး စုစုပေါင်းကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ငါးသန်းအထိ ရောက်ရှိလိမ့်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ရေကြီးသည့်ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး



**ကျွန်းလှ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ရပ်ကွက်ကျေးရွာများမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်ကုန်းကျေးရွာ၌ ဩဂုတ် ၁ ရက်က ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်ခဲ့သည့် ပိတောက်မြိုင်၊ သစ်ရာမြိုင်၊ ပျဉ်းမမြိုင်၊ အင်ကြင်းမြိုင်ရပ်ကွက်များနှင့် ရှမ်းစု၊ တပ်ကုန်း၊ မကျီးအင်းကျေးရွာများမှ ပြည်သူများအား Unicef က ထောက်ပံ့ပေးသော သောက်ရေသန့်ဆေးထုပ်များ ဖြန့်ဝေပေးခြင်း၊ ရေတွင်းရေကန်များတွင် ကလိုရင်း ဆေးခတ်ခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ခြင်ဆေးဖျန်းခြင်း၊ သောက်ရေသန့်ရရှိအောင် ဆောင်ရွက်ပေးခြင်းများကြောင့် ရေကြီးမှုနောက်ပိုင်းတွင် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောအပါအဝင် နောက်ဆက်တွဲရောဂါများမှ ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# Miss Myanmar International 2015 အလှမယ်ပြိုင်ပွဲအတွက် ဆန်ခါတင်အလှမယ် ၂၀ ဦးအား အပြီးသတ်ရွေးချယ်




**ရန်ကုန် ဩဂုတ် ၃**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာနိုင်ငံအကြောင်းကို နိုင်ငံတကာအလယ်တွင် ပိုမိုသိရှိလာစေရန်အတွက် ရည်ရွယ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် Miss Myanmar International 2015 အလှမယ်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင် ၂၀ ဦးအား ရွေးချယ်ကာ ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ သိရှိရသည်။

ရွေးချယ်ထားသည့် အလှမယ် ၂၀ ဦးအား စာနယ်ဇင်းမိတ်ဆက်ခြင်းအခမ်း အနားနှင့် ပြိုင်ပွဲအတွက် အကူအညီပေးအပ်မည့်သူများနှင့် သဘောတူညီမှု စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ရန်ကုန်မြို့ အင်လျားလိတ်ဟိုတယ်တွင် ဩဂုတ် ၁ ရက်က ကျင်းပသည်။

လာရောက်လျှောက်ထားသည့် အလှမယ်များအနက်မှ အလှမယ် ၂၀ ဦးခန့်အား အလှအပ၊ အထွေထွေဗဟုသုတ၊ ဘာသာစကားကျွမ်းကျင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ စစ်ဆေးမှုများကို သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ပညာရှင်များက ဇူလိုင် ၂၀ ရက်က စင်ထရယ်ဟိုတယ်တွင် ရွေးချယ်ပေးခဲ့ကြပြီး ရွေးချယ်ထားသည့် အလှမယ် ၂၀ ဦးအားနိုင်ငံတကာအဆင့်မီ အလှမယ်များအဖြစ် ယှဉ်ပြိုင်နိုင်ရန် တစ်လခန့်စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း Miss Myanmar International 2015 ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်မာမြင့်ကပြောကြားသည်။

"မြန်မာ့ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ဖို့အတွက် အဓိကထားရည်ရွယ် ကျင်းပခြင်းဖြစ်ပါတယ်။ အလှမယ်လေးတွေရဲ့ တင်ဆက်မှုနဲ့ ထုတ်ဖော်ပြသမှုတွေကနေ မြန်မာနိုင်ငံရဲ့ ရေမြေသဘာဝ၊ ရိုးရာဓလေ့စရိုက်နဲ့ ယဉ်ကျေးမှုတွေကို နိုင်ငံတကာက အလွယ်ကူဆုံးသိရှိနိုင်ဖို့အတွက် လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အလှမယ်တွေအနေနဲ့ မကွေးတိုင်းဒေသကြီးအတွင်းက ရေဘေးကယ်ဆယ်ရေးစခန်းတွေကို ဩဂုတ် ၁၄ ရက်မှာ စတင်သွားရောက်ကူညီပေးဖို့ ရှိပါတယ်။ ဒါ့အပြင် ပုဂံ၊ ညောင်ဦးကို သွားပြီး အပတ်စဉ်တိုင်း လှုပ်ရှားနေတဲ့ ပလတ်စတစ် ကမ်ပိန်းမှာ ဝင်ရောက်ပါဝင်လှုပ်ရှားမယ့်အပြင် နေပြည်တော်မှာလည်း မူလတန်းကျောင်းလေးတွေနဲ့ အခြားပရဟိတလုပ်ငန်းတွေကို တွဲဖက်ဆောင်ရွက်ဖို့ လျာထားပါတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးခင်အောင်ထွန်းက ပြောကြားသည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ်လေးများအား Talent and Models မှ ဒေါ်တင်မိုးလွင်က အနီးကပ်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး အလှမယ်များအား စိတ်ခတ်ပိုင်းဆိုင်ရာ၊ စည်းကမ်းလိုက်နာမှုဆိုင်ရာနှင့် မော်ဒယ်လ်ပညာ ရပ်ဆိုင်ရာများကို အချိန်တိုအတွင်း သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

Miss Myanmar International 2015 အလှမယ်ပြိုင်ပွဲကြီးကို လာမည့် ဩဂုတ် ၃၀ရက်တွင် အမျိုးသားပြဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး Miss Myanmar International 2015 ဆုအပါအဝင် အခြားဆုသေးများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ခုနှစ်မှစတင်၍ Miss Myanmar International အလှမယ်များကို ရွေးချယ်ကာ နိုင်ငံတကာ Miss International ပြိုင်ပွဲများကို သွားရောက် ယှဉ်ပြိုင်စေခဲ့ကြောင်းနှင့် ၂၀၁၂ ခုနှစ်တွင် နန်းခင်ဇေယျာ၊ ၂၀၁၃ ခုနှစ်တွင် ဂုဏ်ရည်အေးကျော်နှင့် ၂၀၁၄ ခုနှစ်တွင် မေဘရဏီသော်တို့ကို စေလွှတ် ရွေးချယ်ခဲ့ဖူးကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အင်္ဂပူမြို့နယ်အတွင်းရှိ တာတမံများကို ပြည်သူများ ဝိုင်းဝန်းစောင့်ရှောက်လျက်ရှိ

**အင်္ဂပူ ဩဂုတ် ၃**

အင်္ဂပူမြို့နယ်အတွင်းရှိ တာတမံ(ရေကာတာ)များကို ဝေန်မြစ်ရေတိုက်စားခြင်းနှင့် ပြိုကျပျက်စီးခြင်းများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီမံလမ်းညွှန်မှုဖြင့် ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ ပူးပေါင်းပြီး ရေကင်းများချထားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဝေန်မြစ်ကမ်းနှင့်နီးကပ်နေသော အင်္ဂပူ-ညောင်ကျိုး (အမြိုင်းရေကာတာ)ကို ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ရေကာတာအနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများပူးပေါင်းပြီး ရေကင်းချစောင့်ကြည့်လျက်ရှိကာ ရေကာတာ၏ လိုအပ်သောနေရာများတွင် ပြုပြင်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်များ ဆိုးရွားစွာကျရောက်မှုမရှိကြောင်း သိရသည်။

**မန်းကျော်(အင်္ဂပူ)**

## ရေဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြော

**ဆင်ပေါင်ဝဲ ဩဂုတ် ၃**

ဆင်ပေါင်ဝဲမြို့နယ် ကျွန်းကျေးရွာအုပ်စုအတွင်းရှိ ကျွန်းကျေးရွာ(အရှေ့စု)နှင့် (အလယ်စု)ကျေးရွာများတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၁ရက်က ကျင်းပခဲ့သည်။

ကျွန်းကျေးရွာ(အရှေ့စု)(အလယ်စု)နှင့် (အနောက်စု)များတွင် လေးပေခန့်အထိ ရေဝင်နစ်မြုပ်နေမှုကြောင့် (အရှေ့စု)၌ အိမ်ခြေ ၂၁ လုံး (အလယ်စု)၌ အိမ်ခြေလေးလုံးနှင့် (အနောက်စု)၌ အိမ်ခြေ ၂၄ လုံးမှ လူနှင့် တိရစ္ဆာန်များ ရွှေ့ပြောင်းနေရကြောင်း သိရသည်။ ပြောင်းရွှေ့နေထိုင်ရသော မိသားစုများမှ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၊ တိရစ္ဆာန်များကို ရေဘေးကင်းလွတ်ရာသို့ အမြန်ပြောင်းရွှေ့ထားရန် ဆွေးနွေးကြပြီး မြစ်ရေကြီးမှုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော ကလေး၊ ကန့်ဘလူ၊ ပွင့်ဖြူ၊ စစ်ကိုင်းမြို့နယ်များတွင် ကြုံတွေ့နေရသည့် ရေဘေးအခြေအနေများနှင့် ရေဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ရမည့် အချက်များကို တာဝန်ရှိသူများက ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မြစ်ရေကြီးမှု အခြေအနေအပေါ် မူတည်ပြီး ကျွန်းအရှေ့စုနှင့် အလယ်စုကျေးရွာများရှိ လူနှင့် တိရစ္ဆာန်များအား မော်တော်ရေယာဉ်များဖြင့် ဆင်ပေါင်ဝဲမြို့သို့လည်းကောင်း၊ ကျွန်းအနောက်စုရှိ ရေနစ်မြုပ်သည့် လူနှင့် တိရစ္ဆာန်များအား ကပစ(၁၃) ဇက်ရေယာဉ်အကူအညီဖြင့် အင်းလတ်ကျေးရွာနှင့် ထူးပေါက်ကျေးရွာများသို့လည်း ပြောင်းရွှေ့ပေးရေးတို့ကိုလည်း မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၏ အစီအမံဖြင့် ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**


ဆောက်လုပ်ရေး အင်ဂျင်နီယာ အလိုရှိသည်

* ဆောက်လုပ်ရေးမြို့ပြအင်ဂျင်နီယာ ကျား(၅)ဦး

လုပ်ငန်းကျွမ်းကျင်ရမည် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်အထက်ရှိရမည်
(AGTI Civil၊ B.Tech Civil၊ B.E Civil)
အသက်(၃၅)နှစ်အောက် ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာပါရမည်
နံနက်(၉း၀၀)နာရီမှညနေ(၅း၀၀)နာရီထိ တနင်္လာနေ့မှ စနေနေ့အတွင်း ဆက်သွယ်ရန်
ဆက်သွယ်ရန်လိပ်စာ - အမှတ် -၂၀၁၊ ရွှေဘုံသာလမ်း(အလယ်)၊ ပ-ထပ်(ယာ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁-၂၄၂၂၇၇၊ ၀၁-၃၇၃၅၀၉၊ ၀၉-၅၀၃၀၂၀၀၊ ၀၉-၇၉၅၀၃၀၂၀၀

ပညာဒါနအလှပြင်သင်တန်းကျောင်း
(Since 2002)

၁။ မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သည့် ကုသိုလ်ဖြစ် ပညာဒါနသင်တန်းကျောင်းဖြစ်ပါသည်။ (ဆိုင်ခွဲလုံးဝမရှိပါ)။ အချိန်ကာလ(၂)လတိတိသင်ကြားပေးပါသည်။ သင်ထောက်ကူပစ္စည်းများဝယ်စရာမလိုပါ။ သင်တန်းကျောင်းသီးသန့်ဖြစ်သောကြောင့် သင်တန်းသားများ၏ လိုအပ်ချက်များကို အချိန်ပြည့်ဖြည့်ဆည်းပေးနိုင်ပါသည်။

* ညှပ်နည်းအမျိုးမျိုး Digital ကောက်နှင့်ကောက်နည်းမျိုးစုံ၊ ဖြောင့်ခြင်း၊ မျက်နှာ၊ ဆံပင် Spa-ကျစ်ဆံမြီး၊ ပွဲထိုင်ဆံထုံးများ၊ Body Art အခြားဘာသာရပ်၊ ဘာသာစုံ၊ မိတ်ကပ်၊ ဆံထုံး၊ လက်သည်းပန်းချီ၊ လက်သည်းနှင့်ပတ်သက်သောပညာရပ်များအားလုံး၊ 3D၊ ဖောင်းကြွမျက်တောင်စိုက်ခြင်း၊ ထိုင်းရိုးရာအကြောပိုင်းဆိုင်ရာပညာရပ်နှင့် အဆီချခြင်း၊ ပညာဒါနဖြင့် (၁သိန်းကျပ်)။ ဂျပန်နိုင်ငံနှင့် ယိုးဒယားနိုင်ငံများသို့ သွားရောက်၍ အလှပြင်သင်တန်းတက်ရောက်ခွင့်ကို ဆောင်ရွက်ပေးသည်။ ဆိုင်ဖွင့်၊ အလုပ်လုပ်သူများနှင့် အဆောင်နေသူများအတွက် ဆောင်ရွက်ပေးသည်။ အမျိုးသမီးသီးသန့်အလုပ်အကိုင်ရှာပေးသည်။ ဂျပန်နိုင်ငံတွင် ဇူလိုင်လမှစ၍ထွက်ရှိလာသော (Lumi Deco Nail) လက်သဲမီးလင်းခြင်းပညာရပ်များကို သင်ကြားနိုင်ပါသည်။ တစ်ဦးတည်းသီးသန့်သင်တန်းများ။ နယ်မှလာသူများအတွက် (၁)လအပြတ်သင်တန်းများစီစဉ်ပေးသည်။

BONNY CARE (သင်တန်းကျောင်း) အမှတ် (B/12)၊ မြေညီထပ်၊ အနော်ရထာအိမ်ရာဝင်း၊ လှည်းတန်းမှတ်တိုင်နောက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 09-5175088,09-421057760, 09-5039831

တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်
UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ

ပညာရေး ဆွေးနွေးပွဲ

◆ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း၊
◆ နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ၊
◆ မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ၊

*(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင် အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။*

ဟောပြောမည့်သူ ..... ဦးဝင်းထိန်ဝင်း (GUSTO International College)
နေ့ရက် ..... ၆.၈.၂၀၁၅ (ကြာသပတေးနေ့)
အချိန် ..... နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ
နေရာ ..... Sule Shangri - La Hotel (တောင်ငူခန်းမ)

လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေး (အခမဲ့) တက်ရောက်ပါရန်
Call Now : 09 8628806, 09 73031302,01 504632

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
# တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစာရေးကိရိယာပစ္စည်း (၂၂)မျိုးအား ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၃-၈-၂၀၁၅ ရက်မှစ၍ ၁၇-၈-၂၀၁၅ ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစား၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင်ငွေကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပြီး ၁၇-၈-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁) ဖုန်း-၀၆၇-၄၃၁၀၄၂နှင့် ၀၆၇-၄၃၁၀၂၇တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

## ကယားပြည်နယ်(အရပ်ပ)မွောရုံ
## တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း
# ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ကယားပြည်နယ် (အရပ်ပ)မွောရုံကြီးတွင် တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကယားပြည်နယ်သူ/ပြည်နယ်သားများ၊ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ကျောင်းသူကျောင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်
၉-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့)

**အချိန်** - ၀၉း၃၀ နာရီ၊ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် တရားတော်နာယူခြင်း၊
၁၀း၃၀ နာရီ၊ ဆွမ်းဆက်ကပ်ခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်း

(သင်္ကန်းတစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ကိုယ်တိုင်လှူဒါန်းနိုင်ရန် စီစဉ်ထားပါသည်။)

**ဂေါပကအဖွဲ့**

## ချစ်မြေးလေး
## ရွှေပြည့်ဖြိုးမောင်(ခ)MORRIS
## အတွက်
# (၄)နှစ်ပြည့်
## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၄-၈-၂၀၁၅ ရက်တွင် ကျရောက်သော ချစ်မြေးလေး ရွှေပြည့်ဖြိုးမောင်(ခ)MORRIS ရဲ့ (၄)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်းရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာနှင့် ထူးချွန်ထက်မြက်လိမ္မာသော သားလေးဖြစ်ရပါစေကြောင်း

ချစ်ဘိုးဘိုး - ချစ်ဘွားဘွား
ဦးမန်းစိမ်း - ဒေါ်စိန်စိန်ဝင်း

ချစ်ဘကြီး ကိုဝေဖြိုးအောင်-မကြည်ကြည်အောင်


**တောင်ပြုံးပွဲသို့ ရွှေကြေးစည်**

▲ချိုးရေသုံးပွဲ၊ ညအိပ်ခွဲ၍၊ တောင်ပြုံးပွဲ သီးသန့် နှင့် မန္တလေး၊ ကျောက်စိမ်းဘုရား
▲တောင်ပြုံးပွဲနှင့် တန်ခိုးကြီးဘုရားစုံဖူးခရီးစဉ်များ (ထမင်းကျွေး-စရိတ်ငြိမ်း) လက်မှတ်များဝယ်ယူနိုင်ပါပြီ။ ဩဂုတ်လ ၂၁/၂၄ ထွက်မည်
▲ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ။ ဆက်၍ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနံ့(အပတ်စဉ်-သောကြာ)
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191

**technoland**
the electronic expert
Computer, Mobile, Tablet & Accessories Sales
ONLINE SHOPPING
https://www.facebook.com/Technoland
ကွန်ပျူတာ၊ မိုလ်ဘိုင်းနှင့် ဆက်စပ်ပစ္စည်းများအား
Facebook မှငှင်း၊ ဖုန်းဖြင့်သော်ငှင်း မှာယူပါက
အိမ်တိုင်ရာရောက် ပို့ဆောင်ပေးနေပါသည်။
Customer Hotline
09-970035101~10


# ဖိတ်ကြားခြင်း

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံခရိုင် ကုသိနာရုံမြို့ ကုသိနာရုံ မြန်မာ့ကျောင်း ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ ကျင်းပပြုလုပ်ပွဲအတွက် မြန်မာနိုင်ငံရှိ ဆရာတော်၏ တပည့်များ၊ ဒါယကာ ဒါယိကာမများ လှူဒါန်းမှုအစုစုတို့အတွက် ကုသိနာရုံဆရာတော်ကြီးမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်ပါ၍ အလှူရှင်တပည့်များ၊ ဒါယကာ ဒါယိကာမများ လှူဒါန်းလိုသော ဒါယကာ ဒါယိကာမများအား လေးစားစွာဖြင့် အသိပေး ဖိတ်ကြားအပ်ပါသည်။

## အခမ်းအနားအစီအစဉ်

**ကျင်းပမည့်ရက်။** ။ ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ ၉-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်။** ။ မွန်းလွဲ ၂ နာရီတိတိ
**ကျင်းပမည့်နေရာ။** ။ ရခိုင်ပြည်နယ်မွောရုံ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဆက်သွယ်ရန်။** ။ ဦးဦးစောသိန်း ဖုန်း-၀၉-၅၀၀၁၃၀၁
ဦးဝင်းမောင် ဖုန်း-၀၉-၇၃၀၀၁၄၄၇
ဦးမောင်မောင်မြင့် ဖုန်း-၀၉-၅၁၆၄၆၆၄


**NEW MOTION** TRAVELS & TOURS
Escape From Everyday Life...

သီရိလင်္ကာ Aug 25-31
မြတ်စွယ်တော်ပူဇော်ပွဲ
(ကိုလံဘို-အနုရာဓပူရ-ပေါလောနရုဝ-ကန္ဒီ)
Thai Airways ဖြင့် သွားရောက်ပြီး
4 Star ဟိုတယ်များတွင် တည်းခိုကာ ကြံ့တောင့်ကြံ့ခဲ
စွယ်တော်လှည့်လည်ပွဲအား အထူးတန်းထိုင်ခုံမှ
ကြည်နူးဝမ်းသာစွာ ဖူးမြော်နိုင်မည့် ခရီးစဉ်

အမေရိကား Oct-28
အင်္ဂလန်-စပိန် Sep-07
ဗန်ကောက် Aug-12,Sep-23
ဥရောပ Sep-14
စင်္ကာပူ Aug-20,Sep-25
စကန်ဒီနေဗီးယား Sep-10

No.15, First Floor, Kyun Taw Rd, Sanchaung Tsp, Yangon. Ph; 01 523253, 508124, 09 73148933~44~55~66


**C B BANK**

## မေတ္တာရပ်ခံ ပန်ကြားခြင်း

CB Bankနှင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်လျက်ရှိသော Customer များအား ကျေးဇူးအထူးတင်ရှိပါသည်။ CB Bank၏ ATMနှင့် ဆက်စပ်စနစ်များကို ပိုမိုလုံခြုံ၊ စိတ်ချ၊ လွယ်ကူ၊ လျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ပါ၍ (၇.၈.၂၀၁၅) သောကြာနေ့ည (၁၁း၀၀)နာရီမှစတင်ပြီး တနင်္လာနေ့နံနက် (၆း၀၀)အထိ CB Bank ATM နှင့် POS Terminal များ အပါအဝင် CB Bank မှ ထုတ်ဝေထားပြီးသော MPU ATM Card များ၏ ဝန်ဆောင်မှုအားလုံး အသုံးပြု၍ မရနိုင်ပါကြောင်း CB Bank မှ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ လိုအပ်ပါက ဖုန်းနံပါတ် ၀၉၂၆၂၁၀၈၈၀၃၊ ၀၉၂၆၂၁၀၈၈၀၄၊ ၀၉၂၆၂၁၀၈၈၀၅၊ ၀၉၂၆၂၁၀၈၈၀၆၊ ၀၉၂၆၂၁၀၈၈၀၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



# ဦးရဲဝေ [မြန်မာစာ]
## ပညာ့ကြယ်ပွင့်စာစီစာကုံးများ
## (အခြေခံပညာမူလတန်းအဆင့်)

ထွက်နေပါပြီ

မူလတန်း ကျောင်းသူကျောင်းသားများ စာစီစာကုံးရေးသားရာတွင် နမူနာယူနိုင်ရုံမျှမက အလယ်တန်းကျောင်းသူကျောင်းသားများ၊ အထက်တန်း ကျောင်းသူကျောင်းသားများကလည်း ဖတ်ရှုလေ့လာကာ ကူညီလမ်းပြနိုင်သည့်ပြင် မိဘများကပါ ဖတ်ရှုလေ့လာပြီး သားသမီးငယ်များကို အရေးအသားစွမ်းရည် မြင့်မားလာစေရန် လမ်းညွှန်နည်းပြကူမနိုင်သော စာအုပ်ကောင်းတစ်အုပ် -

ဦးရဲဝေ(မြန်မာစာ)၏ ၈ တန်းသင်ရိုးကုန်၊ ၉ တန်းသင်ရိုးကုန်၊ ၁၀ တန်း သင်ရိုးကုန်လေ့လာချက်များအပြင် .... ပညာ့ကြယ်ပွင့် စာစီစာကုံး(အစိမ်းရောင်)၊ (အပြာရောင်)၊ (ပန်းရောင်)၊ အလယ်တန်းစာစီစာကုံး၊ အောင်ပွဲဝင်စာစီစာကုံး၊ စာစီစာကုံးအရေးအသား၊ မြန်မာစကားနှင့် မှားတတ်သောသတ်ပုံ စာအုပ်များလည်း ထွက်ရှိနေပါသည်။

**ဖြန့်ချိရေး** | **စံပယ်ပွင့်စာပေ** - အမှတ် ၇၄၊ စံပယ်ခြံ ၃ လမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ **နဂါးစာပေ** - မန္တလေးမြို့။

# ပညာရေးအဆင့်အတန်းမြင့်မားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးသည် အရေးကြီး

စာမျက်နှာ-၈

# ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းမှ နေအိမ်များသို့ ပြန်လည်ရောက်ရှိ



**မင်းဘူး ဩဂုတ် ၄**

ပွင့်ဖြူမြို့သို့ မင်းဘူး(စကု)ဘက်မှ လာရာတွင် ကုလားကုန်းရွာ သံပေါင်း ပွင့်ဖြူမြို့အဝင် ဆိုင်းဘုတ်အနီး၌ ရေတစ်ပေခန့်သာရှိတော့သဖြင့်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ခြေကျင်လျှောက်သူများ မြို့တွင်းရှိ မိမိတို့နေအိမ်များသို့ ကယ်ဆယ်ရေးစခန်းများမှ ပြန်သွားနေကြသည်ကို ဩဂုတ် ၃ ရက်က တွေ့ရသည်။

ထို့ပြင် မြန်မာ့ဆက်သွယ်ရေး GSM ဖုန်းလိုင်းများလည်း ဩဂုတ် ၂ရက် ညနေက စတင်၍ ဆက်သွယ်ပြောကြားနိုင်ပြီဖြစ်သည်။ ဌာနဆိုင်ရာများမှ ရုံးဝန်ထမ်းများလည်း ပြန်လည်ရောက်ရှိကြပြီး မိမိတို့ရုံးဌာနများအတွင်း သန့်ရှင်းရေးများ စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြေနိမ့်ပိုင်းရှိနေရာများမှ ရေများကို မီးသတ်ဝန်ထမ်းများက ရေစုပ်စက်များဖြင့် စုပ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းငွေး(မင်းဘူး)**

# ဆန်စျေးနှုန်းထိန်းညှိရန် လိုအပ်သလောက်ရောင်းပေးမည်ဟု ဆန်စပါးအသင်းချုပ်တာဝန်ခံ ပြောကြား

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-MRF**



**နေပြည်တော် ဩဂုတ် ၃**

ရေဘေးသင့်ဒေသများ၌ ဆန်စျေးများ အဆမတန်ကြီးမြင့်နေမှုနှင့် ဆန်ပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဆန်လိုအပ်သလောက် ထုတ်ရောင်းပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

"ဆန်စျေးတွေက ရေဘေးသင့်ဒေသတွေမှာ တစ်အိတ်ကို သိန်းဂဏန်းအထိ ရောက်သွားတယ်ဆိုတဲ့ အသံတွေ ထွက်လာပါတယ်။ ဒါကြောင့် ဆန်လိုအပ်သလောက်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ရောင်းချပေးမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောကြားသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✱

# ကမ္ဘာ့နိုင်ငံပေါင်းစုံ ဝူရှူးပြိုင်ပွဲတွင် မြန်မာရွှေငါးခုဆွတ်ခူးရရှိ

**သတင်း-အေးကေလင်း ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၃**

စင်ကာပူနိုင်ငံ၌ ဩဂုတ် ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံပေါင်းစုံချစ်ကြည်ရေးဝူရှူးပြိုင်ပွဲ၌ မြန်မာဝူရှူးအားကစားသမားများသွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေငါးခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အကြီးတန်းနန်းချွမ်၊ နန်းကွန့်ပြိုင်ပွဲ၌ သိန်းသန်းဦးက ရွှေနှစ်ခု၊ အငယ်တန်းနန်းချွမ်၊ နန်းကွန့်ပြိုင်ပွဲ၌ ရဲရင့်သိုက်ထွန်းက ရွှေနှစ်ခု၊ ချန်းစုပြိုင်ပွဲတွင် ဇော်မင်းဟန်က ရွှေတစ်ခု အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ထိုပြိုင်ပွဲ၌ နိုင်ငံပေါင်း ၃၃ နိုင်ငံမှ အားကစားသမား ၁၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အုပ်ချုပ်သူ တပ်မတော်ကိုယ်ခံပညာအားကစားသိပ္ပံ ဒုတိယကျောင်းအုပ်ကြီး၊ တပ်မတော်ဝူရှူးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းနှင့် မြန်မာအားကစားအဖွဲ့သည် ဩဂုတ် ၃ ရက် ညနေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ အမှုဆောင်များ၊ အားကစားသမားများက ကြိုဆိုခဲ့ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၆* ❐




MOSAWAY
MOSQUITO REPELLENT PATCH

မော့(စ်)အဝေး ခြင် -မလာစေတောကာပြား



ခြင်ကိုက်ခြင်းကြောင့် ဖြစ်သော သွေးလွန်တုပ်ကွေးရောဂါ နှင့် ငှက်ဖျားရောဂါကို မော့(စ်)အဝေး ဖြင့် ကာကွယ်ပါ။

- မော့(စ်)အဝေးသည် သစ်ပင်များမှ သဘာဝထွက်အဆီတစ်မျိုးဖြစ်သော Citronella Oil ဖြင့် ပြုလုပ်ထားပြီး လူခန္ဓာအား ဘေးဥပါဒ် ဖြစ်စေမည့် ဓာတုပစ္စည်းများ(လုံးဝ)ကင်းစင်ပါသည်။
- မော့(စ်)အဝေးအား ကိုယ်ခန္ဓာတွင်မဟုတ်ဘဲ သင်၏ ခုတင် ၊စားပွဲ၊ အိတ် (သို့) ဘောင်းဘီ အဝတ်အစားများပေါ်တွင်ကပ်ထားခြင်းဖြင့် ဘေးဥပါဒ် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ပါသည်။
- နောက်ဆုံးပေါ် ခေတ်မီနည်းပညာအသုံးပြုထားသောကြောင့် မော့(စ်)အဝေး ခြင်မလာစေတောကာပြားတစ်ပြားသည် (၁၂)နာရီကြာသည် အထိ ကြာရှည်အစွမ်းထက်ပါသည်။
- ခရီးထွက်သောအခါ၌လည်းကောင်း၊ အလည်အပတ် အပျော်သွားရာ၌လည်းကောင်း၊ ဤခြင်မလာစေတောကာပြားအား ကပ်ထားခြင်းဖြင့် ခြင်နှင့် အခြားအင်းဆက်ပိုးမွှားကောင်များရန်မှ ကင်းဝေးစေပါသည်။


mmalin.npt @ gmail.com
www.facebook.com/MYANMAALINNNEWS